ကျွန်တော်ပြတ်သန်းခဲ့သော

ကလေးဘဝ

ပေါ်ဦးသစ်

ဘဝတွင် – ဝရဇ္ဇနီ

ပန်းလေးတကြည်သိမ်း ဝတ်ဆင်ခဲ့ဘဲများ

ဘဝတွင် – ဝေဘဲဇ္ဇနီ ငယ်ဖြည်းဖြည်းများများ

ဘဝဌာ ဇွန်ဇီမှာတော့

ငယ်ဖြည်းဖြည်းများ အသန်းနှစ်ဆယ် ဇွင်ဇွ

ကျွန်တော်ဒို့ဝေးခြေ

အသန်းတစ်သန်းပြည့် အတွက်ရောနှင့်

တောင်းတစ်ခုကြွတ်ဖါတယ်။

ဘဝတွင် ဇွန်ဇီဇွဇြင်း ငယ်ဇွတ်ဖယ်သို့ရင်တော့

နှစ်ပေါင်း ၂၀ နီးပါး ဂိုဒုံပြီး

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ က

တတ္တသိုလ်ပတ်ဝန်းကျင်မှာ

လူငယ်တွဲရဲ့ပေါင်းသင်းဆက်ဆံရေး၊

သွန်ပြောင်းဝေတွေနဲ့ ဒဲစားပွဲ၊

လူငယ်ဘဝနဲ့ အပြောင်းသဘာဝတရားဝိတ

အစဉ်အဆက်တွေနဲ့ ပတ်သက်တဲ့

ငယ်ရည်ပိုင်ရွှင်ဖွတ်ဝိသည်း

ဒီစာအုပ်ကို ဖတ်ပြီး ဘဲ့ဖွန်းဒိုင်ဖွတ်ပါ။

Lay Phyu (Vocalist)

©2000 Iron Cross

ပြန်စဉ်းစားကြည့်သောအခါ တရုတ်သိုလ်ရောက်စ နေ့ရက်များနှင့်ပတ်သက်သော အကြောင်းအရာများကို ဂဃနဏ မမှတ်မိတော့။

မန္တလေးတက္ကသိုလ်တွင် တစ်နှစ်ပေးက် စောရောက်နေသည့် အစ်ကို ဖြစ်သူက "ငုံညီ မင်း အိမ်ရဆောင် နေခွင့်ရတယ်၊ ရတနာပုံဆောင် B-7 မှာ" ဟုပြောတော့ မိဘများ ငွေကုန်ကြေးကျသက်သာမည်အခြေအနေမှ တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့်အတွက် ဝမ်းသာမိသည်။

အဆောင်နေခွင့်ရသော ကျောင်းသားတစ်ယောက်၏အခွင့်အရေးများမှာ တစ်လလျှင် အဆောင်နေစရိတ် တစ်ရာ့နှစ်ဆယ်ကျပ်ပေးရုံဖြင့် အဆောင်ပုံကွန်သော ထမင်းဟင်း (၂)နပ်၊ အဆောင်နေခွင့်၊ ရေ၊ မီးသုံးစွဲခွင့်များအား မူလအခွင့်အရေးအဖြစ် ခံစားရပါသည်။

အဆောင်တွင် အားကစားလုပ်ရန် Paralle Bar ရှိသည်၊ သံကွင်းဆွဲနိုင်သည်၊ အလေးမခန်း ရှိသည်၊ ည့ဲခန်းတွင် Television ရှိသည်၊ အဆောင်စာကြည့်တိုက်ရှိသည်။ အပြင်ဆောင်ကျောင်းသားများ မတွေ့ကြုံနိုင်သည့် အစိုးရဆောင်ကျောင်းသားများသာတွေ့ကြုံနိုင်သော အခြေအနေများလည်း ရှိပါသည်။ ၎င်းတို့မှာ အခါအားလျော်စွာ ကျင်းပပြုလုပ်သော အဆောင် Farewell များနှင့် အဆောင် Special Dinner များဆို ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရခြင်း ဖြစ်ပါသည်။ မန္တလေးတက္ကသိုလ်တွင် ကျောင်းသူ၊ ကျောင်းသားပျား ချစ်ခင်ရင်နှီးစေခြင်းအလို့တာ ကျောင်းအုပ်ချုပ်ရေးကော်မတီမှ အစိုးရဆောင်ပျားအား ဟောင်နပဆောင်အဖြစ် ဖွဲ့စည်းပေးထားပါသည်။

ထိုစဉ်က ရွှေပြည်အေးအဆောင်နှင့် ရွှေမန်းဆောင်၊ အောင်မင်္ဂလာဆောင်နှင့် မြတ်မာဆောင်၊ ဇေယျာဆောင်နှင့် သစ္စာဆောင်တို့သည် ဆောင်နှမဆောင်များ ဖြစ်ပါသည်။ ရာသီအလိုက် အဆောင်တွင် ကျင်းပပြုလုပ်သော ပွဲလမ်းများသို့ အဆောင်မှ ကိုယ်စားလှယ်ရွေးနှုတ်၍ တက်ရောက်ခွင့် ရကြပါသည်။

ကျွန်တော်သည် ရွှေဘိုကောလိပ်တွင် ကောလိပ်ကျောင်းသားအဖြစ် နှစ်နှစ်သင်ပြီး မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သော်လည်း မန္တလေးတက္ကသိုလ်တွင် Fresher အဖြစ်မှင့် တောသားရိုးရောက် မျက်စိသူငယ်နားသူငယ် ဖြစ်ခဲ့ရပါသည်။ မန္တလေးတက္ကသိုလ်သို့ ရောက်စအခိုက်မျာတွင် ကျွန်တော် တို့ကဲ့သို့သော ကောလိပ်ကလေးများမှပြောင်းရွှေ့ခဲ့ကြသော ကျောင်းသား ကျောင်းသူ များအားလုံးနီးပါး ထိုကဲ့သို့ပင် ခံစားကြရမည် ထင်ပါသည်။

မန္တလေးတက္ကသိုလ်တွင် ကွန်မြူနစ်ပက် လူတွင်ကျယ် လုပ်နေကြသူများ မှာ ဖားသားလုပ်နေကျခေါ် ရတနာဘဋ္ဌမြန်မြန်မြေ့ ပြောင်းရွှေ့လာသော ကျောင်းသား အများစုသာ ဖြစ်သည်။ ထိုကျောင်းသားများထဲတွင် ကျွန်တော်တို့ နယ်ကောလိပ် တွင်မရှိသော အင်္ဂလိပ်စာအထူးပြု နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်အထူးပြု ဘူမိဗေဒဘာသာအထူးပြု စိတ်ပညာဘာသာအထူးပြု ကျောင်းသားများလည်း ပါဝင်ရာ ကျွန်တော့်အတွက် ထိုကျောင်းသားများ၏ သဘောသဘာဝကို သိလိုခဲ့ပါသည်။

မန္တလေးတက္ကသိုလ်၊ ရတနာပုံဆောင်၊ အခန်းအမှတ် B-7 (ဘီ-၇)သည် (၄)ယောက်ခန်းဖြစ်ပါသည်။ ကျွန်တော်သည် ကျောင်းသို့ စောရောက်သူဖြစ်၍ အခန်း တွင်းနေရာယူရာတွင် မိမိစိတ်ကြိုက်နေရာ၊ မိမိစိတ်ကြိုက်ခုတင်ကို ရွေးချယ်ခွင့် ရရှိခဲ့သည်။ ကျွန်တော့်နေရာမှာ အခန်းဝင်ဝင်ချင်း ထောင့်နေရာ၊ ခုတင်လေးလုံး တွင် အိုင်မာဆုံးခုတင်နှင့်ခေါင်းရင်းတွင် ပြတင်းတံခါးပေါက်ရှိသောနေရာ၌ ရွေးချယ်၍ နေရာချထားခဲ့ပါသည်။

ရတနာပုံဆောင်၊ အခန်းအမှတ် (ဘီ-၇)သည် လေးယောက်ခန်းဖြစ်ပြီး ကျွန်တော်၏အခန်း Partner များမှာ ကိုဝင်းထွဋ်၊ ကိုခင်မောင်ဆွေနှင့် ကိုစောလွင် တို့ ဖြစ်ပါသည်။

ကိုဝင်းထွဋ်မှာ ရပည်သင်းစာတိုဖြစ်ပြီး စိတ်ပညာအထူးပြုဘာသာရပ်ဖြင့် ရတနာဘဋ္ဌမြန်မြေ့ပြောင်းရွှေ့လာသူ ဖြစ်ပါသည်။ ကိုခင်မောင်ဆွေမှာ မော်တွယ်မြို့ ကတိုဖြစ်ပြီး ရူပဗေဒအထူးပြုဘာသာရပ်ဖြင့် မိတ္ထီလာကောလိပ်မှ ပြောင်းရွှေ့လာသူ ဖြစ်ပါသည်။ ကျွန်တော်နှင့် တစ်ခုတင်ကျော်တွင် နေရာကျပါသည်။ တစ်ဖက်ထောင့်ရွန်း ခုတင်တွင် နေရာကျသည့် ကိုစောလွင်မှာ တပ်ကုန်းမြို့နယ် နောင်သခိုကေ့ရွာမှဖြစ်ပြီး ရူပဗေဒအထူးပြုဘာသာရပ်ဖြင့် မိတ္ထီလာကောလိပ်မှ ပြောင်းရွှေ့လာသူ ဖြစ်ပါသည်။

ကျွန်တော်နှင့် အခန်းဖော်(၃)ယောက်တွင် ကိုခင်မောင်ဆွေနှင့် ကိုစောလွင် မှာ နယ်ကောလိပ်မှ ပြောင်းရွှေ့လာသော ကျောင်းသားများဖြစ်ပြီး နဂိုကပင် အနေ အထိုင်အေးဆေးသူများ ဖြစ်ကြသည်။ သူတို့သည် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိခဲ့ ကြ၍ ပတ်ဝန်းကျင်အသစ်တွင် မိတ်ဆွေအသစ်များ တိုးပွားခဲ့ကြသော်လည်း ကျောင်း

တက်ခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ အားရက်တွင် အလည်အပတ်ထွက်ခြင်းတို့ ကို ယခင်မိတ္ထီလာကောလိပ်တွင် အတူတွဲခဲ့သော သူငယ်ချင်းများနှင့်သာ လက်တွဲ မပြုတ် ပေါင်းသင်းခဲ့ကြပါသည်။

ကျောင်းဖွင့်ခါစရက်များတွင် ကျွန်တော်နှင့်ခုတင်ချင်းကပ်လျက် နေရာ ကျသော စိတ်ပညာအဓိကကျောင်းသား ကိုဝင်းထွဋ်မှာ သူနေရာတွင် သေတ္တာ တစ်လုံးချထားပြီး လူပင် မမြင်လိုက်ရဘဲ ပျောက်ချက်သား ကောင်းနေခဲ့ပါသည်။ ကျွန်တော့်အထင် ကျောင်းဖွင့်ပြီး ရက်(၄၀)ခန့်ကြာမှ အဆောင်သို့ ရောက်လာသည်ဟု ထင်မိပါသည်။ သည်ကြားထဲတွင် ကိုဝင်းထွဋ်သည် အဆောင်ကြေးများ လာရောက် သွင်း၏။ အဆောင်ထမင်းစားကတ်ကို ထုတ်ယူကာ ခေါင်းရင်းမှ စားပွဲပေါ်တွင် သည် အတိုင်းပစ်ထားခဲ့ပါသည်။

ရွှေဘိုကောလိပ်မှ ဒုတိယနှစ်အောင်ပြီး မန္တလေးတက္ကသိုလ်သို့ တတိယ နှစ်တက်လာသည့် ကျွန်တော်နှင့်သူငယ်ချင်းတစ်စုလုံးတွင် အစိုးရဆောင်နေခွင့်ရသူမှာ ကျွန်တော်နှင့် ကိုစိုးတင့်နှစ်ယောက်သာ ရှိပါသည်။ ကိုစိုးတင့်မှာ ရွှေဦးပြုန်ယ၊ ကံ ပေါက်ကွေ့ရွာမှပြစ်ပြီး ရွှေဘိုကောလိပ်ကတည်းက မန္တလေးလမ်းထွက်ရှိ တောင်တံခါး အနီးအဆောင်တစ်ဆောင်တွင် အတူနေခဲ့သူ ဖြစ်ပါသည်။

ကျွန်တော်တို့အစုအဖွဲ့တွင် ကျွန်တော်၊ ကိုစိုးတင့်၊ မောင်ဝေ၊ စိုးမြတ်၊ သန်းခိုင်၊ ဆွေအောင်၊ မြအောင်၊ ဖိုးလုံး(ခ)မျိုမင်းအေး အစရှိသဖြင့်ရှိရာ ကျွန် သူငယ်ချင်းများအဆောင်မရသဖြင့် အပြင်ဆောင်များတွင် ဂုဏ်ရမ်းနေထိုင်ကြ ရသည်။ သူတို့သည်လည်း အခြားနယ်ကောလိပ်မှ ပြောင်းရွှေ့လာကြသော ကျောင်းသားများ နည်းတူ သူငယ်ချင်းအသစ်များနှင့်ပေါင်းသင်းသွားလာရန် အနည်းကျဉ်းသေးဘဲ ရွှေဘိုကောလိပ်တွင် အတူတွဲခဲ့သူများနှင့်သာ တပူးတွဲတွဲ ရှိခဲ့ပါသည်။

ကျွန်တော့်သူငယ်ချင်းအများစုမှာ အပြင်ဆောင်တွင် မပျော်ကြ၊ မနက် မိုးလင်းသည်နှင့် ကျွန်တော့်အဆောင်၊ ကျွန်တော့်အခန်းသို့သာ ခိုက်ခိုက်မြိုက်မြိုက် ရောက်လာကြပါသည်။ ထိုမှလက်ဖက်ရည်ဆိုင်သို့ သွားကြသည်။ ကျွန်တော့်အဆောင် သို့ ထမင်းစားချိန်အမီ ရောက်လာသူတစ်ယောက်ကတော့အခန်းတွင် ထမင်းမစားသူ၏ ထမင်းစားခွင့်ကတ်ပြားကို ယူ၍ ကိုယ်စားဝင်စားနိုင်သည်။ အထူးသဖြင့် အဆောင်တွင် ထမင်းမစားသော ကိုဝင်းထွဋ်၏ထမင်းစားကတ်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ယောက်နှင့် တည့်သွားတတ်သည်။

ကျွန်တော်တို့ အစိုးရဆောင်နေကျောင်းသားများမှာ နံနက်(၇)နာရီဆို လျှင် ထမင်းစားလို့ရပြီ။ အပြင်ဆောင်နေကျောင်းသားများ အိပ်ရာထ၊ လက်ဖက် ရည်ဆိုင် ထိုင်ချိန်တွင် ကျွန်တော်တို့အတွင်းဆောင်နေ ကျောင်းသားများက ထမင်းစားပြီးပြီ။

ထမင်းစားပြီးချိန်နှင့် ကျောင်းချိန်မတိုင်မီ အားလပ်နေသောအချိန်တွင် လက်ဖက်ရည်ဆိုင်တိုင်းကြခြင်းဖြစ်သည်။

■ ■ ■

ကျွန်တော့်သူငယ်ချင်းထဲတွင် မောင်ဝေသည် အဆောင်ဝှားနေလေ့မရှိ။ ရွှေဘိုကောလိပ်မှာနေတုန်းကလည်း ဘိုကုန်းရပ်ထဲရှိ အသိဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာနေပြီး ကျောင်းတက်သည်။ ဘုန်းတော်ကြီးကျောင်းမှာနေသည်ဆိုသော်ငြားလည်း ဘုန်းကြီးကျောင်းသို့ တစ်လတစ်ခေါက်၊ နှစ်ခေါက်လောက်သာ ပြန်လေ့ရှိသည်။ ကျွန်တော့်အနေဆင်၊ ကျွန်တော့်ခုတင်မှာပင် အဝတ်တစ်ထည်၊ ကိုယ်တစ်ခုမြင့်နေလေ့ ရှိသည်။ ကျွန်တော့်အကြီး ပုဆိုးကို ယူဝတ်သည်။ ကျွန်တော့်ထမင်းချိုင့်ကို တစ်ဝက်စီခွဲဝေစားကြသည်။ သူအိမ်ကပို့သည့်ဝိုက်ဆံကို ဝေမျှသုံးကြသည်။ ဝိုက်ဆံပို့သည့်အခါတွင်လည်း ရွာမှ လူကြုံကောင်းသည့်အခါမျိုး တွင် သူမိဘများက များများပို့ထားလေ့ ရှိသည်။ တစ်လကျော် နှစ်လ ငွေထပ်မလာတော့ပေ။ ကျွန်တော့်မိဘများကတော့ ဝန်ထမ်းဖြစ်သည့်အတွက် တစ်လတစ်ကြိမ် ဝိုက်ဆံပို့သည်။ ဝိုက်ဆံရသည်နှင့် အဆောင်ကြေး ကျောင်းလခ စသည်တို့ကို တစ်ပြိုင်နက် သွင်းရသည်။ သို့မဟုတ်တဲ့ သုံးပစ်မိပါက နောက်ထပ် ငွေပြန်ရှာရန် မလွယ်ကူပေ။

အခုလည်း မောင်ဝေသည် မန္တလေးတက္ကသိုလ်သို့ရောက်သောအခါ ဘုရားကြီးနရာရှိ သူရဲ့ဆွေရင်းမျိုး ဘုန်းတော်ကြီးကျောင်းတွင် သူ့ဆီသို့သေတ္တာကို ထားပြီး အဝတ်တစ်ထည်၊ လွယ်အိတ်တစ်လုံးဖြင့် ကျောင်းဝင်းထဲရှိ ကျွန်တော့် အခန်းသို့ ထုံးစံအတိုင်း ရောက်ရှိလာပါသည်။

သူလွယ်အိတ်ထဲတွင် ကျောင်းနှင့်မဆိုင်သော အခြားပစ္စည်းတစ်ခု မှချ မသွေပါလာပေမည်။ ထိုအရာကား အခြား မဟုတ်။ သွားတိုက်တံတစ်ချောင်းပင် ဖြစ်သည်။ ဤသို့ဖြင့် မောင်ဝေသည် ကျွန်တော့်အခန်းတွင် ခြေကုပ်ယူကာ တက္ကသိုလ်ပညာကို သင်ကြားပေတော့သည်။

မောင်ဝေကဲ့သို့ အခန်းတွင် အခါအားလျော်စွာ လာရောက်နေထိုင်သူမှာ သန်းခိုင်ဖြစ်သည်။ သန်းခိုင်သည် ခုင်းတွင်းမြစ်အထက်ဝိုင်း ထမံသီရွာမှ ဖြစ်ပြီး ဘဝအခြေအနေအရပ်ရပ်အရ ရွှေဘိုတွင် သူအဖေ့အိမ်မှာနေ၍ ကောလိပ်တွင် ပညာသင်ကြားခဲ့ရာ တစ်နှစ်တစ်တန်းအောင်ပြီး မန္တလေးတက္ကသိုလ်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် သန်းခိုင်အကြားတွင် ထူခြားသောဆက်သွယ်မှုမှာ ကဗျာကိစ္စဖြစ်သည်။ ကျွန်တော်နှင့်သန်းခိုင် သူငယ်ချင်းနှစ်ယောက်စလုံး ကဗျာဖတ်ကြသည်၊

ကဗျာရွတ်ကြသည်။ ထိုစဉ်က သန်းခိုင်သည် မင်းလူ၊ သာကြီးမောင် စေယျတို့အုပ်စုလေးသော ရွှေနှလုံးသားကဗျာစာအုပ်ထဲမှ ကဗျာများကို ရွတ်ဆိုလေ့ရှိပြီး ကျွန်တော်က ကျွမန်ကဗျာဆရာများတော့ဗရက်ရေးသော အမှာကတ်အတွက် ကဗျာစာအုပ်မှကဗျာများကို ရွတ်ဆိုလေ့ရှိခဲ့သည်ကို အမှတ်ရမိသည်။ သန်းခိုင်သည်လည်း မန္တလေးသို့ ရောက်သောအခါ သူ့အဝတ်အစားသေတ္တာကို သူနှင့်တစ်ပြိုင်တည်းသား ကျောင်းသားအခန်းတွင်ထားခဲ့ပြီး ကျွန်တော့်အခန်းသို့ အဝတ်တစ်ထည်၊ ကိုယ်တစ်ခု၊ လွယ်အိတ်တစ်လုံးဖြင့် ရောက်လာပါသည်။

ရွှေဘိုကောလိပ်တွင် အတူတွဲခဲ့သူထဲတွင် ရည်းစားစိုမြတ်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ စိုမြတ်က စာဖတ်သမားသက်သက် ဖြစ်သည်။ ဝိုက်ဆံမရှိလျှင် စိုက်မောက်၍ အိပ်နေတတ်ပြီး ဝိုက်ဆံရှိပါက ကောင်းကောင်းစားတတ်သူတစ်ဦး ဖြစ်သည်။ သူသည် စာအုပ်ကြီးများကို မရပ်မနားဖတ်လေ့ရှိသူဖြစ်ပြီး ပင်ကို အာနဒ်ဖြင့် စကားနည်းသူ ဖြစ်သည်။ သူကတော့ ဗောဓိကုန်းထဲရှိ အဆောင်တစ်ဆောင်တွင် အခန်းဝှားနေပြီး များသောအားဖြင့် နေ့ခင်းနေ့လယ်တွင် ကျွန်တော့်အခန်း၌သာ မူးပေါ်းနေတိုင်လေ့ ရှိသည်။

■ ■ ■

ကျွန်တော်တို့သည် အခြားနယ်ကောလိပ်များမှ ရောက်ရှိလာသော တက္ကသိုလ်ကျောင်းသားများကဲ့သို့ပင် မိတ်သစ်ဆွေသစ်များဖြင့် ပေါင်းသင်းခြင်း မပြုဘဲ နယ်ကောလိပ်မှသူငယ်ချင်းများဖြင့်သာ လက်တွဲမပြုတ် ပေါင်းသင်းခဲ့ကြ ပါသည်။ သို့ဖြင့် ကျွန်တော်၏ မန္တလေးတက္ကသိုလ် တတိယနှစ်ကျောင်းသားဘဝ အစသည် ရတနာပုံအဆောင်၊ အခန်းအမှတ်(ဘီ-၇)တွင် သန္ဓေတည်ခဲ့ရပါသည်။

ရွှေဘိုကောလိပ်တုန်းက ရွှေဘိုမြို့ တောင်တံခါးအထွက် အဆောင်တစ်ဆောင်တွင် အတူတူနေခဲ့သော ကိုစိုးတင့်လည်း မန္တလေးတက္ကသိုလ်သို့ ရောက်သော အခါ အစိုးရဆောင်ဖြစ်သော ဝေယျာဆောင်တွင် နေခွင့်ရသည်။

ကိုစိုးတင့်တွင် ညီအစ်ကိုနှစ်ယောက်ရှိပြီး တစ်ယောက်က ကိုစိုးတင့်ထက် အကြီးဖြစ်သည်။ အိမ်ထောင်ရှိပြီးပြီး ရန်ကုန်နယ်မြောက်ပိုင်းသို့ ရောက်ရှိနေ သည်ဟု သိရသည်။ ကိုစိုးတင့်၏ဘဝများမှာ လယ်ကေအများအပြားပိုင်ဆိုင်သည့် တောင်သူကြီးများဖြစ်ကြပြီး ကိုစိုးတင့်၏ကျောင်းနေစရိတ်အား လိုသလောက် ထောက်ပံ့နိုင်အောင် အဆင်ပြေကြသူများဖြစ်သည်။ ကျွန်တော်တို့အုပ်စုထဲတွင် ကိုစိုးတင့်မှာ အနေအထိုင် အအေးဆုံးလူတစ်ယောက်ဖြစ်သည်။ ထူးထူးထွေထွေ စကားမပြောတတ်၊ မကျေနပ်လျှင် မကျေနပ်သည့်အတိုင်း မကျေနပ်ချက်ကို မကျေနပ်သည့်လူအား တဲ့တိုးပြောတတ်သူ ဖြစ်သည်။ သို့သော် တစ်နှစ်နေလို့ တစ်ခါပြောတာ ကြုံရခဲသည်။

ဤသို့ပြင့် ပရမ်းပတာမျဲ့စည်းဖြစ်တည်လျက်ရှိသော ကျွန်တော်တို့အဖွဲ့ကလေးသည် မန္တလေးတက္ကသိုလ်သို့ရောက်ခါစတွင် တောသားဆိုးရောက် မျက်စိသူငယ်နားသူငယ်ဖြင့် ကျောင်းတက်လိုက်၊ အားလပ်ရက်တွင် အထင်ကရနေရာများသို့ အုပ်စုလိုက်လျှောက်လည်လိုက်ဖြင့် ပျော်ရွှင်စွာနေထိုင်ခဲ့ကြပါသည်။ ရွှေဘို ကောလိပ်မှာနေခဲ့စဉ်ကထက်ပင် ပိုမိုစုစည်းလာသည်ဟု ထင်မိသည်။

ကျွန်တော်တို့သည် နံနက်စောစောထ၍ လမ်းလျှောက်ကြသည်။ အဆောင်မှ (၇၃)လမ်းအထိ၊ ၎င်း(၇၃)လမ်းအတိုင်း မင်္ဂလာတံတားအထိ၊ ၎င်းမှ လမ်း(၈၀) ၎င်းမှ (၃၅)လမ်းအထိ၊ (၃၅)လမ်းအတိုင်း (၇၃)လမ်းရောက်အောင် ပြန်လျှောက်၊ ၎င်းမှ (၇၃)လမ်းအတိုင်း ကျောင်းသို့ ပြန်ပါသည်။ တစ်ခါတစ်ရံ (၃၅)လမ်းအတိုင်း အရှေ့ဘက် မြင်ဦးလွင်လမ်းထွက်ရှိ ကန်ကောက်ရွာကလေး ရောက်သည့်တိုင် လမ်းလျှောက်ကြပါသည်။ တစ်ခါတစ်ရံ နေ့ကြီးရက်ကြီးများတွင် ဘုရားကြီးသို့ မျက်နှာသစ်တော်ရေအဝီ သွားရောက်ကြည်ညိုကြပါသည်။

ဤသို့ သွားလိုက်၊ လာလိုက်၊ ပိုက်ဆံကလေးရှိသည့်အခါ စားလိုက်၊ သောက်လိုက်ဖြင့် မန္တလေးသို့ရောက်ခါစက တက်တက်ကြွကြွ ရှိခဲ့သူများ ကျောင်းသို့ရောက်၍ တစ်လခန့်ကြာသောအခါ အဆောင်တွင် မြိလာကြပါသည်။

ကျွန်တော့်အခန်းတွင် သန်းဦးနှင့်မောင်ဝေက လွတ်နေသော ကိုဝင်းတွင့်၏ခုတင်တွင် လည်းကောင်း၊ ကျွန်တော်နှင့် စိုးမြတ်က ကျွန်တော့်ခုတင်တွင်လည်းကောင်း အသီးသီးအိပ်ကြသည်။ ကိုစိုးတင့်က ကျွန်တော်တို့အထဲတွင် အသက်အကြီးဆုံးဖြစ်ပြီး ရွပ်ရွပ်ရှက်ရှက်မနေတတ်သောကြောင့် သူအခန်းသို့ သူငယ်ချင်းများ ရံဖန်ရံခါမှသာ လိုက်အိပ်လေ့ ရှိခဲ့သည်။

သို့သော် နံနက်ခင်း အဆောင်ထမင်းစားပြီးသည်နှင့် မန္တလေးတက္ကသိုလ် ပရဝုဏ်အနှံ့ကျယ်ဝန်းရှိသော ဧရယာဆောင်မှ ကိုစိုးတင့်သည် မန္တလေးတက္ကသိုလ် အရှေ့ဘြမ်းဧရိယာ ရတနာပုံဆောင်၊ အခန်းအမှတ်(ဘီ-၇)သို့ ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော့်အခန်းတွင် လူစုပြီးမှ လက်ဖက်ရည်ဆိုင်သို့ သွားကြပါသည်။

တစ်ရက်တွင် ကျွန်တော် ပိုက်ဆံအနည်းငယ် ရွာမွေ့၍ ရရှိသည်။ ကျွန်တော်က ဤတာဝယ်ရန်အာသီသမြစ်မိသည်။ သို့သော် ဤတာဝယ်လောက်သည့်အထိ ပိုက်ဆံက မပြည့်၊ ကိုစိုးတင့်က ပိုက်ဆံပိုပိုလှုံ့လှုံ့ ရှိတတ်ပြီး သူကိုယ်တိုင်လည်း (၃၇)လမ်းရှိ ဤတာသင်တန်းတစ်ခုသို့တက်၍ ဤတာတီးသင်နေသည်ဖြင့် ကျွန်တော်က . . .

"ကိုစိုးတင့် ဤတာတစ်လက်လောက် ပိုက်ဆံစပ်ပြီး ဝယ်ရအောင်ဗျာ" ဟု အဖော်စပ်ရာ သူထုံးစံအတိုင်း အေးစက်စက်ဖြင့် . . .

"ဝယ်လေ" ဟု တုံးတိတိ ပြောပါသည်။

ကျွန်တော်က "ကဲ- ဒါဆို သွားမယ်" ဟုဆိုကာ သူငယ်ချင်းတစ်သိုက် ဤတာဆိုင်ရှိရာ (၇၈)လမ်းသို့ စက်တီးစီး၍ ခိုတက်ခဲ့ကြပါသည်။ ဤတာဆိုင်တွင် ကိုစိုးတင့်ရော ကျွန်တော်ပါ နှစ်သက်သည့် ရုစ်ကြိုးတပ်ဂီတာတစ်လက်အား ကျပ် ငွေ(၂၃၀)ပေး၍ ဝယ်ယူခဲ့ကြပါသည်။

ကျွန်တော်က ကိုစိုးတင့် စိတ်ချမ်းသာစေရန် "ဂီတာကို ကိုစိုးတင့်အခန်းမှာ တစ်ပတ်၊ ကျွန်တော့်အခန်းမှာ တစ်ပတ်ထားတာပေါ့" ဟု ပြောရာ "ရပါတယ်" ဟု ထုံးစံအတိုင်း တုံးတိတိ ပြန်ပြောပါသည်။

ကိုစိုးတင့်မှာ ကောလိပ်ကျောင်းသားဖြစ်မှ ဂီတာတီးသင်သူဖြစ်ပြီး ကျွန်တော်က ၁၉၇၉-ခုနှစ်ကုန် ၆-တန်းကျောင်းသားလောက်ကစပြီး ဂီတာနှင့် ခန္ဓာအခြိုးမမျှခင်ကတည်းက စတင်သင်ကြားတီးခတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဂီတာဝယ်ပြီးခါနှိန်မှစ၍ အဆောင်တွင် အတန် အသင့် မြိလာခဲ့ပါသည်။ ဂီတာမတီးရတာကြာ၍လား မသိ၊ မျက်စိဖွင့်သည်နှင့် ဂီတာကို ကောက်ကိုင်မိတတ်ခဲ့သည်။ ဂီတာကလည်း ရုစ်ကြိုးတပ်ဂီတာဖြစ်၍ Rhythm တီးရသည်မှာ အတော်ပင် "လွင်" လှသည်။

သည်ဂီတာကလေးဖြင့်ပင် ကျွန်တော့်အခန်းကို အလည်ရောက်လာသော ရွှေဘိဆူးငှက်လက်ဖက်ရည်ဆိုင်မှ သူငယ်ချင်း ကိုအောင်မိုးကိုလည်းကောင်း၊ အခန်းပတ်ဝန်းကျင်ရှိ သူငယ်ချင်းများကို လည်းကောင်း၊ ပျော်ရွှင်စေခဲ့ပါသည်။ ဂီတာကလေးသည် ကျွန်တော်တို့ကို အထီးကျန်ခြင်းမှ ကယ်တင်ခဲ့ပါသည်။ အုပ်စုငယ်ကလေးအဖြစ် အထီးတည်းနေခဲ့ရသော အခြေအနေကို ပြောင်းလဲစေခဲ့ပါသည်။

ကျွန်တော်တို့ဂီတာကလေးသည် ရတနာပုံဆောင် (ဘီ-၂)တွင်ရှိသော ကိုအောင်မြင့်တို့၊ ကိုမွေးတို့၏ရင်ခွင်တွင်လည်းကောင်း၊ မိတ္ထီလာသားများဖြစ်ကြ သည့် အခန်းနံပါတ် (ဘီ-၁၂)ရှိ ကိုသန်းမြင့်၊ ကိုဇော်လင်းတို့၏ရင်ခွင်တွင် လည်းကောင်း၊ လယ်ဝေးသား(အပေါ်ထပ်)(အေ-၉)ကိုခင်မောင်ဦးအခန်းတွင်လည်းကောင်း၊ အိုင်အင်မှ ကိုစိုးဝင်းအောင်အခန်းတွင် လည်းကောင်း၊ မုံရွာသား ကဗျာဆရာမောင်ယဉ်နိုင်၏ ခင်ဗျားသီချင်းများသီကျူးရန်အတွက်လည်းကောင်း ကျွန်တော်တို့၏ဂီတာကလေးသည် ရတနာပုံဆောင်တွင် စကားမပြောတတ်သော သံတမန်ကလေးဖြစ်ခဲ့ပါသည်။

ကျောင်းဖွင့်စဖြစ်သဖြင့် Fresher Welcome ခေါ် မောင်မယ်သစ်လွင်ကြိုဆိုပွဲများကျင်းပရန် ဘာသာရပ်အလိုက် ကျောင်းသားအသီးသီး ပြင်ဆင်နေသောကာလလည်း ဖြစ်ပေသည်။

ထိုစဉ်က ၁၉၈၇-ခုနှစ် ကျောင်းဖွင့်စရာသီကို လွမ်းမိုးထားသော သီချင်းများမှာ ဝိုင်းထိုးဆိုင်၏ လေညာရပ်ကအချစ်၊ မောင်အိုင်းပန်း သခင်ဆီ အပြေးပြိန်

လာမည်၊ ခင်ဗျောင်တို့၏ မျက်သွယ်၊ တူးတူး၏သူ၊ ခင်ဗျောင်ထူး၏ စိတ်ရောင်စုံနှင့် ခင်ဗျောင်တို့၏ ကြိုးကြာသံ၊ သားထွေး၏အချစ်မဲ့သဘော၊ စိန္တမာနဉာဏ်စီးရီးများ ဖြစ်ပါသည်။

ကျောင်းသားတော်တော်များများမှာ ခေတ်စားနေသောသီချင်းများကို အဆောင်ရေချိုးခန်းမအစ Fresher Welcome တွင် စင်ပေါ်တက်နိုင်ဖို့အရေး ကြိုတင်ပြင်ဆင်လျက် ရှိကြသည်။

ရတနာပုံဆောင်အောက်ထပ် ဘီ-၁၂ မှ မိတ္ထီလာသား ကိုသန်းမြင့်ကလည်း ပထဝီမေကျာ WELCOME တွင် တက်ဆို၍ရန် အဆိုတော်ခင်ဗျောင်ထူး၏ စိတ်ရောင်စုံသီချင်းကို အထပ်ထပ်အကြိမ်ကြိမ် လေ့ကျင့်လျက် ရှိပါသည်။ ကျွန်တော်ကလည်း အားကျမခံစတုဗေဒမေကျာ Welcome တွင် ပါဝင်ဆင်နွှဲရန် ဝိုင်းထီးဆိုင်၏ လေညာရပ်ကအချစ်သီချင်းနှင့် အသံစစ်ဆေးသည့်နေ့ရာတွင် ဝင်ရောက်အစစ်ဆေးခံပါသည်။

ကျွန်တော်တို့သည် တက္ကသိုလ်ပတ်ဝန်းကျင်တွင် ကိုယ်တတ်သည့်ပါဝါမှာ မြင့်ပါဝင်ခွင့်ရရှိရေး ကြိုးစားခဲ့ကြခြင်းသာ ဖြစ်သည်။ အခြားရည်ရွယ်ချက်များ မရှိခဲ့ကြပါ။ ဂီတာကလည်း အဆင်သင့်ရှိနေသည်။ သီချင်းစာအုပ်တစ်အုပ် (၂)ကျပ်ဖြင့် ဈေးချို တိုက်တန်းပေါ်မှ ဝယ်ယူနိုင်သည်။ သီချင်းကတော့ လက်ဖက်ရည်ဆိုင်မှာ နားထောင်ရသည်။ ကျွန်တော်မှတ်မိသလောက် ကျွန်တော်နှင့် အပေါင်းအသင်းများ Major Welcome များတွင် ပါဝင်ခွင့် မရခဲ့ပါ။ ကိုယ့်ထက် အဆိုကျွမ်းကျင်သူများသာ စင်ပေါ်တွင် နေရာရခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့သည် ပါဝါမှာအရ ဂီတာတီးခြင်း၊ သီချင်းဆိုခြင်းများကို အခြိန်မှန် ပြန်ခဲ့ကြပါသည်။ အခြိန်မှန်ဆိုသည်မှာ အထူးသဖြင့် နံနက်စာစားပြီး နေပူစာလုံရင်းသော်လည်းကောင်း၊ ညနေစာစားပြီး လက်ဖက်ရည်ဆိုင်မသွားဆီ သူငယ်ချင်းများစုံသည်အထိ စောင့်စားခြိန်များဆွင်လည်းကောင်း ကိုယ်ရသည့်သီချင်းများကို တီးခတ်တတ်ခဲ့ကြပါသည်။

ကျွန်တော်က ကျွန်တော်နှင့်နီးစပ်ခဲ့သော ဝိုင်းထီးဆိုင်၊ ခင်ဗျောင်တို့၊ ဆွန်ကျဲအို၊ သားထွေး ရာပြည်၊ ခင်ဝမ်းတို့၏ ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်ရေးဖွဲ့မှုများကိုသာ အားကျသီဆိုဖြစ်ခဲ့ပါသည်။ ကော်ပီသီချင်းများကို မကြိုက်၍ မဟုတ်ပါ။ ကော်ပီသီချင်းများသည် ကျွန်တော်တို့အတွက် ဆိုရလည်းခက်၊ တီးရလည်း ခက်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော် ပထမဆုံးဆိုဖြစ်ခဲ့သော ကော်ပီသီချင်းမှာ ဘိုဘိုဟန်၏ "အစ်ကိုမောင်တွေက ပြောတာလား" ဖြစ်ပါသည်။ နောက်မှ ကော်ပီ မဟုတ်သော တက္ကသိုလ်အေးမောင်၏ ဘယ်ပန်းချီ ရေးလို့မပီ၊ လွှမ်းမိုး၏ မအေးကိုချစ်လို့ပါ၊ နိုင်ထူး၏ အဖွဲလီ၊ ကံ့ကော်တောမျိုးအောင်၏ အချစ်ဟောင်းလေးမိစံ၊ မင်းအောင်၏

မင်းသားလေးလို လွမ်းမြပြမည်နှင့် ကိုင်ဇာ၏နေဆီပျံမယ့်ငှက်လိုသီချင်းများကို ကလေးသံဖြင့် သီဆိုဖြစ်ခဲ့ပါသည်။

မန္တလေးတက္ကသိုလ်၊ ရတနာပုံဆောင်တွင် ကျွန်တော်တို့အခန်း ဘီ-၇ သည် ကိုဝင်းထွဋ်မှလွဲ၍ နယ်ကောလိပ်မှ ပြောင်းရွှေ့လာသူများဖြစ်ပြီး အခန်းအမှတ် ဘီ-၆ တွင် နေထိုင်သူများမှာ မန္တလေးတက္ကသိုလ်၊ ရတနာဘုမ္မိနယ်မြေမှ ပြောင်းရွှေ့လာသူများ ဖြစ်ပါသည်။ အခန်းအမှတ် ဘီ-၆ တစ်ခန်းလုံး တရုတ်တွေဖြစ်သည်။ နောက်မှသိရသည်မှာ သူတို့အားလုံး English Major မှဖြစ်ကြောင်း သိရသည်။

ငင်းတရုတ်များ ဆင်းရဲသည်၊ ချမ်းသာသည်ကို မစေ့စပ်သော်လည်း ကျွန်တော်တို့ထက် အဆင်ပြေကာကတော့ ကျွန်တော်သိသည်။ ကျွန်တော်တို့မှာ ကက်ဆက်မရှိ၊ သူတို့မှာ ကက်ဆက်နှင့်၊ နားထောင်လျှင်လည်း ဗမာသီချင်း နားမထောင်၊ အင်္ဂလိပ်သီချင်းသာ နားထောင်သည်။

တစ်နေ့တွင် ကျွန်တော်နှင့် ခုတင်ချင်းကပ်လျက် ကိုဝင်းထွဋ်နှင့် အခန်းထဲမှာ စကားလက်ဆုံ ကျသည်။ ကိုဝင်းထွဋ်သည် လူကောင်သေးသလောက် စကားအလွန်ပြောနိုင်သူ ဖြစ်သည်။ လုံးချင်းဝတ္ထုလည်း အလွန်ဖတ်နိုင်သူ ဖြစ်သည်။ သူကျောင်းလွယ်အိတ်ထဲတွင် လုံးချင်းဝတ္ထုတစ်အုပ်တော့ အမြဲပါသည်။ ဖတ်တာလည်း မြန်သည်။ အဲဒီအခြိန်တွေတုန်းက ငြိမ်းကျော်၏ ပဉ္စမမြောက်ဆောင်းရက်များတို့၊ မောင်ဝတ္ထု၏ မောင်စိန်သောင်း မနင်းရီတို့၊ နွှမ်းဂျသိုင်း၏ တိမ်တောင်ညီမြာတို့က အချစ်ဝတ္ထုကြိုက်သူများ၏ အသည်းကျော်များ ဖြစ်သည်။

ကိုဝင်းထွဋ်သည် ဝတ္ထုစာအုပ်ဆုံးသည်နှင့် ဝတ္ထုနှင့်ပတ်သက်၍ သူစိတ်ထဲရှိရာ ဝေဖန်တတ်သည်။ ကျွန်တော့်ကိုလည်း ကဗျာရေးသူ၊ စာရေးသူ၊ စာဖတ်ဝါသနာပါသူအဖြစ် သိထားတော့ စာအကြောင်းပြောရတာ အားပါပုံရသည်။ ကျွန်တော်က စာဖတ်သော်လည်း စကားပြောကျတော့ ကိုဝင်းထွဋ်လောက်မကောင်း။ ကိုဝင်းထွဋ်က စာအကြောင်း ပေအကြောင်း အားရပါးရပြောနေစဉ် တစ်ဖက်ခန်းမှ တရုတ်သံဝဲဝဲဖြင့် အင်္ဂလိပ်သီချင်းတစ်ပုဒ်အား အော်ဟစ်သီဆိုရင်း ရေခွက်ကိုင်ကာ ရေချိုးခန်းဆီထွက်သွားသည်ကို ကျွန်တော်တို့ထိုင်နေသော ခုတင်ပေါ်မှ တွေ့လိုက်ရသည်။

ကိုဝင်းထွဋ်က ပြောလက်စစကားကို ဖြတ်ပြီး . . .

"အီးမေကျာက ကောင်တွေက ဘဝင်တွေဗျ၊ သီချင်းနားထောင်ရင် ဘိုသီချင်းမှ၊ သီချင်းဆိုရင်လည်း ဘိုသီချင်းမှ၊ အတန်းထဲမှာလည်း ဘိုလို ညှပ်ပြောရမှ ဟုတ်သနဲ့ထင်တာ"ဟု အဆက်အစပ်မဲ့ ပြောပါသည်။ ကျွန်တော်က ဘာမှ ဝေဖန်ချက် မပေး။

တရုတ်များ ဆိုသောသီချင်းမှာ ထိုစဉ်က ကော်ပီတွင် အလွန်ခေတ်စား နေသော ရုပ်ရှင်မင်းသားကျော်ဟိန်း၏ အဓိပ္ပာယ်ရှိသောလူအယ်လ်ဘမ်မှ မူရင်း အင်္ဂလိပ်သီချင်းများ ဖြစ်သည်။ ကျွန်တော်က သီချင်းဝါသနာပါသူဖြစ်သောကြောင့် အင်္ဂလိပ်မူရင်းသီချင်းအား တိတ်ခွေဝယ်၍ ကက်ဆက်ဖြင့် နားမထောင်ခဲ့ဖူးသော်လည်း မြန်မာ့အသံ အင်္ဂလိပ်ပိုင်းအစီအစဉ်မှလွှင့်သော အင်္ဂလိပ်သီချင်းများကို နှစ်သက်ခဲ့ဖူးသည်။

အင်္ဂလိပ်သီချင်းများကို နားထောင်ဖြစ်ခြင်းမှာ ဂီတ Music ကို မြတ်နိုးမှု သက်သက်မြင့်သာ ဖြစ်သည်။ အဓိပ္ပာယ်ကိုအပြည့်အဝနားလည်၍ မဟုတ်၊ အင်္ဂလိပ် သီချင်းကို အင်္ဂလိပ်တွေတီဗီပြီး အင်္ဂလိပ်တွေဆိုတာ နားထောင်ရသည်မှာ သူ့ဂီတနဲ့သူ နားထောင်ကောင်းလှသည်။ ကျွန်တော် Radio မှနားထောင်၍ ကြိုက်ခဲ့ရသော အင်္ဂလိပ်အဆိုကျော်များမှာ ABBA, Boney M, Steve Wonder တို့ ဖြစ်သည်။

ယခုလည်း အခန်းဘေးမှ တရုတ်ကျောင်းသားများ အင်္ဂလိပ်သီချင်းကို ကက်ဆက်တွင် ဖွင့်လိုက်၊ ပိတ်လိုက်လုပ်ရင်း စာသားကူးသံ၊ လိုက်ဆိုသံများကို ကျွန်တော့်ဘက်အခန်းမှ အတိုင်းသားကြားနေရသည်။ အင်္ဂလိပ်သီချင်းကို တရုတ်သံမြင့်ဆိုရာ ကြားရသူ၏နားတွင် အနည်းငယ်အဆင်မပြေသော်လည်း ကက်ဆက်ဖွင့်ချိန် နားထောင်ရသည်မှာ အလွန်အဆင်ပြေပါသည်။

ကျွန်တော်က အဲဒီတရုတ်တွေ ရတနာဘုံမြန်မြေကပဲ၊ ခင်ဗျားသိလား ဟု ကိုဝင်းထွဋ်ကို ကျွန်တော်ကမေးရာ မသိဘူးဟု ပြေပါသည်။ နောက်မှ အီး-မေးကမှန်းတော့ သိတယ်။ ကျွန်တာတော့ မသိဘူးဟု ဖြည့်ပြောပါသည်။

ရတနာပုံဆောင်တွင် အခန်းအမှတ် (B-5) နှင့်(B-6)မှာ မန္တလေး တက္ကသိုလ် ရတနာဘုံမြန်မြေမှ ပြောင်းရွှေ့လာသည့်ကျောင်းသားများ ဖြစ်သည်။ B-5 တွင်လည်း ဂီတဝါသနာရှင်တစ်ဦးရှိသည်။ သူကတော့ အင်္ဂလိပ်သီချင်း မဆို၊ ဗမာသီချင်းသာ ဆိုသည်။ သူတို့အခန်းကလည်း အပွဲတောင့်သည်။ အခြားလူများနှင့် သိပ်မရော၊ ရတနာဘုံမှ ပြောင်းလာသူတွေဆိုတော့ နည်းနည်း သွေးကြွပုံရသည်။

B-5 မှ အရပ်မျှမျှနှင့် တိုင်းရင်းသားပုံပေါက်သောသူမှာ ဂီတာ တီးလွှင့် အားရပါးရတီး၍ သီချင်းဆိုလွှင့်လည်း အားရပါးရဆိုတတ်သည်။ သူတို့ဂီတာမှာ အနည်းငယ် ဟောင်းနွမ်းနေပြီဖြစ်သော်လည်း ဂီတာအိုးမှာလုံသမြှင့် အဆောင်၏ လိုဏ်သံနှင့်ရောပြီး အသံမှာ လွှင်နေတော့သည်။

နောက်မှ ခင်မင်လာသည့်အခါ အခန်းအမှတ် B-5 ရှိ ကျောင်းသား များအားလုံး ပေါ့ရွှင်တတ်၊ ခင်မင်တတ်သူများဖြစ်ကြောင်း သိလာရပါသည်။

B-5 တွင် ဂီတာကို ပင်တိုင်တီးသူမှာ သိန်းမြင့်ဖြစ်သည်။ သူသည် ပိုးကုတ်မှဖြစ်ပြီး လိရောလွှမျိုး ဖြစ်သည်။ စကားပြောလျှင် "သ"နှင့် "တ"မကွဲတဲ့ ရိုတတ်သည်။ သူတို့အခန်းတွင် အမဲ့ဝင်ဖြစ်သော လှိုင်မှာ မြင်ဦးလွင်မှဖြစ်ပြီး အတန်ပင် အရပ်ပုသောကြောင့် ကျောင်းသားအများစုထဲတွင် ထင်ထင်ရှားရှား ဖြစ်နေသည်။ နောက်နှစ်ယောက်မှာ မျိုးနိုင်နှင့်ဘဉာဏ် ဖြစ်သည်။ မျိုးနိုင်မှာ မြစ်သားပြိုမှနယ် ကသဲကုန်းရွာသားဖြစ်ပြီး အလွန်ပေါ့တတ်၊ ဟာသပြောတတ်သူ ဖြစ်သည်။ ဘဉာဏ်ကိုတော့ ယခုစာရေးချိန်တွင် ပိုးကုတ်သား၊ ပေါင်ဒါလိပ်းတတ်သူ၊ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်တတ်သူ၊ တောင့်တောင့်မြောင့်မြောင့် အမျိုးသမီးနှင့် ရည်စားဖြစ်နေ သူအဖြစ်သာမှတ်မိပြီး သူ့ဇာတ်ကျောင်းမာမည် (ရိုမှန်း သိသော်လည်း) မမှတ်မိတော့ပါ။

အခန်းအမှတ် B-5 သည် လေးယောက်ခန်း ဖြစ်သည်။ ဂီတာတစ်လက် ရှိသည်။ ဂီတာကို ဘုရားရှိခိုးကျောင်းမှာလည်း ယူတီးပုံရသည်။ လွယ်ကြိုးနှင့် စနစ် တကျလုပ်ထားသည်။ ကျွန်တော့်အထင် လှိုင်မှ လွဲ၍ ကျန်(၃)ယောက်သည် ဂီတာကို အတိုင်းအတာတစ်ခုအထိ တီးနိုင်ကြသည်။

အထူးသဖြင့် လိရောသိန်းမြင့်က ဂီတာကို အတော်တီးနိုင်သူ ဖြစ်သည်။ တီးလွှင်လည်း သီချင်းတွေအော်ဆိုကာ အားရပါးရတီးတတ်သည်။ သိန်းမြင့်ဆို နေကျ အဆိုတော်လွှမ်းဝိုး၏ "ဟသံတို့ရဲ့ နန်းတော်ရေ"၊ တူးတူး၏ "သူ"သီချင်းများကို ယခုအချိန်အထိ ကြားယောင်နေဆဲပင် ဖြစ်ပါသည်။ တစ်ခုရှိသည်။ သူတို့သည် English Major မှ မဟုတ်၍လား မသိ၊ ဘိုသီချင်းမှုရင်းများ သိဆိုလေ့ မရှိခဲ့ပါ။

အခန်းအမှတ် B-6 သည် ကျွန်တော်တို့နှင့် လှမ်းမြန်စွာ ရင်းနှီးကျွမ်းဝင် ခြင်းမရှိခဲ့ပါ။ သူတို့သည် များသောအားဖြင့် အခန်းတံခါးပိတ်ကာ အခန်းအောင်း နေလေ့ရှိပြီး ကျောင်းသွားလေ့လည်း သိပ် မရှိကြပါ။ အခန်းတွင် အနည်းဆုံး တစ်ယောက်တော့ ကျန်သည်။ နောက်မှ သိရသည်မှာ အခန်းတွင် အပြတ်မီး ကျန်နေသူမှာ ပိုးကုတ်မှ ကိုကျော်ရင် ဖြစ်သည်။ သူသည် အခန်းထဲမှထွက်လာ လျှင် ငွေနဂါးဆေးပေါ့လိပ်ကို လက်မှာညှပ်လျက် အပြင်တွေ့ရသည်။ သူ၏ တရုတ် နာမည်မှာ ဗင်းဂို့ဖြစ်သည်ဟု ပိတ်ဆက်သည်။ သူသည် ငယ်စဉ်က မြင်ဦးလွင် ရှိ သာသနာပြုကျောင်းမှာ နေခဲ့ရသည်။ ခရစ်ယာန်ဘာသာဝင်တရုတ် ဖြစ်သည်။ ကျော်ရင် (ခေါ်) ဗင်းဂို့မှာ ဒွပ်ကျယ်ပြူး ဘောင်းဘီတို(Short Pants)ဖြင့်သာ အပြင်နေတတ် လေ့ရှိပြီး ရာသီဥတုသောအခါမျိုးတွင် ဒွပ်ကျယ်ပင် ကပ်လေ့ မရှိပါ။

သူနှင့် ကျွန်တော် ရင်းနှီးသွားခြင်းမှာ ဂက်စ်ပီးခြစ်ဂက်စ်ပြတ်သွားရာမှ စသည် ထင်ပါသည်။ သူသည် အခန်းဖော်များ ကျောင်းသွားသော်လည်း အခန်းမှာ စာအုပ်ဖတ်၍သော်လည်းကောင်း သီချင်းနားထောင်၍သော်လည်းကောင်း ကျွန်နေခဲ့

တတ်ပြီး ဆေးလိပ်သောက်လိုက်၊ ရေချိုးခန်းတွင် ရေသွားခံလိုက်ဖြင့် အချိန်ပြန်းတတ်ပါသည်။ (ထိုမှစ်က ရတနာပုံဆောင်ရှိ ရောက်မျာမှာ ရေအလာနည်းသဖြင့် ရေကို အလှည့်တစ်ခုသဖွယ်လုပ် ရဆောင်းရလေ့ ရှိပါသည်။)

ကျွန်တော်သည် မန္တလေးတက္ကသိုလ်ရောက်မှ အပြင်စာများကို ပို၍ ဖတ်ဖြစ်လာပါသည်။ ရွှေတိုကောလိပ်တွင်နေစဉ်က လမ်းမတော်ရှိ စာအုပ်အရား ဆိုင်တွင် ဂုံးသောစာအုပ်များကိုသာ ဖတ်ခွင့်ရခဲ့ရာ မန္တလေးတက္ကသိုလ်သို့ရောက်သောအခါ တက္ကသိုလ်စာကြည့်တိုက်ရှိ စာအုပ်များအား ဇေးနှုန်းမျိုးစုံဖြင့် စိတ်ရှိသရွေ့ ဖတ်ခွင့်ရခဲ့ပါသည်။

ကျွန်တော်နှင့်ပို့ဖြတ်သည် စာတုဗေဒဘာသာရပ်အထူးပြုဘာသာတု ဖြစ်ပြီး ကျောင်းတက်ဖို့နှိုးအတူတူပင် ဖြစ်သည်။ အပြင်စာဖတ်ဝါသနာ ပါရာတွင်လည်း တူညီကြသည်ဖြစ်ရာ တက္ကသိုလ်စာကြည့်တိုက်သို့သွားရာတွင်လည်း ဝါသနာတူခဲ့ပါသည်။ ကျွန်တော်တို့သည် တက္ကသိုလ်စာကြည့်တိုက်သို့သွား၍ နေ့တစ်ဝိုင်းခန့် အချိန်ယူ၍ ဖတ်ချင်သောစာအုပ်များ ရှာဖွေဖွေနှောက်ပြီးသကာလ နှစ်ယောက်ပေါင်းတစ်ပတ်စာဖတ်နိုင်ရန် သယ်မကာ အဆောင်တွင် ဖတ်လေ့ရှိပါသည်။

စိုးမြတ်က ဝံထောက်ဝတ္ထု၊ စွန့်စားခန်းဝတ္ထုနှင့် အတ္ထုပ္ပတ္တိစာအုပ်များကို ဂုံးလေ့ရှိပြီး ကျွန်တော်က ဘဝသရုပ်ဖော်ဝတ္ထုများကို ဂုံးလေ့ရှိပါသည်။

အခန်းနံပါတ် B-7 တွင် ကျွန်တော်နှင့်စိုးမြတ်မှာ ပင်တိုင်ရှိတတ်ပြီး အခန်းနံပါတ် B-6 တွင် ကိုကျော်ရင်မှာ အပြီရှိတတ်ပါသည်။ ကျွန်တော်နှင့် ကိုကျော်ရင်မှာ ဆေးလိပ်မီးညှိရင်း ခင်မင်လာခဲ့ပြီဖြစ်ရာ တစ်ခါတစ်ရံ အခန်းရှေ့တွင် စကားလက်ဆုံကျကြပါသည်။ စကားပြောကြသောအခါမှ တစ်ယောက်အကြောင်းတစ်ယောက် ပြောဖြစ်ကြပါသည်။

B-6 ရှိ ကျောင်းသားအားလုံး ကိုတဉ်ဇော်မှလွဲ၍ English Major မှ ဖြစ်သည်။ သူတို့သည် တရုတ်လူမျိုး နိုင်ငံခြားသားများဖြစ်၍ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်(Institute)များတွင် ပညာသင်ကြားခွင့် မရသဖြင့် English Major ဖြင့် ကျေနပ်စွာ သင်ကြားနေကြခြင်းဖြစ်ကြောင်းနှင့် သူတို့ဆယ်တန်းအောင်စဉ်ကရခဲ့သော ရမှတ်များ၊ ဂုဏ်ထူးများအား သိရှိခွင့်ရပါသည်။

B-6 ရှိ Partner များမှာ ကိုကျော်ရင်(ဝိုးကုတ်)၊ ကိုဌေးအောင် (မြစ်ကြီးနား)၊ ကိုကျော်ကျော်ဌေး(မြစ်ကြီးနား)၊ ကိုတဉ်ဇော်(ဝိုးကုတ်)တို့ ဖြစ်ပါသည်။ ကိုတဉ်ဇော်မှလွဲ၍ ကျန်လူများမှာ English Major မဟုတ်ပြီး တရုတ်လူမျိုးများ ဖြစ်ပါသည်။ ဘဉ်ဇော်ကတော့ ဗမာလူမျိုးဖြစ်ပြီး သတ္တဗေဒအဓိက ကျောင်းသားဟု

ကျွန်တော့်စိတ်ထဲ မှတ်မိနေသည်။ သူတို့အထဲတွင် ကျော်ကျော်ဌေးသည် နောင်တွင် အဆိုတော်ဝိုင်ဝိုင်းအဖြစ် အောင်မြင်လာသူတစ်ယောက် ဖြစ်သည်။

တစ်ခါတစ်ရံတွင် ကျွန်တော်သည် ကိုကျော်ရင်အခန်းတွင် လည်ပတ်ပြီး သူတို့နားထောင်သော အင်္ဂလိပ်သီချင်းတိပ်များကို စပ်စုပါသည်။ ရေဒီယိုမှလာသော အင်္ဂလိပ်သီချင်းလောက်သာ နားထောင်ဖူးသော ကျွန်တော့်အတွက် သူတို့တစ်တွေနားထောင်သော အင်္ဂလိပ်အဆိုတော်များ၏ သီချင်းခွေအများအပြားကို တွေ့ရသောအခါ အံ့အားတသင့် ဖြစ်မိပါသည်။

■ ■ ■

စိတ်ပျက်ဖွယ်ကောင်းအောင် အေးစက်သောညများကို လွန်ခဲ့ပြီဖြစ်၍ မန္တလေးနေ့လယ်ခင်းများသည်လည်း အပူချိန်မြင့်တက်ခဲ့ပြီ ဖြစ်သည်။ ကုက္ကို၊ ရွက်ခြောက်များလည်း လေရူးဒေတိုင်း ပတ်ဝန်းကျင်တွင် ဦးတည်ရာမဲ့ လွင့်ပါနေကြသည်။

ကျွန်တော်တို့သည် တစ်ခါတစ်ရံ အိပ်ရာမှ စောစီးစွာ ထ၍ လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပြီး အဆောင်ထမင်း စားကြပါသည်။ အရေးကြီးသော သင်ခန်းစာဟု မယူဆလျှင် ကိုယ်ဖတ်ချင်သောဝတ္ထုများကိုဖတ်ရင်း တစ်ရေးတစ်မော ပြန်အိပ်ပျော်သွားတတ်ပါသည်။ အိပ်ရာမှထသောအခါ အတန်းကြီးကျောင်းသားများနေသော လျှပြည်အေးအဆောင်မှ ရောကန်သို့သွားကာ ရေချိုးကြပါသည်။ ရာသီဥတုမှာလည်း ဆောင်းမှ နွေရာသီသို့ ကူးပြောင်းသောကာလဖြစ်၍ အညာတက္ကသိုလ်၏ပတ်ဝန်းကျင်အပြေအနေမှာ အလွမ်းစာတ်ခံရှိသူတို့အတွက် သွေးဖျက်ဖွယ်ရာ ကောင်းနေလေသည်။

ထိုနေ့က ကျွန်တော်သည် အဆောင်ထမင်းစားပြီး အခန်းတွင် ဝတ္ထုတစ်ပုဒ်ကို ဖတ်ရင်း အိပ်ပျော်သွားပါသည်။ ကျွန်တော် အိပ်ရာမှ ရုတ်တရက် လန့်နိုးခိုန်တွင် အလွန်ကောင်းမွန်သောဂီတသံကို ကြားရပါသည်။ ရုတ်တရက် အိပ်ရာပေါ်မှ မထသေးဘဲ နားထောင်နေမြဲပါသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော် ဂီတာစတီးခဲ့သော ၁၉၇၉-၃၄၈၀ ဒီဇင်ဘာလမှ စတင်ရေတွက်လျှင် ၁၉၇၇-၃၄၈၀ ဖေဖော်ဝါရီလလယ်လောက်အိုလျှင် (၇)နှစ်လောက်ရှိပြီ ဖြစ်သည်။ သည်ကာလအတွင်း ယခုလောက်ကောင်းသော Rhythm ဂီတာတီးသံအား မကြားဖူးခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ တစ်ခုတော့ ရှိသည်၊ ကျွန်တော် ကြိုးပြင်းခဲ့ရသောဒေသများ၊ ပတ်ဝန်းကျင်များသည်လည်း မန္တလေးတက္ကသိုလ်လောက် ကြိုးမား ကျယ်ပြန့်ခြင်းမရှိခဲ့သည်လည်း ဖြစ်မည်။

ကျွန်တော်သည် အိပ်ရာပေါ်မှ ညည်သာစွာထကာ ဂီတာသံကြားရာ အခန်းဖြစ်သော အခန်းအမှတ် B-6 သို့ လာခဲ့ပါသည်။ B-6 တွင် ကိုကျော်ရင်သည် ထုံးစံအတိုင်း သူခုတင်ပေါ်တွင် ပက်လက်လှန်၍ စာဖတ်လျက် ရှိပါသည်။ အခန်း၏အရှေ့ဘက်ခြမ်းတွင် စွပ်ကျယ်ချိုင်းပြတ်ဝတ်ထားသော ကျောင်းသား တစ်ယောက်က ဂီတာကို ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်၍ ခေါင်းခါလည်ခါနှင့် တီးခတ်နေသည်ကို တွေ့ရှိရပါသည်။ သူသည် ပုဆိုးကို တိုတိုဝတ်ထားသည်။ ကျွန်တော်သည် ကိုကျော်ရင်ကိုလည်း ခွင့်မတောင်း ဂီတာတီးနေသူကိုလည်း ဘာမှ မပြောဘဲ အခန်းတွင်းသို့ဝင်ကာ ဂီတာတီးနေသူ၏နောက်မှအသာရပ်ကာ ဂီတာတီးခြင်းကိုလည်းကောင်း သီချင်းဆိုခြင်းကိုလည်းကောင်း အံ့အားတသင့်ကြည့်နေမိပါသည်။

ထိုစဉ်က သူဆိုနေသောသီချင်းကို အထူးပင် အမှတ်တရ ရှိနေပါသည်။ လွန်ခဲ့သောနှစ်များက ခေတ်စားခဲ့သော အဆိုတော်ခင်မောင်ထူး၏ "ဇာတ်တော်ထဲမှာအလွမ်းဆုံး" ဆိုသည့်သီချင်းဖြစ်ပါသည်။ သူသည် ဂီတာအား အာရုံပါရှိ တီးလျက် ရှိပါသည်။ သီချင်းဆိုနေပုံမှာ သူကိုယ်ပိုင်ဟန်ဖြင့် ဖြစ်ပါသည်။ ထိုသို့ပြောရသည်မှာ ထိုစဉ်က ကျွန်တော်တို့သည် စိုင်းထီးဆိုင်သီချင်းဆိုပါက စိုင်းထီးဆိုင်အသံအား အနီးစပ်ဆုံးဖြစ်စေရန်သော်လည်းကောင်း ခင်မောင်တိုးသီချင်းဆိုပါက ခင်မောင်တိုး၏ အသံနှင့် နီးစပ်စေရန်သော်လည်းကောင်း တုပသီဆိုတတ်ခဲ့ကြပါသည်။

သည်ပုဂ္ဂိုလ်ကတော့ သီချင်းကို အဆိုတော်၏အသံအား တုပသီဆိုခြင်း မပြုဘဲ သူ့ပင်ကိုအသံဖြင့် သီဆိုလျက်ရှိရာ အလွန်ပင်နားထောင်ချင်ကောင်းလှပါသည်။ အခန်းထဲသို့ ကျွန်တော်ဝင်လာသည်ကို ကိုကျော်ရင်သိပေမယ့် ဂီတာတီးနေသူကတော့ မသိပါ။ သီချင်းဆုံးသောအခါ စာရွဲ့အလွန်တွင်တင်ထားသော ဆေးပေါ့လိပ်အား ပီးစပ်တွင်တပ်ကာ မီးညှိဖွာရှိုက်ပါသည်။ ပြီးမှ ဘေးတွင် ကျွန်တော်ရောက်နေသည်ကို တွေ့လွှားပါသည်။ သူက အငေါ်စပြုံပြပါသည်။ အလွန်ရိုးသားနွေးထွေးသော မျက်လုံးအကြည်ဖြင့် ပြုံပြခြင်းဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ပြုံလိုက်သောအခါ သွားပီးစပ်များစုံသွားရာ သူသွားကွဲကဲ့များကို တွေ့ရသည်။ သူသွားတွေက ကွမ်းစား ဆေးသောက်သဖြင့် ကွမ်းခြို ဆေးခြေများသွားကြားတွင် မည်းနေသည်ကို တွေ့ရပါသည်။

ကျွန်တော်က...

"အခုလိုတီးတာ ကျွန်တော် တစ်ခါမှ မတွေ့ူးဘူးဗျ" ဟု အဆက်အစပ်မဲ့ ပြောလိုက်ပါသည်။

သူက ဘာမှ မတုံ့ပြန်ဘဲ ထပ်မံပြုံပြပြန်ပါသည်။

ကျွန်တော်က...

"အဲဒီတီးနည်းကို ဘယ်လိုခေါ်လဲ" ဟု ထပ်မံ မေးခွန်းထုတ်ရာ...

"Backin ဂီတာလို့ ခေါ်တယ်ဗျ။ ဒီသီချင်းရဲ့ မူရင်းအဆိုတော်က ဂျွန်ကျူဂါဗျ သူတို့ပိုင်းက Backin ကောင်းတယ်ဗျ။ Hard Rock တွေပေါ့ဗျာ"

ကျွန်တော်သည် ဂီတာဝါဒနာပါသော တေးသားတစ်ယောက် အလိုက်ကန်းဆိုး မသိ၊ တစ်ဖက်လူ ဖြေလိုသည်၊ မဖြေလိုသည် မသိဘဲ ကိုယ်မေးချင်ရာတွေ လျှောက်မေးနေဖြစ်ခဲ့ပါသည်။

သူသည် ကျွန်တော်မေးသမျှကို ပြုစင်စွာ ပြန်လည် ဖြေကြားပေးခဲ့ပါသည်။ သူ့အဖြေများသည် ဆရာကြီးပုံစံပေါက်မှာကို စိုးသဖြင့် ထိန်းထိန်းသိမ်းသိမ်း ဖြေဆိုနေပုံပေါက်ပါသည်။

ကျွန်တော်က "Backin Guitar ဆိုတာ သီးသန့်သင်လို့ ရသလားဗျ" ဟုမေးရာ...

ကျွန်တော်တော့ ဒီလိုပဲ သီချင်းခွေတွေနားထောင်ရင်း ဂီတာကို လိုက်တီးတာပဲ၊ ခနစ်တကျသင်ပြီး တတ်လာတာတော့ မဟုတ်တူး ကျွန်တော့်အထင် Backin Guitar တီးဖို့ အလေ့အကျင့်တွေ လိုမယ်ထင်တယ်ဟု ထိန်းထိန်းသိမ်းသိမ်းဖြေပါသည်။

ကျွန်တော်က "ဗီဗီအတွက် အနောင့်အယှက်ဖြစ်ပါက ခွင့်လွှတ်ပါ၊ ဘာညာ" စသည်ဖြင့် ပဋိသန္ဓာရစကား မဆိုပါ။

"လုပ်ပါအုံး ဆက်တီးပါအုံး နားထောင်ရအောင်" ပြောသော်လည်း သူဆက်၍ မတီးတော့ပါ။

သူက အဆက်အစပ် မရှိ "ကက်ဆက်နားထောင်ရအောင်" ပြောပြီး Tape တစ်ချပ်အား ကက်ဆက် Player အတွင်းထည့်၍ Play ပါသည်။

ကျွန်တော် အရပ်ကြိုက်တယ်ဟုပြော၍ Tape Cover အား ယူ၍ကြည့်ဖိပါသည်။ ကျွန်တော် ဘာမှ နားမလည်ပါ။ နားလည်ချင်ယောင်လည်း မဆောင်ပါ။

"ဘယ်သီချင်းလည်း မသိဘူး" ဟု Tape Cover အား ကြည့်ရင်း မေးမိပါသည်။

"Telegraph Road တယ်လီဂရပ်လမ်းမပေါ့ဗျာ"

"နည်းနည်းလောက် ပြောပြမလား"

"ကြေးနန်းကြိုးတွေအကြောင်း ပွဲ့ထားတဲ့သီချင်းပါပဲ၊ ကြေးနန်းရိုက်တဲ့ ကြေးနန်းကြိုးတွေနေမှာပါ"

Music Composition နဲ့ သီချင်းဖွဲ့စည်းပုံ သိပ်ဝိုက်တယ်။ Guitar ကိုတီးထားတာက ကြေးနန်းကြိုးတွေရဲ့ အခြေအနေနဲ့ ကိုက်ညီအောင် တီးထားတာ၊ မှန်ကန်တဲ့ အကြောင်းအရာပေါ်မှာ မှန်မှန်ကန်ကန်ဖွဲ့စည်းထားတဲ့သီချင်းပါ။

"ကျွန်တော် နားမလည်ဘူး ယောဘုယျသဘောပြောရဲ့နဲ့ ကျွန်တော် နားမလည်ဘူး"ဟု ကျွန်တော်ကပြောတော့...

"ကြေးနန်းကြိုးတွေက မြေပြန့်မှာသွယ်တန်းထားရင် မြေပြန့်မှာသွယ်တန်းထားတဲ့အခြေအနေနဲ့ ကိုက်ညီအောင် Guitar ကို တီးထားတယ်၊ ကြေးနန်းကြိုးတွေက မြေပြန့်ကနေ တောင်ကုန်းမြင့်တွေဆီ တက်သွားတဲ့အခါ Guitar ကို စတ်ကြိုးတွေအပြင့်တစ်နေရာဆီ တက်သွားသလို ခံစားရအောင် တီးပြထားတာ၊ အဲလိုပဲ စတ်ကြိုးသွယ်တန်းမှုဟာ တောင်ကုန်းထိပ်ကနေ တောင်အောက်ဆီဆင်းသွားရင်လည်း ဂီတပွဲစဉ်းပုံက စတ်ကြိုးတောင်အောက်ကို သွယ်တန်းသွားတာကို သရုပ်ဖော်တီးခတ်ထားတာယ်၊ ဒီလို ထင်တာပဲလေ၊ ကျွန်တော်လည်း သိပ်မသိပါဘူး"ဟု ပြောပါသည်။

သူကသာ သိပ်မသိပါဘူးဟု ပြောသည်။ သူပြောသော အကြောင်းအရာများမှာ ကျွန်တော့်အတွက် အသစ်အဆန်းများချည်း ဖြစ်သည်။ ဂီတပြင့် သဘာဝကို ဖော်ကျူးခြင်းပင် မဟုတ်ပါလား။

ကျွန်တော်က "ကျွန်တော်တို့ own tune တွေမှာရော ဒီလိုတီးတာ ရှိသလားဗျ"ဟု ဆက်၍ စပ်စုပါသည်။

သူက "ရှိတာပေါ့၊ ခင်ဗျောင်းတို့ရဲ့ 'ဆည်းလည်းခတ်သံ' တို့ 'ကြိုးကြာသံ' တို့ ခင်ဗျားနားထောင်ကြည့်၊ ကြိုးကြာသံသီချင်းဆိုရင် ကြိုးကြားဂုဏ်တွေ အုပ်ပွဲ့ပြီး အတောင်ပံတွေ ညီညီညာညာခတ်ပြီး အားမာန်ရှိရှိ ပျံသန်းသွားတာကို ဂီတမှာ ခံစားနိုင်မယ်၊ စိတ်ဝင်စားဖို့ လိုသလို ဇီလင်လည်း လိုတာပေါ့၊ ခံစားတတ်ဖို့ပေါ့ ဗျာ၊ ဆည်းလည်းခတ်သံသီချင်းမှာလည်း သစ်ရွက်ကြွေတာ၊ စပ်းချောင်းကလေးရဲ့ ရေစီးသံ၊ ကွေ့ဝင်ကလေး ရုတ်တရက်ထပ်ပဲလို့ သစ်ရွက်ခြောက်ကလေး ဖွာတ်ခနဲ လွင့်ကြွေသွားတာကလေးကို စာသားနဲ့ ဂီတရောပြီး နားထောင်တတ်ဖို့ လိုမှာပေါ့၊ စောင်းကြိုးနှိုက်သံသီချင်းဆိုရင်လည်း Music မှာကို ခေါင်းလောင်းထိုးသံတွေ ထည့်ထားတာ အလွယ်တကူကြားနိုင်ပါတယ်၊ ဂရုတစိုက်နားထောင်ရင် တွေ့နိုင်ပါတယ်"

"ကျွန်တော်လည်း ဝါသနာတော့ပါတယ်၊ အဲပေမဲ့ ဂီတနဲ့ပတ်သက်လို့ ဗဟုသုတလည်း မရှိပါဘူး၊ ဆရာကောင်းသမားကောင်းနဲ့ မသင်ခဲ့ရဘူး၊ ပါရမီလည်း ပါမှဲ့ မရပါဘူး"ဟု ကိုယ့်အဖြစ်ကို အားမလိုအားမရဖြစ်စွာ သူ၏ ဂီတနှင့်ပတ်သက်သော အသိအမြင်များအပေါ် လေးစားကိုင်းညွှတ်စွာ ပြောဖိပါသည်။

နောက်တော့ ကျွန်တော်တို့သည် အာလာပသလ္လာပများ ပြောနေဖြစ်ခဲ့ပါသည်။

ကျွန်တော်က ပညာရေးဝန်ထမ်းမိသားစုမှ မွေးဖွားကြီးပြင်းခဲ့သူတစ်ဦးဖြစ်ကြောင်း ဖခင်မှာ မြင်းမူပြိုတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ပြောပြစ်ပါသည်။

သူကလည်း သူ့အဖေမှာ သတ္တုပိုင်း အင်ဂျင်နီယာတစ်ဦးဖြစ်ကြောင်း နမူတ္တောတ်တွင်း၌ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ပြောပါသည်။

■ ■ ■

ကျွန်တော်သည် ဂီတာတီးကောင်းပြီး သီချင်းဆို ကျွမ်းကျင်သော သူငယ်ချင်းသစ်တစ်ယောက်ရသောကြောင့် ဝမ်းမြောက်နေမိပါသည်။ ကိုယ်တိုင်က ဂီတာတီးခတ်ခြင်း သီချင်းသီဆိုခြင်းအပေါ် လွန်စွာ ခုံမင်တပ်မက်ခဲ့သူဖြစ်ပြီး စနစ်တကျ တတ်ကျွမ်းလိုသောစိတ်ကလည်း ရှင်သန်လျက်ရှိသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့သည် အဆောင်တွင် အခါအားလျော်စွာ နံနက်စာ အတူစားကြသည်။ တစ်ခါတစ်ရံ ညနေစာ အဆောင်ထမင်း အတူစားကြသည်။ တစ်ခါတစ်ရံ ကျွန်တော့်အခန်းသို့ လာလည်တတ်သည်။ ဆေးလိပ်၊ ကွမ်းယာ မျှစေ့စားသောက်တတ်ခဲ့သည်။

သူသည် ရတနာပုံဆောင်တွင် အပေါ်ထပ်မှာနေပြီး ကျွန်တော်က အောက်ထပ်မှာနေသူ ဖြစ်ပါသည်။ သူနှင့် တစ်ပေကျော်တည်းသူငယ်ချင်းများ ကျွန်တော့် အခန်းနှင့် ကပ်လျက်ဖြစ်သောကြောင့် သူသူငယ်ချင်းများအခန်းတွင်သာ များသောအားဖြင့် ရှိနေတတ်ခဲ့ပါသည်။ သူသည် များသောအားဖြင့် ကျင်းဘောင်ဘီး၊ တီရွပ်ဖြင့်သာ အနေများခဲ့ပြီး ပုလောင်သောရာသီများတွင် စွပ်ကျယ်ဖြင့် အနေများပါသည်။

ကိုကျော်ရင်တို့၊ ကိုဌေးအောင်တို့မှာ များသောအားဖြင့် ဘောင်ဘီတို (Short Pants)၊ တီရွပ်ဖြင့် အနေများသဖြင့် ကျောင်းပတ်ဝန်းကျင်တွင် သူတို့၏ ဝတ်စားဆင်ယင်မှုမှာ အနည်းငယ်တော့ ထူးခြားနေခဲ့ပါသည်။

ကျွန်တော်သည် တစ်ခါတစ်ရံ ကိုလေးပြုတို့အုပ်စုဖြင့် သူတို့ထိုင်သော လက်ဖက်ရည်ဆိုင်သို့ လိုက်ထိုင်ပါသည်။ သူတို့ အများအားဖြင့်ထိုင်သော လက်ဖက်ရည်ဆိုင်မှာ (၇၃)လမ်းဟေားရှိ "သီတာအေး"လက်ဖက်ရည်ဆိုင် ဖြစ်သည်။ ထိုဆိုင်သည် သူတို့အုပ်စုနှင့် ဆွေမျိုးရင်းချာကဲ့သို့ ဆက်ဆံရေး ရှိနေပါသည်။ ထိုဆိုင်သည် သူတို့အတွက် လက်ဖက်ရည်၊ ပေါက်စီ၊ မုန့်ဆား၊ အိုကြာကွေးသောမက ခေါက်ဆွဲပြုတ်စားချင်သည်ဆိုလည်း ခေါက်ဆွဲပြုတ်လုပ်ပေးပါသည်။

သီတာအေးလက်ဖက်ရည်ဆိုင်သည် ကိုလေးပြုတို့အုပ်စုအပေါ် အနုံအတာလည်း ခံပါသည်။ သီတာအေးလက်ဖက်ရည်ဆိုင်ပိုင်ရှင်သည် ဆိုင်နောက်တွင် အိပ်မကြိုရှိပြီး ၎င်းအိပ်မကြိုအပေါ်ထပ်အား အပျိုသမီးဆောင် ဖွင့်ထားပါသည်။

တစ်ခါတစ်ရံ အဆောင်သူများသည် စာကျက်ရာမှဆင်း၍ လက်ဖက်ရည်သောက်လေ့ ရှိပါသည်။ ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်မှ ထလျှင် ဗောဓိကုန်းရပ်ကွက်အတွင်းရှိ အဆောင်တစ်ဆောင်သို့ ဂီတာတီးသွားကြမည်ဖြစ်ရာ ဂီတာတစ်လက်အား အဆောင်မှ တစ်ပါတည်း ယူဆောင်လာတတ်ခဲ့ပါသည်။ အဆောင်သူများက ကိုလေးမြူတို့အဖွဲ့နှင့်ဂီတာအား တွဲလွှက်မြင်ရပါက အင်္ဂလိပ်သီချင်းတစ်ပုဒ်လောက်ဆိုပြပါဟု တောင်းဆိုတတ်ကြပါသည်။ ကိုလေးမြူက ပခုံ့မရဲမျက်မှာပေးဖြင့် အဆောင်သူများကို တစ်ချက်ငေ့ကြည့်ရင်း . . .

"ဘယ်လိုလဲ ကိုကြီး တစ်ပုဒ်လောက် လုပ်ပေးလိုက်ရမလား" ဟု ကောင်တာတွင်ထိုင်နေသော ဆိုင်ပိုင်ရှင်၏သားကြီး ညြရသားအား လှမ်း၍ ခွင့်တောင်းရာ အဆောင်သူများက "ကိုကြီး . . . တစ်ပုဒ်လောက်ပါ" ဟု အဝိုဆောင်းပဲဖြင့် တောင်းဆိုကြပါသည်။ သီတာအေးတွင်ထိုင်သော ဖောက်သည်ကျောင်းသား အများစုမှာ ဝိသားစုသဖွယ်ဖြစ်နေသဖြင့် ဆိုင်တွင် ညြစေတိုက္ကမရှိသော ကိုကြီးက "ကဲပါ-လုပ်ပါ၊ တစ်ပုဒ်လောက်တော့ ရပါတယ်" ဟု ခွင့်ပြုလိုက်ရာ အဆောင်သူတို့၏ လက်ခုပ်သံများ ညံထွက်သွားပါသည်။

ထို့နောက် ကိုလေးမြူက မာန်ပါပါဖြင့် ဂီတာကို ကောက်ကိုင်လိုက်ပြီး Intro တီးကာ သီချင်းဆိုရာ အဆောင်သူများ ပွစိပွစိဖြင့် အဆောင်ပေါ် ပြန်တက်သွားပါသည်။ ကိုလေးမြူဆိုသော အင်္ဂလိပ်သီချင်းမှာ မူလတန်းကျောင်းသားတုန်းက ကျောင်းခန်းတွင်းဆိုခဲ့ရသော "Black Eye Susan" သီချင်းဖြစ်သောကြောင့် ဖြစ်သည်။

သီတာအေးလက်ဖက်ရည်ဆိုင်နှင့် ကိုလေးမြူတို့အုပ်စုဆက်ဆံမှုမှာ အလွန်ပင် ရင်းနှီးပါသည်။ တက္ကသိုလ်ကျောင်းတော်သားများနှင့် တက္ကသိုလ်ပတ်ဝန်းကျင်ရှိ ဆိုင်များ၏ တွေ့ရလေ့ရှိသော ရင်းနှီးမှုပုံပန်းသဏ္ဌာန်ပင် ဖြစ်ပါသည်။ သီတာအေး လက်ဖက်ရည်ဆိုင်ဝိသားစုအတွင်းမှ လှမူရေး စီးပွားရေးနှင့်ပတ်သက်၍ ထူးခြားသော ဆောင်ရွက်ချက်ရှိပါက ကိုလေးမြူတို့အုပ်စုမှ တတ်စွမ်းသမျှ လိုအပ်သလို ဝိုင်းဝန်းဆောင်ရွက်ပေးလေ့ ရှိပါသည်။ တစ်ခါကတော့ သီတာအေးဝိသားစုဝင်တစ်ဦး မင်္ဂလာဆောင်ပါသည်။ မြို့လယ်ကောင်နာရီစင်အနီး မြို့တော်ခန်းမတွင်ဖြစ်ရာ ကျွန်တော်တို့ တစ်ပွဲလုံးသွားရောက်၍ လုပ်ဆောင်စရာရှိသည်များ ဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။ ကိုလေးမြူက ညေ့ခံပွဲတွင် သီချင်းဆို၍ လက်ဖွဲ့ပါသည်။ ကျောင်းသားဘဝတွင် အလွန်ပျော်စရာကောင်းသော အတွေ့အကြုံအဖြစ် အမှတ်ရနေမိပါသည်။

ကျွန်တော်တို့သည် များသောအားဖြင့် သီတာအေးတွင် လက်ဖက်ရည်သောက်ပြီး ည(၉)နာရီခွဲခန့်တွင် အပျိုးသမီးဆောင်တစ်ဆောင်သို့ နေရာရွှေ့ကြပါသည်။ ကျွန်တော်တို့ နေရာရွှေ့သောအဆောင်မှာ များများစားရှိပါ၊ အပြင်ဆောင်ဆိုလျှင် ကျောင်းအလှူတာက် ခွမ်းပြေငှိပ်မှုန့်အမျိုးသမီးဆောင်ပြင်ပြီး ကျောင်းဝင်းအတွင်း အတွင်းဆောင်ဖြစ်ပါက သစ္စာဆောင်ရှေ့တွင်သာ သီဆိုတီးခတ်လေ့ရှိပါသည်။

တကယ်တမ်းတော့ သစ္စာဆောင်တွင် သီချင်းဆိုရသည်မှာ အဆင်မပြေပါ။ အဆောင်သူ၏အခန်းနှင့်ခြံစည်းရိုးသည် အတန်ပင်လှမ်းပြီး ဗိဝိတ္တိသိဆိုသော သီချင်းကို အဆောင်သူကြားနိုင်ရန် အတော်ပင် အသံမြှင့်၍ ဆိုကြရသည်။ နောက်ထပ်အခက်အခဲမှာ ကိုလေးမြူဆိုသောသီချင်းအများစုမှာ အင်္ဂလိပ်လို မူရင်းသီချင်းများသာဖြစ်သောကြောင့် ဘေးလူများ အလွယ်တကူ ဝင်ရောက်သံပြိုင်သီဆို၍ မရခြင်းပင်။ သို့ဖြင့် သစ္စာဆောင်တွင် သီချင်းဆိုတိုင်း ကိုလေးမြူအနေဖြင့် အသံကုန်သီဆိုရလေ့ ရှိခဲ့ပါသည်။

တစ်ခါကတော့ မုံရွာမှ မန္တလေးသို့ပြောင်းလာခါစ ပထမနှစ်ကျောင်းသားတစ်ယောက် သစ္စာဆောင်ရှေ့မှာ ကစဉ့်ကလျား ဖြစ်သွားမှုးသည်။

အမြဲမှာ ထိုစဉ်ကRockတွင် ပြိုင်ဘက်မရှိ နာမည်ရလာသော အဆိုတော်တစ်ယောက်၏သီချင်းအား Series သွင်းရန် ရည်ရွယ်ချက်ရှိသော ဝါသနာရှင် အဆိုတော် ပထမနှစ်ကျောင်းသားက ဂီတာတီးနေရာ သစ္စာဆောင်ရှေ့တွင် ကိုလေးမြူ၏ဂီတာဖြင့် တီးခတ်သီဆိုပါသည်။ သီချင်း၏အဝိုဖ်များအား သီဆိုရာတွင် အခက်အခဲမရှိသော်လည်း သံမြိုင်ပိုဖ်တွင် မသီဆိုဖိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ ထိုအဖြစ်မျိုးမှာ အဆန်းတကြယ်မဟုတ်သော်လည်း လူငယ်၏ဆံပင် တရမ်းရမ်း ခေါင်းခါလည်ခါသီဆိုပုံများမှာ ကျွန်တော်တို့အဖွဲ့ထဲမှာ အားမနာဘဲ သရုပ်ဆောင်လောင်ပြောင်တတ်သော ဝိလုံဒိုင်းနှင့်တည့်တည့်တိုးခဲ့ရသည်။ (နောက်တော့ ထို ပထမနှစ်ကျောင်းသားကလေးမှာ ရန်ကုန်တေး Series လောကတွင် Album သုံး လေးခုမျှ ကြိုစားပမ်းစား သီဆိုထုတ်ဝေခဲ့သေးသော်လည်း အောင်မြင်မှုမရခဲ့ကြောင်း သိရပါသည်။ စကားခွင်။)

ကျွန်တော်တို့သည် အပျိုးသမီးဆောင်များသို့ သွားရောက်၍ ဂီတာတီးလေ့ရှိသော်လည်း အပြတ်မ်းတော့ မဟုတ်ခဲ့ပါ။ ကျွန်တော်သိသလောက် ထိုစဉ်က ကိုလေးမြူတွင်လည်း ကိုယ်ပိုင်ဂီတာကောင်းကောင်း မရှိဘဲ ဂီတာကောင်းတစ်လုံး ရှာဖွေရရှိလာသောအခါတွင်လည်းကောင်း အဆောင်များသို့ ဂီတာသွားတီးရန် အာသီသရှိသောအခါတွင်လည်းကောင်း အပျိုးသမီးဆောင်များသို့သွား၍ ဖျော်ဖြေကြပါသည်။

ထိုသို့သွားရောက်ကြရာတွင် များသောအားဖြင့် တက္ကသိုလ်၏အရှေ့ဘက်ရှိ ခွမ်းပြေငှိပ်မှုန့်ဆောင်သို့ သွားရောက်ဖျော်ဖြေသည်က များပါသည်။ ခွမ်းပြေငှိပ်မှုန့် အပျိုးသမီးဆောင်တွင် ကိုလေးမြူ၊ ကိုဌေးအောင်၊ ကိုကျော်ရင်၊ ကိုကျော်ဌေး

တို့၏ သူငယ်ချင်းဝိန်းကလေးများ တစုတစည်းတည်း နေထိုင်ကြသည်။ သူတို့သည် ကျောက်ပဲ၊ သီပေါ်၊ လားရှိး တောင်ကြီး၊ မိုးကုတ် စသည်ပြိုများမှ လာရောက် ကျောင်းတက်ကြခြင်း ဖြစ်သည်။ သူတို့သည် များသောအားဖြင့် တရုတ်သွေး ပါသူများသာ ဖြစ်ကြသည်။

ကျွန်တော်တို့က တတိယနှစ်ရောက်မှ မန္တလေးသို့ရောက်ကြရသူများ ဖြစ်သော်လည်း ကိုလေးမြူနှင့် သူငယ်ချင်းအများစုမှာ ပထမနှစ်ကတည်းက မန္တလေး တက္ကသိုလ်(ရတနာတုပ္ပိ)နယ်မြေသို့ ရောက်ရှိခဲ့ကြသူများ ဖြစ်ပါသည်။

ကိုလေးမြူ၏ သူငယ်ချင်းဝိန်းကလေးများမှာ အထူးသဖြင့် ကိုဌေးအောင်၊ ကိုကျော်ရင်တို့နှင့်သာ အထူးခင်မင်ရင်းနှီးသူများ ဖြစ်ပါသည်။ သူတို့ ဘယ်လောက် ရင်းနှီးသည်၊ သူတို့၏ဆက်ဆံရေး ဘယ်လောက်ရှိသည်၊ ဝိန်းကလေးသူငယ်ချင်း တွေ၏ အထူးပြုဘာသာရပ်၊ နေရပ်ဇာတိများကိုလည်း ကျွန်တော် မစေ့စေ့ဖြင့် တိတိကျကျ ရေးမပြနိုင်ခဲ့ပါ။

ယောဘယအားဖြင့် သိရသည်မှာ အင်္ဂလိပ်စာပေအထူးပြု စိတ်ပညာ အထူးပြုဘာသာရပ်ယူသူများဟု သိရပါသည်။ သူတို့သည် နယ်ကောလိပ်တွင် နေရသည်ထက် မန္တလေးတွင်နေရလျှင် ပြီးရောဆိုသည့်သဘောဖြင့် မန္တလေး တက္ကသိုလ်တွင် သင်ယူရမည့် အထူးပြုဘာသာရပ်များကို ရယူခဲ့ပုံ ရပါသည်။

ကိုလေးမြူတို့ ဂီတာတီးရာသို့ လိုက်သွားတိုင်း အပြင်ဆောင်ဆိုလျှင် ချမ်းမြေ့ရေးပွဲနှိုးသံ ဦးတည်တတ်ခဲ့ပါသည်။ ချမ်းမြေ့ရေးပွဲတွင် ဂီတာတီး တိုင်းလည်း အဖေါ်းအသင်းသူငယ်ချင်း အင်အားစုလေ့ ရှိပါသည်။ ကျွန်တော်တို့ ဂီတာဝိုင်းတွင် တစ်ခါတစ်ရံ အင်အား(၁၇)ယောက်ခန့်အထိရှိသော ဝိုင်းကြီး ဖြစ်ပါသည်။ ထိုစဉ်က ပုသိမ်ကြီးတွင်နေပြီး သီချင်းဆိုကောင်းသော၊ ရုပ်ဖြာဝံ့သော မောင်ဦးလည်း၊ ကိုလေးမြူ ဦးဆောင်သော ဂီတာဝိုင်းသို့ ပါလာလေ့ရှိသည်။ (၃၅)လမ်း ရထားသံလမ်းကူများတွင် နေသော "ယကြီး" (ယခု အဆိုတော် ဟယ်ရီလင်း)လည်း တစ်ခါတစ်ရံ ရောက်လာတတ်သည်။

ကျွန်တော်လိုက်ပါခဲ့ပူးသော ကိုလေးမြူ၏အဆောင်ရေ့ ဂီတာဝိုင်းများတွင် သီဆိုလေ့ရှိသော သီချင်းအများစုများမှာ ဘိုသီချင်းများသာ ဖြစ်သည်။ အဆောင်ရေ့တွင် ဆိုသော ဘိုသီချင်းအားလုံးမှာလည်း နေ့လယ်ခင်းတစ်ခင်းလုံး အဆောင်က အခန်းထဲတွင် ကက်ဆက်မှတ်လိုက်၊ ဖိတ်လိုက်ဖြင့် သီချင်းကူးကာ ဂီတာတစ်လက်ဖြင့် ကိုယ်တိုင် Cord ရွတ်းခတ်လေ့ကျင့်ခဲ့သော သီချင်းများသာ ဖြစ်သည်။

အဲဒီတုန်းက ကိုလေးမြူ အများဆုံးသီဆိုခဲ့သော Europe, Bryan Adam, John Von Jovi, Scorpion, Cindrella, Van Halen,

House of Lord, Smokies, Rod Steward, Eagle, Phillcolin Dire Strait တို့၏ သီချင်းများကို ယခုအချိန်အထိ နားထဲမှ မထွက်သေးပါ။

ည(၉)နာရီ၊ (၁၀)နာရီခိုလျှင် ချမ်းမြေ့ရေးပွဲနှိုးရှေ့မှာ အနည်းဆုံး ဂီတာဝိုင်း(၂)ဝိုင်း (၃)ဝိုင်းတော့ ရှိနေတတ်သည်။ ကိုလေးမြူတို့ဝိုင်းရောက်လျှင်တော့ ပို၍ စည်ကားတတ်ပါသည်။

ဂီတာဝိုင်းများတွင် ပြဿနာမထားဘဲ လိုက်နာရသောစည်းကမ်းချက် များ ရှိပါသည်။ ကိုယ့်အလှည့်ရောက်ပါက သီချင်းတစ်ပုဒ်သာ အလှည့်ကျတီးခတ်ကြခြင်း ဖြစ်ပါသည်။ ဝိုင်းတစ်ဝိုင်းက သီချင်းတစ်ပုဒ်တီးပြီးလျှင် အခြားဝိုင်းတစ်ဝိုင်းသို့ အလှည့်ပေးသည့်အနေဖြင့် ဝိဝိတီးခတ်သီဆိုခြင်းကို အလိုအလျောက် ရပ်နား ပေးရသည်။

ချမ်းမြေ့ရေးပွဲသည် အတန်အသင့်ကြီးမားသော အပျိုသစ်ဆောင် တစ်ဆောင်ဖြစ်၍ အဆောင်တွင် ကိုလေးမြူ ကိုကျော်ရင်တို့၏ သူငယ်ချင်း ဝိန်းကလေးများ သာမက မုံရွာမှလာသော ဝိန်းကလေးကျောင်းသူများလည်းရှိရာ ဂစ်တာတီးသူများထဲ တွင် သူသူငယ်ချင်း ကိုယ့်သူငယ်ချင်း ကွဲပြားမှု ရှိပါသည်။

တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားဘဝတွင် အဆောင်ရှေ့၌ ဂီတာ တီးခြင်း အားပေးခြင်းသည် ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ရှိခဲ့ပူးသည်။ အဆောင် ရှေ့တွင် ကိုယ့်ထက်အရင်ရောက်နှင့်နေသော ဂီတာဝိုင်းများရှိပါက ကိုယ့်အလှည့် ရောက်လျှင် သူတို့တီးနိုင်သော ပမာဏထက် ပို၍ တီးခတ်နိုင်သမျှ တီးခတ်မြဲ သည်။ သီဆိုနိုင်သည့် Power ရှိသမျှ သီဆိုကြရသည်။

အမှန်အတိုင်းပြောရလျှင် လူသဘောသဘာဝအရ အနိုင်ရယူလိုချင်စိတ် သည် လူတိုင်းတွင် ရှိသည်။ ထိုသဘောသဘာဝအတိုင်းသာလျှင် ဖြစ်သည်။ ဂီတာ တီးခြင်း သီချင်းဆိုခြင်းနှင့်ပတ်သက်၍ ထူးထူးခြားခြား အဆင့်အတန်း ခွဲခြားပြရန် မလိုပါ။ ဂီတာတီးခတ်ခြင်း၌ ကောင်းမွန်စွာ တီးခတ်ခြင်း၊ သီချင်းသီဆိုခြင်း၌ ပီပြင်စွာ သီဆိုနိုင်ခြင်းတို့သည် လွယ်ကူစွာ ခွဲခြားနိုင်ပါသည်။ အထူးသဖြင့် ဂီတာတီးခတ် သီဆိုလေ့ရှိသော လူငယ်အချင်းချင်း ပို၍ သိနိုင်ပါသည်။

ကိုယ်ပိုင်သံစဉ် သီချင်းရိုးရိုးအေးအေးကလေးများဟု ဆွဲဆောင်မှုမရှိ၍ မဟုတ်ပါ။ အဆောင်သူများလည်း ကြိုက်တတ်လေ့ရှိသော သီချင်းပုဒ်ရေများစွာ ရှိပါသည်။ သို့သော် သီဆိုရာတွင် အားပါသော ပြိုင်တူအဝိုဒ်များတွင် မြန်ကြွလွင်လန်း စေသော ကိုလေးမြူသီဆိုလေ့ရှိသည့် Rock သီချင်းများသည် များသောအားဖြင့် ပတ်ဝန်းကျင်ဂီတာဝိုင်းကလေးများအပေါ် လွှမ်းမိုးနိုင်ခဲ့သည်ချည်း ဖြစ်သည်။

အဆောင်ရှေ့တွင်ရှိနှင့်သော ဂိတာဝိုင်း(၃)ဝိုင်းတွင် ကိုလေးမြူသီချင်း (၂)ပုဒ်လောက်ဆိုပြီးခြိန်တွင်(၂)ဝိုင်းခန့်မှာ တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားတတ်ခဲ့သည်။ ကျွန်သောတစ်ဝိုင်းမှာလည်း သိပ်အချိန်ကြာကြာတော့နေလေ့ မရှိပါ။ သီချင်း(၃)ပုဒ်၊ (၄)ပုဒ်ခန့်ဆိုပြီးချိန်မှာတော့ အဆောင်ရှေ့တွင် ပြိုင်ဘက် မရှိ ဆိုရ တီးရတတ်လေ့ ရှိခဲ့ပါသည်။

ကိုလေးမြူသည် လည်းကောင်း ကိုကျော်ရင်သည်လည်းကောင်း ကို ကျော်ကျော်ဌေး(ယခု အဆိုတော်ဝိုင်ဝိုင်း)သည် လည်းကောင်း အင်္ဂလိပ်သီချင်း မူရင်း များအား ပီပီပြင်ပြင်သီဆိုနိုင်သူများ ဖြစ်သည်။ ကိုယ်ပိုင်သံစဉ် မြန်မာလိုဆိုသော သီချင်းကို ကြိုးစားသီဆိုရန်လုံ့လရှိသော အဆောင်ရှေ့က ဂိတာဝိုင်းများထဲတွင် ကိုလေးမြူ ပါဝင်သော ဂိတာဝိုင်းသည် ထိပ်တန်းကသော ဂိတာဝိုင်းတစ်ဝိုင်း ဖြစ်ခဲ့ပါသည်။ အဆောင်ရှေ့တွင် ဂိတာတီး၍ သီချင်းဆိုတိုင်း ကိုလေးမြူနှင့် ကိုကျော်ကျော်ဌေး (ကျွန်တော်တို့အခေါ် ကိုကျော်ဌေး)မှာ ဂိတာကို ပင်တိုင်တီးလေ့ ရှိခဲ့ပါသည်။

သို့ဆိုသမြှင့် ကိုလေးမြူသည် ဘေးမှ ကိုယ်နှင့်တီးဖော်တီးဖက် ဂိတာဝိုင်း များအား အနိုင်ယူရတိုင်း ကျေနပ်တတ်ခဲ့သည်တော့ မဟုတ်ပါ။ အလေးအနက်ထား သင့်သော၊ ထူခြောသော ဂိတာဝိုင်းများကိုတော့ အလေးထားတတ်ခဲ့ပါသည်။

တစ်ညတွင် ကျွန်တော်တို့သည် ချမ်းမြေရိပ်မွန်ရှေ့တွင်ပင် ဂိတာတီး နေကြပါသည်။ ကိုလေးမြူတို့လည်း သီချင်းများတစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုနေစဉ် ကျွန်တော်တို့အဖွဲ့ဘေးသို့ အဖွဲ့တစ်ဖွဲ့ ရောက်လာပါသည်။ အဖွဲ့သစ်ဖြစ်သမြှင့် ကျွန် တော်တို့ဝိုင်းသည် သီချင်းပြီးသည်နှင့် အဖွဲ့သစ်သီဆိုနိုင်ရန် ဂိတာတီးခြင်းအား ဆိုင်းငံ့ ပေးခဲ့သည်။ သူတို့လည်း ချမှတ်ပထားသောစည်းကမ်းကို အလိုအလျောက် နားလည်စွာ ဂိတာစတင် တီးခတ်ကြပါသည်။

သူတို့တီးခတ်သောသီချင်းမှာ "အချစ်ပြီးတော့ . . . အချစ်" ဖြစ်ပါသည်။ တီးခတ်သီဆိုပုံ ကောင်းမွန်ပါသည်။ ထူခြောသည်မှာ အမျိုးသားတစ်ယောက်တည်းက စုံတွဲသီချင်းကို သီဆိုသွားခြင်း ဖြစ်သည်။ အချစ်ပြီးတော့အချစ်မှာ စုံတွဲသီချင်း ဖြစ်ပါသည်။ ထိုသီချင်းကို အမျိုးသားတစ်ယောက်တည်းက အမျိုးသားအသံ၊ အမျိုး သမီးအသံနှစ်မျိုးဖြင့် သီဆိုဖျော်ဖြေသွားပါသည်။

ကျွန်တော်သိသလောက် "ချမ်းမြေရိပ်မွန်"သည် တော်ရုံတန်ရုံ ဂိတာ ဝိုင်းအား အားပေးလေ့ မရှိပါ။ အခုတော့ အမျိုးသမီးတစ်ယောက် ပါဝင်ဖျော်ဖြေ သည်ဟု ထင်မှတ်ယုံကြည်၍လား ပဒေသ၊ အဆောင်မှ အခန်းတံခါးများပွင့်လာပြီး စုံတွဲသီချင်းအား ပီပီပြင်ပြင်သီဆိုနေသည့် ဂိတာဝိုင်းအား အခန်းတော်တော်များများက ပြတင်းတံခါးများဖွင့်၍ အားပေးခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။

ကိုလေးမြူကိုယ်တိုင်ပင်လျှင် ထိုထူခြောသောဂိတာဝိုင်းကလေးအား အခို နား အတီးနားကာ အလေးထား အားပေးခဲ့ပါသည်။ ကျွန်တော်တို့သည် ထို ထူခြား သော ဂိတာဝိုင်းကလေးကို သိလိုခဲ့ကြ၍ စေ့ငေးမြင်နေကြပါသည်။ သူတို့သည် တက္ကသိုလ်ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှပုံသဏ္ဌာန်များ မဟုတ်ကြပါ။ သို့ပြင် တီးတိုးတီးတို့ သိလိုသည်ကို စပ်စုကြရာ မြင်ဦးလွင်မှ Physics ကျောင်းသား မော်ကြီး(အောင်မြင့်မော်)က မြင်ဦးလွင်လူငယ်သင်တန်းကျောင်းက ကလေးတွေနဲ့ တူတယ်ဟု ပြောပါသည်။ သေချာမေးကြည့်သောအခါ မြင်ဦးလွင် လူငယ်လေ့ကျင့် ရေးကျောင်းမှ ချင်းပြည်နယ်နေသို့ တက်ရောက်လာကြခြင်းဖြစ်ကြောင်း သိရပါသည်။ ထိုညက ကျွန်တော်တို့ဂိတာဝိုင်းသည် ကလေးများအား အထူးအလေးထား ဦးစား ပေးခဲ့သည်ကို ယခုအချိန်အထိ ကျွန်တော် မမေ့နိုင်ပါ။

ဂိတာကောင်းကောင်းတီနိုင်ပြီး သီချင်းကောင်းကောင်း ဆိုနိုင်သော ဂိတာ အဖွဲ့များကို အဆောင်သူများသည် သူတို့သဘောကျလျှင် သဘောကျသလို သူတို့ စားရန်ဝယ်ထားသော၊ တချို့က ဂိတာတီးသောအဖွဲ့များကိုကျွေးရန် ရည်ရွယ်၍ ဝယ် ထားသော ကိတ်မုန့်ခြောက်၊ ဆားငန်သီး၊ လိမ္မော်သီး စသည်ဖြင့် အဆောပြေစားစရာ များအား ခြင်ဆည်းကျော်၍ပေးလေ့ ရှိပါသည်။

ညဉ့်နက်သန်းခေါင်ကျော်သည်အထိ ဂိတာတီးဖြစ်သောအခါ၊ သီချင်း ဆိုဖြစ်သောအခါ အဓိက လိုအပ်သော အစာအာဟာရများမှာ မုန့် မဟုတ်ပါ၊ ရေဖြစ် ပါသည်။ ကိုကျော်ရင်တို့နှင့် အချိတ်အဆက်ရှိသော အဆောင်သူများကလည်း ကျွန်တော်တို့အဖွဲ့သားများသောက်ရန် သောက်ရေအိုးတစ်လုံးအား စောစောစီးစီး ကတည်းက ချပေးထားလေ့ ရှိပါသည်။

ကိုလေးမြူအား မလွှဲနိုင်မြဲ ပါလာသော သူငယ်ချင်းအများစုမှာ ချမ်းမြေ ရိပ်မွန်မှ ကျောင်းသူတစ်ဦးဦးအား "ကြောင်"လို၍ မဟုတ်ပါ။ ချမ်းမြေရိပ်မွန်မှ တိုက် သောရေ၊ ကွေ့သောမုန်အား စားလိုရှိလည်း မဟုတ်ပါ။ ကိုလေးမြူကိုယ်တိုင် ဂိတာ တီး၍ သီချင်းဆိုသည်ကို နားထောင်လိုရှိသော ဖြစ်ပါသည်။ သူငယ်ချင်းအများစုမှာ စည်းကမ်းရှိကြသူများ၊ အလိုက်သိကြသူများ ဖြစ်ပါသည်။ တကယ်တမ်း ဂိတာကို ကျွမ်းကျင်စွာတီးတတ်ပြီး သီချင်းကို စွမ်းအားရှိရှိ သီဆိုတတ်သော ကိုလေးမြူတို့ ကိုကျော်ဌေးတို့ သီဆိုသည့်အခါမျိုးတွင် ဘေးမှ သီချင်းလိုက်ရှာသီဆိုခြင်း၊ ညည်းခြင်း မပြုလုပ်ဘဲ ငြိမ်သက်စွာ နားထောင်အားပေးကြပါသည်။

အဆောင်ရှေ့တွင် ဂိတာတီးခဲ့သောညများတွင် နောက်ဆုံးနှစ်စာပေးပွဲ ပြေပြီးသည့်ည၊ ချမ်းမြေရိပ်မွန်ရှေ့တွင် တီးဖြစ်သောညက လွမ်းစရာအကောင်း ဆုံးဖြစ်သလို စိတ်ညစ်စရာလည်းကောင်းခဲ့သည်ကို အမှတ်ရနေမိပါသည်။

ထိုညက ကျွန်တော်တို့အားလုံး အနည်းငယ်တော့ မူးယစ်ရီဝေနေသည်ဟု ထင်ပါသည်။ အစောပိုင်းတွင် ပျော်ရွှင်စွာ တီးခတ်သီဆိုလျက်ရှိကြရာမှ ဘယ်က နေဘယ်လို ထဘောက်သည် မသိ၊ ကိုလေးမြူက စိတ်ဆိုးပြီး ထိုးမည်၊ ကြိတ်မည် လုပ်သည်။ ကိုလေးမြူ ထိုးမည်လုပ်သောကျောင်းသားမှာ ကျွန်တော့် အခန်း(၁၀၀)မှ ပတ္တမြားကိုဝင်းထွဋ်(ခ)ဝိုလုပင် ဖြစ်သည်။ ကိုဝင်းထွဋ်ကလည်း မူးလာရင် အနည်းငယ်တော့ ဖောက်လေ့ရှိသည်။ သူလိုလားချက်ကို ရေတန်းတင်လေ့ရှိသည်။ သူကို အသိအမှတ်ပြုစေချင်သည့်သဘောရှိသည်။ ကိုဝင်းထွဋ်က ကိုလေးမြူအား ဘာတောင်းဆိုသည်ကို မသိလိုက်ပါ။ ကိုလေးမြူကလည်း ကိုဝင်းထွဋ်အပေါ်(မူးလည်း မူးနေသည့်အတွက်) တစ်ခုတစ်ရာ အာရုံနောက်ကျိသွားပုံရသည်။ မူးယစ်နေသူတို့ထုံးစံအတိုင်း စိတ်ပြန်လက်ပြန်ရိုက်ကြသည်။ သည်းခံနိုင်စွမ်းနည်းကြသည်။ ကိုဝင်းထွဋ်က သူတောင်းဆိုချက်မရ၍လား မသိ၊ အဆောင်သူများချပေးသော သောက်ရေအိုးကို အဆောင်ခြံစည်းရိုးနှင့်ကပ်လျက် ပေါက်နေသော မဲလီပင်ပေါ်သို့ မ၅်တက်သွားပြီး မဲလီပင်ပေါ်မှ ရေရောအိုးပါ ပြေးကြီးပေါ်သို့ လွှတ်ချလိုက်ရာ ရေအိုးမှ ခွမ်းခနဲ ကွဲသွားခဲ့သည်။

ကျွန်တော်လည်း ဘာ ရည်ရွယ်ချက်မှမရှိဘဲနှင့် စိတ်ထင်ရာလေ့ကျက်လုပ်နေသော ကိုဝင်းထွဋ်၏အပြုအမူအပေါ် အနည်းငယ်တော့ စိတ်မကျသွားမိသည်။ သူမှာ အခြားမျိုးသိပ်ရမှုတစ်ခုကို ဒီနည်းလမ်းဖြင့် ထွက်ပေါက်ရှာတာလည်း ဖြစ်နိုင်ပါသည်။ သူဘဝ၊ သူအကြောင်း၊ သူစိတ်ဓာတ်ကို နားအလည်နိုင်ဆုံးလူမှာ ဒီဂိုဏ်ဝိုင်းတွင် ကျွန်တော်တစ်ယောက်သာ ရှိလိမ့်မည် ထင်သည်။ သူနှင့် ကျွန်တော်သည် ရတနာပုံဆောင်၊ အခန်းအမှတ်(B-7)မှာကတည်းက ခုတင်ချင်းကပ်လျက် အတူနေခဲ့သူဖြစ်ပြီး (မန္တလေးတက္ကသိုလ်)ရွှေပြည်အေးဆောင် ရောက်သောအခါ နှစ်ယောက်ခန်းတစ်ခန်းတည်းတွင် အခန်း Partner အဖြစ် စိတ်တူကိုယ်တူ အဖော်အထစ်မရှိနေခဲ့ကြသူများ ဖြစ်ပါသည်။

သို့သော် ထိုညက ကိုဝင်းထွဋ်၏အပြုအမူအပေါ်မှာတော့ ရင်နှီးချစ်ခင်ပြီးဖြစ်သည့် ကိုလေးမြူသည်ပင်လျှင် သည်းမခံနိုင်ဖြစ်ကာ ကိုဝင်းထွဋ်အား ဆွဲထိုးမည်ဟန်တပြင်ပြင် ဖြစ်ခဲ့ရပါသည်။

ထိုညသည် ကျောင်းသားဘဝနောက်ဆုံးညဖြစ်သည်။ ထိုအသိက ကျွန်တော်တို့နှလုံးသားအပေါ် အလေးလံဆုံး ဖိစီးထားခဲ့သည်။ ထိုညက ကျွန်တော်တို့အဖွဲ့တွင် လူအတော်နုံပါသည်။ ကိုလေးမြူအား ဗဟိုပြု၍ ဖွဲ့စည်းလာသော သူငယ်ချင်းအင်အား (၃၀)နီးပါးခန့်ကား ရှိမည်ထင်ပါသည်။ မန္တလေးပြိုထဲမှ သူငယ်ချင်းများလည်းပါဘာကို ကျွန်တော် မှတ်မိနေသည်။ မန္တလေးပြိုထဲမှလာသော သူငယ်ချင်းများကတော့ ကိုလေးမြူကိုသာ သိသည်၊ ကိုဝင်းထွဋ်ကို သိပုံမပေါ်၊ သူ

တို့သည်လည်း ကိုလေးမြူ ဒေါသထွက်သောအခါ ကိုဝင်းထွဋ်အပေါ် စိတ်ပျက်ပုံရကြသည်။ နောက်တော့ မကြာပါ၊ ကိုလေးမြူက "တော်ပြီကွာ၊ ပေ့ကောင် ဖိုးလှသွားပယ်...သွားပယ်"ဟုဆိုကာ ဂီတာဝိုင်းအား ဖိုးအလင်းထိတီးမည်ဟု အားခဲထားသော်လည်း ညသန်းခေါင်ကျော်(၁)မှာရီခန့်တွင် ဝိုင်းသိမ်း၍ အဆောင်သို့ပြန်ခဲ့ကြပါသည်။ ထိုညက ရွှေပြည်အေးတွင် သူငယ်ချင်းများ၏အခန်းတိုင်းတွင် မြို့ထဲမှလာလည်သည့်သူငယ်ချင်းများပါ အိပ်သမြှင့် အခန်းကြမ်းပြင်များတွင်ပါ ဖျာခင်၍ အိပ်ကြပါသည်။ အလွန်လွမ်းစရာကောင်းသော ညတစ်ညပင် ဖြစ်ပါသည်။

■ ■ ■

ကိုလေးမြူနှင့် စတင်ရင်းနှီးစဉ်ကပင် ဂီတကို အခြေခံ၍ လေးစားစွာ ရင်းနှီးခဲ့သည်ဖြစ်ရာ ကိုလေးမြူ၏ဖျော်ဖြေပွဲများရှိရာသို့လည်း လိုက်ပါအားပေးဖြစ်ခဲ့ပါသည်။

ကိုလေးမြူ၏ ကျောင်းမှာမည်မှာ ဟောင်းလိုင်စိုး ဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့်စတင်ရင်းနှီးသည့်အချိန်မှ ယခုအချိန်အထိ ဝင်းလိုင်စိုးဟုခေါ်တာ တစ်ခါမျှ မကြားခဲ့ဖူးပါ။

တက္ကသိုလ်ကျောင်းသား ပတ်သန်းကျော်သည် တစ်ခုတစ်ရာအထိ ကျယ်ဝန်းမှုရှိပြီး သူ့ဂါဝသမှာနှင့်သူ အသိုင်းအဝန်းပတ်ကလေးများ စုဖွဲ့တည်ရှိပါသည်။ ကျွန်တော်တို့သည်လည်း ကိုလေးမြူတည်းဟူသော ဂီတသမားတစ်ဦး၏ ကြီးတစ်ချောင်းပေါ်တွင် သိကုံးဝိသောပန်းပွင့်ကလေးများသဖွယ် ဖြစ်တည်ခဲ့ပါသည်။

ကျွန်တော်အမှတ်ရနေသော ကိုလေးမြူ၏တက္ကသိုလ်ကျောင်းသားဘဝ စင်မြင့်ပွဲများကို ယနေ့အချိန်အထိ မှတ်စိထဲမှ မထွက်ပါ။ ၁၉၈၇-ခုနှစ် မည်သည့်နှစ်တွင်မြင်လုပ်သော English Major Fresher Welcome ဖြစ်ပါသည်။ ထိုပွဲကို မန္တလေးတက္ကသိုလ်တွဲနှင်းသတင်းစာတွင် ကျင်းပခဲ့သည်ဟု ကျွန်တော် မှတ်မိပါသည်။

ထိုပွဲတွင် ကိုလေးမြူက Bass Guitar တီးပါသည်။ (ပွဲစဉ်တစ်လျှောက်လုံး) Bryan Adam၏ (ထိုစဉ်က Copy ဘာသာမြန်သီဆိုပြီး) သီချင်းတစ်ပုဒ်အား သီဆိုခဲ့ပါသည်။ ကိုလေးမြူ၏သီဆိုမှုအား မန္တလေးမြို့မှ Professional အဆိုတော်တစ်ဦးလည်း လာရောက်အားပေးခဲ့ပါသည်။ ထိုအဆိုတော်မှာ စိတ်ရင်းရိုးဖြောင့်သူဖြစ်ပြီး အနုပညာအပေါ် ပြုစင်စွာအားပေးခဲ့ခြင်းဖြစ်၍ ကျွန်တော်တို့သည် ကျွန်တော်တို့ချစ်ခင်သော ကိုလေးမြူ၏ပေါ်ပြောင်ဆက်မှုအတွက် လွန်စွာမှပင် ဂုဏ်ယူမိခဲ့ကြပါသည်။

ကိုလေးမြူသည် တစ်ခါတစ်ရံ ကျောင်းဝင်းပတ်ဝန်းကျင်မှ ပျောက်နေတတ်ပြီး ကျွန်တော်တို့ လိုက်ရှာမတွေ့တတ်ဘဲ ရှိပါသည်။ ကျွန်တော်က "ကိုလေးမြူ ဘယ်ပျောက်ပျောက်နေတာလဲ"ဟု မေးပါက "၃၇-လမ်းမှာ ကျွန်တော့် ဆရာရှိတယ်၊ အဲဒီသွားတာ တစ်ရက်မှ ခင်များကို ခေါ်သွားအုံးမယ်"ဟု ပြောပါသည်။ သူပြောသည့်အတိုင်းပင် ဧက်တီး အဆင်ပြေသောတစ်ရက်တွင် သူနှင့် ကျွန်တော် စက်ဘီးတစ်စီးအတူစီးကာ ၃၇-လမ်းရှိ သူ့ဆရာအိမ်သို့ ရောက်ပူးခဲ့ပါသည်။

ကိုလေးမြူက "ဒါ ကျွန်တော့်သူငယ်ချင်း အောင်နေထွန်းတဲ့၊ မြင်းမူက၊ ရောက်ပူးချင်တယ်ပြောလို့ ခေါ်လာတာ"ဟုပြောပြီး အိမ်ရှင်နှင့် မိတ်ဆက်ပေးပါသည်။ ကျွန်တော်သည် လူမှုရေးရာတွင် နှန်ယဉ်သေးသော တက္ကသိုလ်ကျောင်းသားတစ်ဦး အနေဖြင့် ထူးထူးထွေထွေ ပြောတတ်၊ ဆိုတတ်ခြင်း မရှိဘဲ အိမ်ပေါ်ထပ်ရှိ ဂီတာသင်တန်းကျောင်းဖွင့်လှစ်ထားသည့် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်အား စပ်စု နေမြဲစံခဲ့ပါသည်။

ကိုလေးမြူ၏ဆရာအိမ်မှာ ပုဂ္ဂလိကဂီတသင်တန်းကျောင်းတစ်ခုဖြစ်ပြီး Guitar, Drum, Keyboard စသည်တို့အား သင်ကြားပါသည်။ ကိုလေးမြူ၏ ဆရာဆိုသူမှာ ထိုစဉ်ကပင် အတန်အသင့် အသက်အရွယ်ရနေပြီ ဖြစ်ပါသည်။ သူ၏မှာမည်မှာ ကိုဌေးလိုင် ဖြစ်ပါသည်။ ကျွန်တော်သည် တက္ကသိုလ်ကျောင်းသား ဖြစ်သည်အထိ ဂီတသင်တန်းကျောင်းတစ်ခုသို့ ရောက်ခဲ့ဖူးခြင်း မရှိပါ။ ကျွန်တော် ဂီတာတီးတတ်ခြင်းမှာလည်း ဗလာစာအုပ်အလွတ်တွင် ဂီတာလက်ကွက်များ ရေးမှတ်ထားပြီး ထိုရေးမှတ်ထားသော လက်ကွက်အတိုင်း ဂီတာတွင် ရှာဖွေတီးခတ်တတ် မြောက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော် မသိ၍ ထူးထူးထွေထွေမေးခဲ့သည့် ဂီတပုစ္ဆာသည် ကျွန်တော့် ဘဝတွင် မရှိခဲ့ဟု မှတ်မိနေပါသည်။ ကျွန်တော်သည် (၆)တန်းကျောင်းသားဘဝ (၁၉၇၉)ခုနှစ်တွင် အပေဝယ်ပေးသော ကျင်အောင်အမှတ်တံဆိပ်၊ မန္တလေးလှပ် ဂီတာတစ်လက်အား စပ်သပ်တီးခတ်ရာမှ ဂီတာတီးခတ်ခြင်းအလေ့အကျင့်အား ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဂီတာ၏ Body(အိုး)ပိုင်းမှာ ကျွန်တော့်ရင်ဘတ်တွင် နေရာမဆံ့ခဲ့ပါ။ ဂီတာ Flat တံမှာ ကျွန်တော့်လက်ဖဝါးဖြင့် ပြည့်နှက်နေခဲ့ပြီး ကိုင်တွယ်ရန်မင် အခက်အခဲ ရှိခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်၏ဦးလေးမှာ တက္ကသိုလ်မှဘွဲ့ရပြီး ကျွန်တော်တို့ ဗီသားစုရှိရာ တောရွာကလေးသို့ လိုက်ပါခဲ့ပြီး တွဲတက်ကျောင်းဆရာအဖြစ် ပိုက်ဆံ ရှာလွှက် ရှိပါသည်။ ကျွန်တော်ကဂီတာနှင့်ပတ်သက်၍ ဦးလေးကိုင်သော ဂီတာ

လက်ကွက်များအား ဦးလေးဂီတာတီးခြိုန်တွင် လိုက်လံမှတ်သားထားရပါသည်။ ဦးလေး ဂီတာတီးနားခြိုန်တွင် ဂီတာလက်ကွက်အား ကိုင်ကြည့်ပြီး မှန်၊ မမှန်အား ဦးလေးထံ ပြန်မေးရပါသည်။ ဤသို့ဖြင့် ကျွန်တော် လက်ကွက်ရွေရုန် လွယ်ကူသော သီချင်းကလေးများအား ဂီတာသင်ရင်း တီးခတ်ခဲ့ရသည်ကို အမှတ်ရနေမိခဲ့ပါသည်။

ကျွန်တော်က ဂီတာသင်တန်းအိမ်ကလေးပေါ်တွင် ကိုယ်ပြတ်သန်းခဲ့ရသော ဂီတာတီးဖြစ်ခဲ့ခြင်းအား သတိရနေမိပါသေးသည်။ ကျွန်တော်သည် သင်တန်းကျောင်း လုပ်ထားသော ကိုဌေးလိုင်တို့၏အိမ်အပေါ်ထပ်ရှိ သင်တန်းသားများလေ့ကျင့်ရန်ထား သော ဂီတာများအား စိတ်ဖွင့်စွာ ကြည့်မိပါသည်။ ဂီတာများမှာ သင်တန်းသား အဆက်ဆက် လေ့ကျင့်သွားခဲ့သော သက်တမ်းရင့်ဂီတာများဖြစ်သဖြင့် အတန်ပင် ဟောင်းနွမ်းနေပြီ ဖြစ်ပါသည်။

နံရံများတွင် ဂီတာစာတ်ပုံပိုစတာများ၊ ဂီတာတီးလွှက် သီချင်းဆိုနေသော အဆိုတော်များ၏ပိုစတာများ၊ တီးဝိုင်းအလိုက် မြေဖျော်တင်ဆက်နေသော စာတ်ပုံ ပိုစတာများအား နံရံအနှံ့တွင် တွေ့ရပါသည်။

ကိုလေးမြူနှင့် သူ့ဆရာကတော့ ဘာတွေ ပြောနေ၊ ဆိုနေကြသည် မသိ၊ ကျွန်တော်က ဂီတာတစ်လက်ကို ကောက်ကိုင်ပြီး လက်ကွက်တစ်ခုကို နှိပ်ကာ စမ်းသပ်တီးခတ်မိပါသည်။ တီးရတာ အရသာမရှိသဖြင့် ပြန်ချထားမိသည်။ ကျွန်တော်၏ အခိုက်အတန့်အချိန်အတွင်း ပြုမူလိုက်သောအပြုအမူကို ကိုဌေးလိုင်က သတိထားမိ သွားဟန်တူသည်။ ကျွန်တော့်အား "ဂီတာတီးတာ ဝါသနာပါသလား"ဟု မေးပါသည်။

ကျွန်တော်က "ဝါသနာပါရုံပါပဲ၊ ကျွမ်းကျွမ်းကျင်ကျင် မတီးတတ်ပါဘူး" ဟု ပြေပါသည်။ ကိုဌေးလိုင်က

"လေ့ကျင့်ရင် တီးတတ်မှာပေါ့၊ များများလေ့ကျင့်ရင် ကျွမ်းကျင်လာမယ်"ဟု ပြောပါသည်။

ကျွန်တော်က ဝေဝေဖဝါးဖြင့် ဘာမှ ပြန်မပြောနိုင်ဘဲ ရှိခဲ့ပါသည်။ သို့သော် ကိုဌေးလိုင်အိမ်မှအပြန်လမ်းတွင် ဧက်တီးစီးရင်း ကျွန်တော် စဉ်းစားလာ ဖြစ်ပါသည်။ လေ့ကျင့်လျှင် ကျွမ်းကျင်လာမယ်ဆိုသည့်ကောင်းက ကျွန်တော့်မှားထဲမှ မထွက်။ ကျွန်တော်က မအောင့်နိုင်ဘဲ "ကိုလေးမြူ ဂီတာလေ့ကျင့်နည်းလေးဘာလေး သင်ပေးပါအုံး"ဟု ကျွန်တော်ကတောင်းဆိုရာ ကိုလေးမြူက ဘာမှ ပြန်မပြောခဲ့ပါ။

ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ရှိ ဂီတာကလေးဖြင့် ကိုလေးမြူထံမှ Guitar Scale တစ်ခု၊ နှစ်ခုအား သင်ယူလေ့ကျင့်ခဲ့ပါသည်။ ကိုလေးမြူကတော့ ဂီတာနှင့်ပတ်သက်သော Lesson Tape များအား ရှာဖွေကာ အဆောင်တွင်ဖွင့်၍ နားထောင်ခြင်း၊ Note များရေးမှတ်ခြင်း၊ ဂီတာဖြင့် လေ့ကျင့်တီးခတ်ခြင်း

ထွေသောသင်ခန်းစာများမဟုတ်သော်လည်း တကယ်တမ်း အခြေခံအကျဆုံးသော ဂီတလေ့ကားထစ်များ ဖြစ်ပါသည်။

ကျွန်တော်သည် ကောလိပ်ကျောင်းသားဘဝတွင် Rhythm ကို အတိုင်း အတာတစ်ခုအထိ တီးခတ်နိုင်ပြီဟု ကိုယ့်ကိုယ်ကို ယူဆထားခဲ့ပါသည်။ အမျိုး သမီးအဆောင်များရှေ့တွင်လည်း အတော်ပင် အော်ဟစ်သီဆိုနိုင်ခဲ့သည်ဖြစ်ရာ ကိုယ့် ကိုယ်ကို အနည်းငယ်တော့ အထင်ရောက်ခဲ့သည်။ သို့သော် ဂီတာကို သူနေရာနှင့်သူ နေစဉ်တကျတီးခတ်တတ်သော ကိုလေးဖြူတို့လိုပုဂ္ဂိုလ်များကြားတွင် ကျွန်တော် ဂီတာ တီးရမှာ အမှန်ပင် လက်တွန့်ခဲ့ရသည်။ ကျွန်တော်က ထိုခံစားချက်အား ကိုလေးဖြူအား ပြောပြခဲ့ပါသည်။ ကိုလေးဖြူက "ကျွန်တော်တို့လည်း ကိုယ့်ထက်တော်တဲ့လူနဲ့တွေ့ရင် လက်တွန့်တာပဲ၊ ဒါ မဆန်းပါဘူး ကိုယ့်ထက်သာတဲ့လူလည်း ရှိမယ်၊ ကိုယ့်ထက်နိမ့်တဲ့ လူလည်း ရှိမယ်၊ ကိုယ့်ထက်သာတဲ့လူရှိလို့ မတီးတော့ရင် ကိုယ်ပဲ မတီးတက်မှာ၊ ကိုယ့်ထက်နိမ့်တဲ့လူကိုကြည့်ပြီး ကိုယ့်ကိုယ်ကို ကျေနပ်အားရပြီး မလေ့ကျင့်ဘဲနေရင်လည်း ကိုယ်ပဲ မတီးတက်မှာဘဲ၊ အဲဒီတော့ ကိုယ်ဂီတာတီးခဲ့တာ ကိုယ်တီးချင်လို့ တီးခဲ့တာ၊ ဘယ်သူကိုမှ ကြည့်ပြီး မတီးဘဲနေရာအရောက်ပေါ့ မရှိဘူး ဒါပဲ" ဟု ဂီတာတီခြင်းနှင့်ပတ်သက်၍ သူအမြင်ကို ပြောပါသည်။

ကိုလေးဖြူသည် သူကိုယ်တိုင်ဂီတာတီခြင်း သီချင်းဆိုခြင်းကို အဆိုန် များစွာယူ၍ လေ့ကျင့်သလို ထင်ပေါ်ကျော်ကြားနေသော အဆိုတော်များ၏ ဖျော်ဖြေပွဲ များသို့လည်း သွားရောက်ကြည့်ရှုတတ်ခဲ့ပါသည်။ ထင်ပေါ်ကျော်ကြားမှု မရှိသော်လည်း ဂီတလောကတွင် အလားအလာရှိသူ၊ ခြေသွက်လက်သွက်ရှိသူတို့၏ပွဲများကိုလည်း စုံစမ်း၍ သွားရောက်ကြည့်ရှုလေ့ရှိပါသည်။

မန္တလေးတက္ကသိုလ် နုဗ်ခြင်းခရစ်ယာန်ဘာသာဝင်များအသင်း၏ ပွဲတစ်ပွဲ ကို ဗောဓိကုန်းအဆောင်ရပ်ကွက်အတွင်းရှိ ဘုရားရှိခိုးကျောင်းတစ်ကျောင်းတွင် ပြုလုပ်ရာ ခရစ်ယာန်ဘာသာဝင်တို့၏ ထုံးစံကဲ့သို့ပြုမူနေသော ဂီတာဝိုင်းတစ်ဝိုင်းလည်း ပါဝင်ခဲ့ပါသည်။ ထိုဝိုင်းတွင် ရန်ကုန်မှ (၁၇)နှစ်သားအရွယ် ဂီတာသမားတစ်ယောက် လာရောက်တီးခတ်ရာ အလွန်ပင် ကောင်းမွန်ကြောင်း ကိုလေးဖြူမှ ပြန်လည်ဖော်ကျူး သည်ခဏပါသည်။ ထိုဂီတာသမားကလေးမှာ မြစ်ဝကျွန်းပေါ်နေပြစ်ပြီး ရန်ကုန်တက်လာကာ စောဘွဲ့ယူတပည့်ခံ၍ လေ့ကျင့်တီးခတ်ခဲ့သူဖြစ်ကြောင်းလည်း သတင်းတစ်ရပ်အနေ ဖြင့် သိရပါသည်။ ထိုဂီတာသမား၏အမည်မှာ ချစ်စမ်းမောင်ဖြစ်ကြောင်း ပြောပြပါသည်။ ထိုစဉ်က ချစ်စမ်းမောင်သည်လည်း ယခုကဲ့သို့ ဂီတာသူရဲကောင်း မဖြစ်သေး ကျွန်တော့်အထင် IRON CROSS BAND လည်း မပေါ်ပေါက်၊ မတည်ထောင် ရသေးဟု မှတ်မိပါသည်။ ဂီတာတီးသူအချင်းချင်း တစ်ယောက်နဲ့တစ်ယောက်

များအား အချိန်ရလျှင်ရသလို ဆောင်ရွက်လျက်ရှိပါသည်။ ထိုအချိန်က ဂီတာလေ့ကျင့် ခန်းများနှင့်ပတ်သက်၍လည်းကောင်း ဂီတာသူရဲကောင်း Joe Strairni ၏ လက်ငွေး ပြတီးလုံးများအားလည်းကောင်း Van Halen Band မှ ဂီတာသမား၏ Tapin တီးပုံတီးနည်းများအားလည်းကောင်း Video Tape များမှတစ်ဆင့် ကြည့်ရှုခွင့် ရခဲ့ပါသည်။

ထိုစဉ်က Hip Hop များမှာ အမေရိကရိုလူမည်းများ ပါဝင်ဖျော်ဖြေသော ရိုးသေးသည်ဖြစ်၍ ကျွန်တော်တို့မြန်မာပြည် ဝတီရိပုံသိမ်ခွင်းလောကတွင် Rock Music သာ လိုင်းကြီးလေထန်ခဲ့ပါသည်။

ကျွန်တော်သည်လည်း ကျွန်တော်ချစ်ခင်မြတ်နိုးသော ကိုယ်ပိုင်သံစဉ်သီချင်း အဆိုတော်များဖြစ်သည့် ခင်ဝမ်း ရာပြည့်၊ ခင်မောင်တို့၊ သားထွေး ကိုရဲလွင်၊ ကိုမောင်မောင်၊ ကိုနေဝင်း စိုင်းထီးဆိုင်၊ ဆွန်ကွဲအို၊ စိုင်းခမ်းသီ၊ စိုင်း ခမ်းလိတ်၊ စိုင်ခမ်းခုံးတို့၏သီချင်းများမှ ခေတ္တခွဲခွာကာ Jet, Rod Steward, Rainbow, Gun & Rose, Van Halen တို့၏ Rock သီချင်းသစ်ပင်ရိပ်တွင် ခိုလှုံခဲ့ဖြစ်ပါသည်။

မည်သို့ခိုစေ ယေစဉ်ကလေးဘဝတစ်လျှောက်တွင် အင်္ဂလိပ်သီချင်း နား ထောင်လိုပါက မြန်မာ့အသံအင်္ဂလိပ်ပိုင်းအစီအစဉ်မှ သတင်းအစီအစဉ်အပြီး ထုတ်လွှင့် သည့် အင်္ဂလိပ်သီချင်း ၃၊ ၄-ပုဒ်အား စောင့်မျှော်နားထောင်ရံသာ ရှိသည်။ အဲတောင် အစီအစဉ်တင်ဆက်သူများက သူတို့စိတ်ကြိုက်သီချင်းများအား စောင်းပေးတင် ဆက်ခြင်း ရာသီအလိုက်သီချင်းများအား စောင်းပေးတင်ဆက် လေ့ရှိခြင်းတို့ကြောင့် သီချင်းအမျိုးအစားကန့်သတ်ချက်ဖြင့် နားထောင်ခဲ့ကြရပါသည်။ ထိုစဉ်က သီချင်းများ ထောင်ခြင်းမှာလည်း သီချင်းဝါသနာအရသာ နားထောင်လေ့ရှိခြင်းဖြစ်ပြီး တေးဂီတ ဗဟုသုတအား နားထောင်တတ်ခဲ့ခြင်း မရှိပါ။

ကျွန်တော်သည် ကိုလေးဖြူ၏သီချင်းများထောင်ခြင်း ဂီတာတီခြင်းများအား အချိန်အတော်များများ အနီးကပ်မှားထောင်ခွင့်၊ လေ့လာခွင့်ရရှိခဲ့ပါသည်။ သို့သော် ပါရမီမပါသော ကျွန်တော့်မှာ ဂီတာနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းမပြုနိုင် လောက်သည်အထိ တတ်မြောက်ခြင်း မရှိခဲ့ပါ။

ကိုလေးဖြူက ကျွန်တော့်အား Diatonic Scale(အပြည့်စကေး)နှင့် Cromatic Scale (တစ်ဝက်စကေး)အား သင်ကြားပေးပါသည်။ ကျွန်တော်က စိတ်ရှိသည့်အခါ စိတ်ပါလက်ပါလေ့ကျင့်သည်။ Plucking အခြေခံအား ပြပေးသည်။ ကျွန်တော်က ခင်မောင်တို့၊ စိုင်းထီးဆိုင်တို့၏ Plucking ဖြင့် တီးခတ်ထားသော သီချင်းတချို့အား တီးခတ်လိုက် သင်ကြားလေ့ကျင့်ခြင်းဖြစ်သည်။ ထိုစဉ်က ကိုလေးဖြူ ကျွန်တော့်ကိုသင်ပေးသော ဂီတာတီးနည်းမှာ ယခု ပြန်စဉ်းစားကြည့်လျှင် ဘာမှထူး

ပင်တစ်ချောင်းအား ကိုင်လိုက်၊ ခွလိုက်လုပ်ကာ ဂီတာကို ရင်ခွင်ထဲတွင် တည်ငြိမ်စွာ ပွေ့ဖိုက်ကာ ဂျင်းဘောင်းဘီတစ်ထည်၊ တီရှပ်တစ်ထည်ဝတ်လျက် တစ်ခါတစ်ရံ မန္တလေးနေ့နေ့မှုကို ကာကွယ်အန်တုသည့်အနေဖြင့် တီရှပ်ကိုခြုတ်ကာ ကိုယ်လုံးတီဖြင့် ဂီတာ၊ သီချင်းများဖြင့် ထွေးလုံးရစ်ပတ်နေခဲ့သည်များကို ယနေ့တိုင် မြင်ယောင်နေမိပါသေးသည်။

■ ■ ■

ကိုလေးပြုနှင့်အတူ ပေါင်းသင်းသွားလာခဲ့သော မန္တလေးတက္ကသိုလ် နေ့ရက်များတွင် ကိုလေးပြု၏ လူမှုရေးကိစ္စများအားလုံးကို သိရှိခဲ့သည်တော့ မဟုတ်ပါ။ အထူးသဖြင့် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ ဖြစ်သည်။ သူတွင် ရည်စားရှိသလား။ မရှိဘူးလား။ ကွန်တော် မစစ်ဖူးခဲ့ဖူးပါ။

ကွန်တော်သည် တက္ကသိုလ်ရောက်ခါမှ၌ ရည်စားဆိုသောကိစ္စနှင့် ပတ်သက်၍ အတော်ပင် ဒဏ်ရာရကြေကွဲခဲ့ပြီဖြစ်ရာ ထိုကိစ္စများအား တတ်နိုင်သမျှ ကျောခိုင်းခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ကိုလေးပြု၏ရည်စားကိစ္စကိုလည်း မသိခဲ့ပါ။ ကွန်တော်နှင့် ကိုလေးပြုသိရှိခင်မင်ပြီးနောက်ပိုင်းတွင်လည်း ကိုလေးပြုသည် ဖိန်းကလေးတစ်ယောက်အကြောင်းကို စိတ်ဝင်တစားပြောပြနေခဲ့သည်ကို မကြုံးပါ။

သို့သော် တစ်ရက်ကတော့ ကွန်တော်တို့ ကြုံခဲ့ကြပါသည်။ ကွန်တော်တို့သည် စနေနေ့ ကျောင်းပိတ်ရက်ဖြစ်၍ ဗောဓိကုန်းအဆောင်ရပ်ကွက်အတွင်းရှိ ရွှေနိုင်လက်မက်ရည်ဆိုင်တွင် မနက်ပိုင်းတစ်ပိုင်းလုံး လက်မက်ရည်ဆိုင်ထိုင်ခဲ့ကြပါသည်။ လက်မက်ရည်ဆိုင်တွင် ထုံးစံအတိုင်း ရောက်တတ်ရာရာများပြောခြင်း၊ သီချင်းနားထောင်ခြင်းတို့ ပြီးလွှားသောအခါ ကွန်တော်တို့အဆောင်ရှိရာ ကျောင်းဝင်းအတွင်းသို့ ပြန်လာခဲ့ကြပါသည်။

ကွန်တော်တို့သည် ကျောင်းဝင်းအတွင်းသို့ ဝင်ပေါက်မုခ်ဦးတံခါးမှ မဝင်ဘဲ ပထဝီဒုနေမှောက်ကျောဘက်ရှိ သံဆူးကြိုးကာရံထားသော မြစ်ဆည်ရိုးအား ပြိုကာ မလွယ်ပေါက်လုပ်ထားသော လမ်းကြားမှ ပြန်လာခဲ့ကြပါသည်။ အခါတိုင်းလည်း ခြေကျင်ဆိုပါက မလွယ်ပေါက်မှ ပြန်လေ့ရှိပါသည်။ ဂက်တီးပါမှသာ ပင်မတံခါးပေါက်မှ ဝင်ကြသည်။

မလွယ်ပေါက်မှလာရသော အခြားရည်ရွယ်ချက်မှာ ပထဝီဒုနကော်ရစ်ဒါတစ်လျှောက် ချိန်းတွေ့နေကြသော အတွဲများကို တဝေဝေစောင်းကြည့်ရန်၊ သို့မဟုတ် ဝိုးမပြင်၊ လေမပြင်ဖြစ်နေသော အတွဲများကို ချောင်းရန်အတွက် ဖြစ်ပါသည်။

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်၍လားမသိ၊ ပထဝီဒုနတိ၏ နောက်ကျောဘက်ကော်ရစ်ဒါတွင် အတွဲများ ထူးထူးခြားခြားရှင်းနေသည်။ ကွန်တော့် သူငယ်ချင်း

စိတ်ဝင်စားနေကြ၍သား၊ ဂီတာလောကသားချင်း သတင်းဆောင်းကြခြင်းသာ ဖြစ်သည်။ ကွန်တော်ကတော့ ချစ်စမ်းဟောင်ဟူသော အပည်နာမကြားသည်နှင့် ကွန်တော်တို့ အလယ်တန်းကျောင်းသားဘဝနှင်းက ဖတ်ရသော ရုပ်ပြကာတွန်းစာအုပ် မျက်မှန်ကလေး တပ်ထားသော ရုပ်ပြဓာတ်လိုက်၏အပည်ကို မှတ်မိသတိတရဖြစ်နေမိပြန်သည်။ ထို အဖြစ်အပျက်များ အမှတ်ရချက်များသည် ၁၉၈၈-၃၄၈ နှစ်ဦးကာလများကဟု ကွန်တော် ထင်မြင်နေမိပါသည်။

ယနေ့အချိန်တွင် အဆိုသမားလေးပြုဟုဆိုလျှင် ပွဲကြည့်ပရိသတ်၏ ကြွေးကြော်စရာ နာမည်တစ်လုံးဖြစ်နေခဲ့ပြီ။ ဂီတာသမား ညီလေး(ချစ်စမ်းဟောင်း) ဟုဆိုလျှင် လက်ခုပ်သံနှင့် ဂီတာသံ အားပြိုင်နေခဲ့ပြီ ဖြစ်သည်မှာ Stage Show ကြည့်ရတိုင်း အတွင်းတစ်နေရာမှ တုန်လှုပ်ဖွယ်ရာခံစားချက်တို့ ပို့ဆက်လာသည်ချည်း ဖြစ်သည်။ သူတို့၏ မသိစိတ်မှ ဆက်သွယ်ခဲ့မှုများ မကျေကြား မီကာဝေများသည် ကျော်ကြားပြီး ဘဝများထက် ပိုပိုစိတ်ဝင်စားဖွယ်ကောင်းလိမ့်မည် ထင်ပါသည်။

ကွန်တော်တို့သည် မန္တလေး၏ဆောင်းတစ်ည၌ပင် သံတဲဝင်းရို ခရစ်ယာန် ဘာသာဝင်တို့၏ ခရစ္စမတ်ပွဲသို့ သွားရောက်၍ Stage Show ကြည့်ခဲ့ရသည်ကို အမှတ်ရမိပါသည်။ ထိုညက ကွန်တော်တို့သည် မန္တလေး၏ထုံးစံအတိုင်း စက်တီး ကိုယ်စီဖြင့် ဘုရားပွဲသို့ သွားရောက်ခဲ့ကြသည်။ ကွန်တော် မှတ်မိသလောက် ထိုညက မန္တလေးမှ Energy တေးဂီတဖြင့် ရန်ကုန်မှ အဆိုတော်ရဲဆွင်တို့ ပါဝင်ပါသည်။ ကွန်တော်တို့အဖွဲ့တွင် ယခု နာမည်ကြီးနေသော လေးပြု၊ ဟယ်ရိလင်း၊ အပ်တီ (လားရှိးမှ မန္တလေးသို့ လာရောက်အလုပ်လုပ်လျက်ရှိသော သူငယ်ချင်း အကြွေ၏ ဦးလေး) ဦးလှိ(လိန်ဦး)တို့ပါသည်ဟု ကွန်တော်ထင်သည်။

ထိုညက ကွန်တော်တို့ ပွဲမီးအောင် ကြည့်ကြပါသည်။ ပွဲမီးတော့ စက်တီး ကိုယ်စီဖြင့် အိပ်ပြန်ခဲ့ကြပါသည်။ အိပ်အပြန်လမ်းတစ်လျှောက်မှာတော့ တီးဝိုင်း အဆိုတော်နှင့်ပတ်သက်သောအကြောင်းများအား ဝေဖန်ရင်း ပြန်လာခဲ့ကြသည်။ လမ်းတွင် နောက်မုခ်ဘီးဖြင့်ပါလာသော အဖွဲ့တစ်ဖွဲ့အား တောင်းဝဲကြည့်မိရာ တီးဝိုင်းမှ တီးခတ်သူအချို့ဖြစ်နေ၍ အားနာရသေးသည်ကို အမှတ်ရနေမိပါသေးသည်။

ဂီတာကို ဝါသနာပါသူများ ဂီတာကို ဝေဖန်ခြင်းသာဖြစ်သည်။ သီချင်းဆို ဝါသနာပါသူများ သီချင်းနှင့်ပတ်သက်၍ ဝေဖန်ခြင်းသာဖြစ်သည်။ တခြား အားယားတမရှိ။ သို့ဖြစ်၍ ကွန်တော်တို့၏ dialouge စကားလုံးများသည် ပြုစင်ပြီး အပြစ်ကင်းသော အပြောအဆိုများသာဖြစ်သည်ဟု မှတ်ချက်ချနိုင်ပါသည်။

ဤသို့ဖြင့် ကိုလေးပြုသည် သူ၏အားလပ်ချိန်များတွင် အဆောင်မှ အခန်းတစ်ခန်းထဲတွင် ကက်ဆက်တစ်လုံးအား ရေမွှာထားကာ စက္ခုန်နှင့် ဘောလ

မောင်ဝေက ဒီနေ့ တယ်ထူးခြားပါလား။ အတွဲမရိုတ္ဌးဟု ဆိုပါသည်။ သို့ပြင် အဆောက်အအုံအရောဂါနံ့ရဲဘေးမှ တစ်ယောက်တည်းဖြင့် လျှောက်လာခဲ့ကြပါသည်။ လွန်းလမ်းဘက် မှက်မှာစကြဆောက်လုပ်ထားသော ပထဝီဌာနမှဉ် စိတ်ပညာဌာန၊ ဌာန(၂) ခရိုသော အဆောက်အအုံဧရိယာမှာ စကြိပေါ်တွင်တော့ လမ်းမှင့်ဝိုးသဖြင့် အတွဲများ နေခင်းနေလယ် ထိုင်လေ့ မရှိပါ။

သို့သော် ရှေ့ခုံးလမ်းလျှောက်နေသော မောင်ဝေသည် အဆောက်အအုံ၏ ရှေ့မှက်မှာစကော်ရစ်အိထိပ်အရောက်တွင် နောက်သို့ လက်ကာပြသည်။ ခဏနေအုံးဆိုသည့်သဘော ဖြစ်သည်။ သူက ခဏနေအုံးဆိုမှ ကျွန်တော်တို့သည် ရှေ့သို့တိုးကာ ကြည့်ချင်ခဲ့ကြသည်။

မောင်ဝေက ကော်ရစ်ဒါထိပ်မှ တကယ့်ခြေလုံးလက်လုံးဖြင့် ငြိပ်သက်စွာ စိတ်ဝင်တစား ခွေးပြောင်းနေခဲ့ရာ ကျွန်တော်တို့လည်း မောင်ဝေ့ပခုံးပေါ်မှကျော်ကာ ကော်ရစ်ဒါအား ခေါင်းပြု၍ ခွေးကြည့်ကြသည်။ မောင်ဝေက-

"ကိုလေးပြုံနဲ့ တူတယ်ကွ" ဟု ပြောပါသည်။ ကျွန်တော်က သေချာစွာ ကြည့်ရင်း "တူတာ မဟုတ်ဘူး ကိုလေးပြု အစစ်၊ ဘယ်က ကောင်မလေးလဲ မသိဘူး ရုပ်ကတော့ အင်းထဲက ရုပ်မျိုးပါပဲ။ သူတို့ ရုပ်ဆွေရုပ်မျိုးတွေ နေမှာပေါ့"

"ကိုယ်တို့လူက အသံမပေး။ ဘာမပေးနဲ့ တယ်ဟုတ်ပါလား"

"ကိုယ်နဲ့ချည်းပဲ မမှိုင်းနဲ့လေကွာ၊ သူလည်း သူ့အစွမ်းအစနဲ့သူ ရှိမှာပေါ့"

"ဒါပေမဲ့ ကိုလေးပြုနဲ့ကောင်မလေးထိုင်နေတာ တစ်တောင်လောက် ကွာတယ်ကွ၊ ရည်စားမြစ်သေးပုံ မရဘူး အရေးဆိုနေတုန်းပဲ ဖြစ်မယ်၊ ပြီးတော့ ကောင်မလေးက ကိုလေးပြုရဲ့ညာဘက် ရောက်နေတယ်၊ အပတ်ပေးယေားအရတော့ အကွန် အများတွေချည်းပဲ"

ကျွန်တော်တို့အဖွဲ့ တီးတိုးတီးတိုးဝေဖန်ရင်း ကိုလေးပြုတို့အတွဲကို ခွေးနေကြပါသည်။ ကိုလေးပြုတို့အတွဲကလည်း နေခင်းကြောင်တောင် ဖြတ်သွားဖြတ်လာများသော ရွေမန်းလမ်းဘေးက စာသင်ဆောင်စကြံမှာ ထိုင်နေကြတာဆိုတော့ မရိုးသား။ မဖွယ်မရာ မည်သို့မှ မဖြစ်နိုင်ပါ။ သို့သော် ကိုယ့်သူငယ်ချင်းဆိုတော့ စိတ်ဝင်စားသည်။ ကိုလေးပြုဆိုတော့ အသံမကြား။ ဘာမကြားနဲ့ ပို၍ စိတ်ဝင်စားသည်။ သို့ဖြစ်၍ ဆက်လက်၍ ခွေးကြည့်နေကြသည်။ ကိုလေးပြုမျက်မှာကို လုပ်၍ကြည့်ပြီး အကဲခတ်ကြသည်။ ကိုလေးပြုမျက်မှာက မချိုမရဲ ဖြစ်နေသည်။ သူကြည့်ရတာ ဘယ်ကစလို့ စရမှန်းမသိတဲ့ ဖြစ်နေလားမသိ။ "သူကောင်မလေး ကလည်း လည်ပုံရတယ်ကွာ၊ လူတကာ မြင်ရတဲ့နေရာမှာပဲ ထိုင်ရတယ်ဆိုတော့"။

ကျွန်တော်တို့ တစ်ယောက်တစ်ပေါက် ပြောနေစဉ် ရွေမန်းလမ်းပေါ်မှ ဝက်တီးဖြတ်စီးသွားသော ကျောင်းသားတစ်အုပ်က . . .

"ကောင်မလေးကို လွှတ်လိုက်၊ မင်းတို့ကို ပြည်သူ့ဝိုင်းတွေ ရဲထားမြို့"

"ဟိတ် . . . ဘာလို့ ချောင်းနေကြတာလဲ" စသည်ဖြင့် ကျောင်းသားတို့ ထုံးစံ ပါးစပ်သရမ်းသွားရာ ကျွန်တော်တို့မှာ မလုံမလဲ ဖြစ်ကာ လာရာလမ်းဘက် သို့ ပြန်ဝင်ခဲ့ကြပါသည်။ ကိုလေးပြုနဲ့အတွဲကတော့ အထိုင်မပျက်ပါ။ ကျွန်တော်တို့လည်း တစ်ဝိန်စခန်းကြာသောအခါ ကိုယ်မဟုတ်သလို ဟန်ဆောင်ရင်း ကိုလေးပြုတို့အတွဲအား လှမ်းလျှရှု၍ ဖြတ်ကျော်ကာ အဆောင်သို့ ပြန်လာခဲ့ကြပါသည်။

ထိုဝိန်းကလေးမှာ ကျွန်တော်တို့အထဲမှ သူငယ်ချင်းတစ်ယောက်က အာချောင်သလိုပင် ကိုလေးပြုတို့ အင်းထဲ(အင်းလေးထဲ)မှ ဖြစ်သည်ဟု အခြားတစ်နေရာမှ သိရသည်။ ကျွန်တော်လည်း ကိုလေးပြု၏ ကိုယ်ရေးကိုယ်တာဖြစ် ၍ ကြိုက်မှန်းမသိ၊ မကြိုက်မှန်းသိ မမေးဖြစ်ခဲ့ပါ။

ကိုလေးပြုနှင့် ထိုဝိန်းကလေးကိုလည်း ထိုတစ်ကြိမ်သာ တွေ့ခဲ့ရပြီး နောက်တစ်ကြိမ် တွဲလျှက်မတွေ့ရတော့ပါ။

ကျွန်တော်ထင်သလောက်တော့ ကိုလေးပြုသည် ထိုစဉ်က ချစ်မှုရေးရာများတွင် ကျွမ်းကျင်သင့်သလောက် ကျွမ်းကျင်မှုမရှိခဲ့ဟု ထင်သည်။ ချစ်သူရည်းစားတစ်ယောက်ကို ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ အလွယ်တကူလမ်းခွဲကြခြင်း၏နောက်ကွယ်တွင် မည်သူ၏အမှားများက တရားခံဖြစ်မည်နည်း။ ကျွန်တော်တို့ မသိနိုင်ခဲ့ပါ။

၁၉၉၁-၃၄၈၊ မေလ ကျောင်းဖွင့်ခိုန်တွင် ကိုလေးပြုနှင့် ကျွန်တော် ရွှေပြည်အေးဆောင်၊ အခန်း၄ပါတ်(၅၉)တွင် အတူနေကြပါသည်။ ရွှေပြည်အေးဆောင်တွင် ကျွန်တော်တို့နှစ်ယောက် အပည်ပေါက်နေရသောအခန်းမှာ ကိုလေးပြုက အခန်းအမှတ်(၁၀၃)ဖြစ်သည်။ ရွှေပြည်အေးဆောင် အပေါ်ထပ် မြောက်ဘက်ခြမ်း မြောက်ဘက်မှက်မှာလှည့်အတန်းတွင်ရှိပြီး ကျွန်တော်က အခန်းအမှတ်(၁၁၀)ဖြစ်သည်။ ရွှေပြည်အေးဆောင်အပေါ်ထပ်တွင်ပင်ရှိပြီး အရှေ့ဘက်ခြမ်း အရှေ့ဘက်မှက်မှာလှည့်ဖြစ်သည်။ ကိုလေးပြု၏အခန်းဖော်မှာ ဝဲလောင်တောင်သား ဘက်မှ ဖြစ်ပြီး စကားနည်းသူ၊ အေးဆေးသူဖြစ်သည်။ ကိုလေးပြုက ကက်ဆက်ဖွင့်လိုက်၊ သီချင်းများထောင်လိုက်၊ သီချင်းကျော်လိုက်၊ ဂီတာတီးလိုက်ဖြင့် သူ့အခန်းဖော်အား အားနာပုံရသည်။

ကျွန်တော်ကတော့ အခန်း(၁၁၀)တွင် ဒုတိယနှစ်ရောက်တုန်းကျ၍ ရိုးရိုးတန်းနောက်ဆုံးနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီး အိုးရဆောင်ပြုတ်ခဲ့သော ကျွန်တော့်

အစ်ကိုလတ်က ဝင်ရောက်ပူးကပ်နေထိုင်သဖြင့် အခန်းတွင်း စိတ်ကျပ်တည်းကာ ထွက်ပေါက်ရှာခဲ့ခြင်း ဖြစ်သည်။

အခန်းနံပါတ်(၅၉)သည် ရွှေပြည်အေးဆောင်အောက်ထပ် မြောက်ဘက်တန်းတွင်ရှိပြီး တောင်ဘက်မျက်နှာလှည့် ဖြစ်သည်။ အခန်းနံပါတ်(၅၄)မှစပြီး ရတနာဘုမ္မိတွက် English Major ကျောင်းသားများ အခန်းချင်းကပ်၍ တန်းစီနေသည်ဟု မှတ်မိသည်။ တချို့အခန်းများက အကြွေတို့လို Physics Honous ကျောင်းသားတစ်ယောက်၊ နှစ်ယောက်နေသည်။ သို့ဖြစ်၍ ကိုလေးမြူကEnglish Major မှ အပေါ်ထပ်ရောက်နေသောကျောင်းသားဟူ၍ သူတစ်ယောက် သာရှိကြောင်း Hall Tutor အားတင်ပြကာ အခြား English Major ကျောင်းသားများဖြစ်သော ကိုပြင့်ဌေး ကိုဇိုသိမ်း ကိုကျော်ရင်၊ ကိုဌေးအောင်တို့ နှင့် နီးကပ်စွာ နေရာယူခဲ့ပါသည်။

ကိုလေးမြူပြောင်းရလာခင်ကတည်းက အခန်းနံပါတ်(၅၉)မှာ ကျောင်းသားတစ်ယောက် ရှိပါသည်။ သူ့အမည်မှာ ကိုသိန်းဦးဖြစ်ပြီး သမိုင်း ဘာသာအဓိက ဂုဏ်ထူးတန်း နောက်ဆုံးနှစ်ကျောင်းသားဖြစ်ပါသည်။ သူသည် ဂုဏ်ထူးတန်း ကျောင်းသားဝီဝီ စကြာဝဠာဖြစ်ပါသည်။ များသောအားဖြင့် အဆောင်တွင်ကပ် လေ့မရှိဘဲ စကျွက်ရန် ဈာန်ရမည့်နေရာတစ်နေရာသို့ သွားရောက်၍ စာကျွက်ဟန် တူပါသည်။

အခန်းထဲတွင် ကိုသိန်းဦး၏အမှတ်အသားဟူ၍ ခုတင်အောက်က သံသေတ္တာတစ်လုံးနှင့် ခုတင်ပေါ်က သင်ပြူးဖျာတစ်ချပ်သာ ရှိသည်။ ကျန်သည့် ပစ္စည်း ဘာမှမရှိ၊ ကျောင်းသားနှင့်ပတ်သက်သော အမှတ်အသားဖြစ်သည့် စာအုပ် စာတမ်းပင်မရှိ။

တစ်ရက်တော့ ကိုသိန်းဦး အဆောင်သို့ရောက်လာသည်နှင့် ကျွန်တော်က "ကိုသိန်းဦး၊ တစ်ခုလောက် ခွင့်တောင်းချင်လို့ပါ၊ ကိုသိန်းဦး အဆောင်ပြန် မအိပ်တဲ့ညတွေမှာ ကျွန်တော် ကိုသိန်းဦးခုတင်မှာ အိပ်ချင်လို့ပါ" ဟုပြောတော့

"ဟာ···အိပ်ပါ၊ စိတ်ချလက်ချ အိပ်ပါ၊ ကျွန်တော်က ဘုရားကြီးမှားက ဘုန်ကြီးကျောင်းမှာ ကျွန်တော့်သူငယ်ချင်းနဲ့အတူ စကျွက်နေတား၊ ဒီမှာက ကျွန်တော့်မှာ သူငယ်ချင်းရယ်လို့ မရှိဘူး၊ ဟိုမှာ ကျွန်တော့်အတွက် ဘာမှမမှာရလို့ သွားနေတား၊ စိတ်ချလက်ချနေပါ၊ ဘာမှ ပမူနဲ့၊ တစ်ခုတော့ရှိတယ်၊ Hall Tutor တော့ မွက်စိမနောက်စေနဲ့ပေါ့" ဟု ဆိုပါသည်။

သို့ဖြင့် ကျွန်တော်သည် ရွှေပြည်အေးဆောင် အခန်းနံပါတ်(၅၉)တွင် နေခွင့်ရခဲ့ပါသည်။

ကျွန်တော်က အခြေအနေအရပ်ရပ်ကို ကိုလေးမြူအားပြောပြရာ "ကောင်းတာပေါ့၊ ကျွန်တော်လည်း အဖော်ရတာပေါ့" ဟု ကြိုဆိုသည့်စကားပြောသည့်အတွက် နေရေးထိုင်ရေး အဆင်ပြေသွားပါသည်။

အခန်း(၅၉)တွင် ကျွန်တော်ရော ကိုလေးမြူပါ တရားဝင်နေခွင့်ရ ကျောင်းသားများ ပဟုတ်ပါ။ နားလည်မှုဖြင့် နေနေကြခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့ ဂျိသို့နေခြင်းကို ထိုစဉ်က ဧည်းကပ်းကြီးသောအဆောင်မှူး မြန်မာစာကထိက ဦးဝင်းဟောင်းသာသိလျှင် မည်သို့ခေါ်ယူဆုံးမမည်ကို မခန့်မှန်းတတ်ခဲ့ပါ။ ထိုစဉ်က အခန်းအမှတ်(၅၄)သည် ကျွန်တော်တို့ Roll ထိပ်ရှိ ထောင့်ခန်းဖြစ်ပါ သည်။ ၎င်းထောင့်ခန်းမှ အခန်းနံပါတ်(၆၀)လောက်အထိက ကျွန်တော်တို့အုပ်စုတစ်စုတည်း ဖြစ်သည်ဟု မှတ်မိနေပါသည်။

တစ်ရက်တွင် ကိုလေးမြူ၏စားပွဲပေါ်တွင် ထူးထူးခြားခြား Photo Stand တစ်ခုအား တွေ့ရပါသည်။ ကျွန်တော်က အလွယ်တကူလည်းတွေ့ရပြီး စိတ်ဝင်စားဖိသဖြင့် သူစာကြည့်စားပွဲပေါ်မှတတ်ပုံအား ကြည့်မိပါသည်။ တတ်ပုံမှာ ကောင်မလေးတစ်ယောက်ပုံ ဖြစ်ပါသည်။ မျက်မှာပေါက်မှာ ရုတ်တရက်ကြည့်လျှင် ကိုလေးမြူ၏ မျက်မှာပေါက်ပို့ဖြစ်ပြီးသွားများမှာလည်း ကိုလေးမြူကဲ့သို့ ညာဘက်တွင် သွားစာက်ကလေးပါပါသည်။ ဒီလောက် ရုပ်ရည်တူနေလျှင်တော့ ကိုလေးမြူ၏ရည်းစားပဲ ဖြစ်မည်ဟု ကျွန်တော်ထင်မိပါသည်။ ကိုလေးမြူတို့ဟောနမတွင် ကိုလေးမြူ၏အစ်မသာရှိပြီး ညီမ မရှိကြောင်း ကျွန်တော်သိထား၍ ဖြစ်ပါသည်။

စာတ်ပုံမှာ ဖဲထီးလှလှကလေးကို ဖွင့်ဆောင်းထားသည့်ပုံအား ခန့်မှန်းကိုယ် အထက်ပိုင်း ဖြတ်ရိုက်ထားခြင်းဖြစ်၍ မျက်မှာမှာ အတူငင်ပေါ်လွင်ပါသည်။ ထိုစဉ်က ကောင်မလေး၏မျက်မှာမှာ အလွန်ပင်နှနယ်သဖြင့် ကိုလေးမြူ၏ ပုံပန်းသဏ္ဌာန်နှင့် အနည်းငယ်တော့ ကွဲလွဲမှုရှိနေခဲ့ပါသည်။ စာတ်ပုံရိုက်ထားသည့် Style မှာ တစ်ချို့တစ်ခါက ရိုက်ကူးခဲ့ဖူးသော ပြက္ခဒိန်တစ်ခုမှ မင်းသမီးပုံအား သတိရစေပါသည်။

တစ်ညကတော့ ကျွန်တော်တို့ ဘယ်ကဘယ်လို စကားစပ်မိသွားသည် မသိပါ။ ကိုလေးမြူ၏ ကောင်မလေးအကြောင်း ရောက်သွားသည်။ ချစ်သူဘဝ ဘယ်လိုစတင်ခဲ့ပုံကို ကျွန်တော် မမျော်လင့်ဘဲ သိခွင့်ရခဲ့ပါသည်။

ကျောင်းဝိတ်ရက်များတွင် ကိုလေးမြူသည် သတ်သတ်မှတ်မှတ်အလုပ် မရှိဘဲ စိတ်ကူးတည့်ရာများ လုပ်နေဖြစ်ခဲ့သည်။ သူငယ်ချင်းများနှင့် စုပေါင်းပြီး လက်ဖက်ရည်ဆိုင်ဖွင့်ခြင်း၊ သူငယ်ချင်းများရှိသည့် မြို့ရွာများသို့သွား၍ စိုက်ခင်းလုပ်ခြင်း၊ ဖခင်တာဝန်ထမ်းဆောင်ရာမြို့သို့ ခရီးထွက်ခြင်းဖြင့် အချိန်တချို့အား ကုန်လွန်စေခဲ့ပါသည်။

နောက်တော့ အိမ်မှာပဲ ခြေငြိပ်လက်ငြိပ် ကိုယ်ကျွမ်းကျင်သည့် ဂိတာတီးရင်း ဂိတာသင်တန်းပေးခဲ့ဖြစ်ခဲ့သည်။ စီးပွားမဖြစ်သော်လည်း ကိုယ့်တစ်ကိုယ် ရေသုံးဖို့ ငွေရှိတော့ ရသေးသည်။ အိမ်ကို လက်ဖြန့်တောင်းစရာ မလိုတော့။ နောက်ထပ် အဖတ်တင်သွားတာတစ်ခုက သူ့ကို နွေးထွေးသိမ်မွေ့စွာ တံ့ပြုံဆက်ဆံသော နှန်းခင်နွယ်နွယ်သန့်ပင် ဖြစ်သည်။

ကိုလေးဖြူ၏ ဂိတာသင်တန်းသို့ လာရောက်သင်ကြားသူများထဲတွင် ခင်နွယ်နွယ်သန့်တို့ညီအစ်မ ပါသည်။ သူတို့သည် ကိုလေးဖြူနေသည့် အိမ်အမှတ် (၅) ခိုလှုံလမ်း နောက်ကျောဘက်ရှိ စိုက်ပျိုးရေးခန်းထပ်အိမ်ရာတွင် နေထိုင်ကြသည်။ သူတို့ခမ်းတိတိမှာ တာဝန်ခံတစ်ဖြစ်သော်လည်း တောင်ကြီးရှိ သူ့အဘွား အိမ်နှင့် ကူးသွားသန်းခေါ်လုပ်လျက် ရှိသည်။ ထိုစဉ်က မန္တလေးမှာ တောင်ကြီးဒီဂရီ ကောလိပ်တွင် သတ္တဗေဒမေဂျာဖြင့် တတိယနှစ်သင်တန်းအား တက်ရောက်လျက် ရှိသည်။ ကျောင်းဝိတ်ရက်တွင် တာဝန်လိတ်မပြန်ဘဲ ကိုလေးဖြူထံတွင် ဂစ်တာတီး သင်ကြားခြင်း ဖြစ်သည်။ ဇာတ်လမ်း၏အစမှာ ဂိတာသင်တန်း ဖြစ်သည်။

အနုပညာသမားတစ်ယောက်ဖြစ်လာမည့်သူသည် ကျွန်တော့်အထင် များသောအားဖြင့် ချစ်ခြင်းမေတ္တာကိုဖော်မြူရန် အရှက်အကြောက်ကြီးတတ်ကြသည်။ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ အလေးအနက်ထားတတ်၊ ခွဲလမ်းတတ်ကြသည်။ အမှတ်အသားကြီးတတ်သည်။ ပြောဆိုမှုင့်ဟရန် ခက်ခဲသော်လည်း "ဆိုခဲစေ မြင်စေ" ဖြစ်ကြသည်။

ကိုလေးဖြူနှင့် မန္တလေးမှာ မျက်မှောပေါက်ချင်းဆင်သဖြင့် ပူးစာဆုံကြလိမ့်မည်ဟု ကျွန်တော် ထင်သည်။ (ယခု သူတို့ အိမ်ထောင်သက် ၁၅-နှစ်ကြာမှ ဒီလိုပြောခြင်း ပဟုတ်ပါ။) ကိုလေးဖြူသည် မန္တလေးအား ရည်စားအဖြစ်ရရှိခဲ့ခြင်း အပေါ် စိတ်အပြောင်းအလဲတစ်စုံတစ်ရာတော့ ဖြစ်ခဲ့ဟန်တူသည်။ သူသည် ယခင်ကလို ဂိတာတီးခြင်း သီချင်းများထောင်ခြင်းအလုပ်တစ်ခုတည်းကိုသာ အာရုံစူးစိုက်မှု မရှိတဲ့ တောင်ကြီးမှ မန္တလေးထဲကစာရသောနေ့များတွင် စိတ်ရှည်လန်းဆမ်းမြောက် နေတတ်ခြင်း။ တစ်ခါတစ်ရံ ပြီးတဲ့ရှိ တောင်ကြီး-မန္တလေးသွား ခရီးသည်တင် Hilux ကားဆင်းဖြစ်သည့် ကျားခေါင်းကားဂိတ်သို့သွားကာ စားစရာအထုပ်ကလေးများ သွားယူခြင်း စားရောအထုပ်နှင့်အတူ စာတို၊ စာရွှင်များ ပါလာတတ်ခြင်းတို့ကြောင့် စိတ်လက်ပေါ့ပါးနေသည့် ကိုလေးဖြူ၏မျက်မှာတို့ကို မြင်တွေ့ရလေ့ရှိခဲ့ပါသည်။

မန္တလေးထဲမှ စာရှိသောနေ့များတွင် ကိုလေးဖြူသည် အင်္ကျီတုံးလုံးလျှောက် ကိုယ်ခမ္ဘာကြီးအား အခန်းမှ ခုတင်ပေါ်တွင် ပက်လက်လှန်ကာ မန္တလေးစာတိုက်မှ ရေးပို့လိုက်သောစာအား စိပ်ပြန့်ပြေပြတ်လေ့ရှိသည်။ မန္တလေး၏လက်ရေးကလေးများမှာ

ဝိန်းကလေးလက်ရေးထဲတွင် အဆင်ပြေသော၊ ညီညာသောလက်ရေးကလေးများ ဖြစ်ပါသည်။

မန္တလေးသည် ကိုလေးဖြူထံစာရေးလျှင် တစ်မျက်မှာ၊ နှစ်မျက်မှာနှင့်ပြီးလေ့ မရှိ၊ လေ ငါးမျက်မှာတော့ ရှိသည်။ ကိုလေးဖြူ စိတ်လိုလက်ရရှိသော တစ်ခါ တစ်ရံတွင် မန္တလေးရေပို့သောစာအား ကျွန်တော့်အားပြလေ့ရှိပါသည်။

ကျွန်တော်ကလည်း ကိုယ့်သူငယ်ချင်းရည်းစားဆီကပဲဆိုပြီး အားမနာတမ်း ဖတ်ဖြစ်ခဲ့ပါသည်။ စာပါအကြောင်းအရာမှာလည်း ထူးထူးထွေထွေမဟုတ်ပါ။ ဘယ်နေ့က ဘယ်သူငယ်ချင်းနဲ့ ဘယ်နေ့က "သွယ်"ဖြင့် မြသုခရုံတွင် ရုပ်ရှင်ကြည့်ကြောင်း၊ ဘယ်နေ့က ကျောင်းပတက်ဖြစ်ကြောင်းနှင့် စိသာဒုထဲက ဘယ်သူတော့ ဘာဖြစ်ကြောင်း၊ ဝေဠုဖြင့် စာတစ်စောင်နှင့်တစ်စောင် အကြား မန္တလေးနှင့် သူညီအစ်မတွေအကြောင်း၊ မန္တလေး၏ လူမှုရေးကိစ္စများအကြောင်း အား ဧဝဧဝေဝေါ်စပ်ရေးသားထားခြင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံတော့ မန္တလေးထံမှ ဆီတို့ဟူ၊ ဂျူးပဲပုပ်ကြော်၊ ကြက်သွန်ချဉ် စသည်တို့အား ပလတ်စတစ်ဘူးများဖြင့်ထည့်ကာ ဝိုလိုက်သည်များကို ကျွေးခေါင်း ကားဂိတ်သို့ သွားယူရတတ်လေ့ ရှိပါသည်။ မန္တလေးထံမှ အစားအသောက်များရောက် ရှိလာသောနေ့များတွင် အဆောင်က ထမင်းစားခန်းမှာ ကျွန်တော်တို့ ထမင်းစားရ သည်မှာ အဆင်ပြေတတ်လေ့ ရှိပါသည်။

အဆောင်မှထမင်းစားခန်းတွင် ရှုပ်ရှင်ပြည်နယ်မှလာသော ကျောင်းသားများ နှင့် ထမင်းစားလျှင် ရှုပ်ရှင်ပြည်နယ်တွက် အစားအသောက်များဖြစ်သော ပဲပုပ်ကြော်၊ ကြက်သွန်ချဉ်၊ ဆီတို့ဟူးတို့အား စားတတ်ပြီး ဝိတ္တိလား၊ ပျော်ဘွယ်၊ ရမည်းသင်း မှလာသော ကျောင်းသားများနှင့်အတူ ထမင်းစားပါက ရေတံသီးကြော်၊ အမဲသား ကြော်တို့ဖြင့် စားရလေ့ရှိသည်။ မြင်းမူ၊ ပုံရွာ၊ ရေဦးဘက်မှလာသော ကျောင်းသား များနှင့် ထမင်းအတူစားပါက ရေဦးပဲငါးပိခြောက်ကြော်၊ ပုံရွာဝက်အူချောင်းကြော်၊ မြင်းမူပဲကျွဲလေ့ကြော် စသည်ဖြင့် ဒေသထွက်အစားအစာများအား စားရတတ် ပါသည်။

တစ်ခါတစ်ရံတော့ ထူးထူးဆန်းဆန်းအစားအသောက်များနှင့်လည်း ပူးစာ ဆုံရတတ်ပါသည်။ ကချင်ပြည်နယ် ကာပိုင်းမှလာသော စိတ်ပညာအဓိကအတူတူမြူ ကျောင်းသား ကိုခင်မောင်ဦးက ကျောင်းဖွင့်တစ်ရက်တွင် "ဟော့- အောင်နေထွန်း အခန်းရိုက်ခဲ့တဲ့ ဒေသထွက်ပါတယ်"ဟု ညနေ စာသင်တန်းများပြီးချိန် အဆောင် အဝင်တွင် ဖိတ်ခေါ်ပါသည်။

ကျွန်တော်က ရေချိုးပြီးလာခဲ့မယ်ဟုပြောကာ ရေချိုးပြီးသောအခါ ကိုခင်မောင်ဦးအခန်းသို့ ရှိမ်းဆိုထားသည့်အတိုင်း သွားခဲ့ပါသည်။ ကိုခင်မောင်ဦး အခန်းသည် Hall Tutor အခန်းမှန့် ကျောခန်းကပ်လျက်ဖြစ်ပြီး ရှေ့ဆုံးအခေ ဆောင်အောက်ထပ် ပြောက်တက်ခြမ်း ပြောက်တက်မှာက်မှာလည်းဖြစ်၍ Hall Tutor မပြင်ဝိုင်သော မတွေ့ဝိုင်သောနေရာ ဖြစ်သည်။

ကိုဝိုးတင့်အခန်းသို့ရောက်သောအခါ ဇာတ်လမ်းကစနေပြီ ဖြစ်သည်။ ကိုခင်မောင်ဦးက "လာကွာ၊ ဖန်ခွက်မရှိတာနဲ့ မတ်ခွက်အပုံးထဲ ထည့်သောက်နေရတာ"ဟုဆိုကာ ကျွန်တော့်ကို အဆောင်ထပင်းစားခန်းတွင် ရေနွေးသောက်သည့် မတ်ခွက်အပုံးဖြင့် အရက်အားငဲ့၍ တိုက်ပါသည်။

ကျွန်တော်က မှာခေါင်းဖြင့်တော့ကာ နမ်းဖိသောအခါ ကိုခင်မောင်ဦးက "ဟေ့လူ- နမ်းနေနဲ့၊ မွေးတဲ့အရက်ရှိရင် ရှာခဲ့၊ ကျွန်တော် တစ်ပုလင်းလုံးဟေ့ ပစ်မယ်"ဟု ပြောပါသည်။ ကျွန်တော်က အရက်ခွက်အား အနံ့ခံကြည့်ရာ အနံ့ပြင်းသဖြင့် "ဒီအတိုင်းတော့သောက်လို့ရမယ် မထင်ဘူး၊ ရေပုလင်းကိုင်သောက်မှရမယ်၊ တအားပြင်းလွန်းတယ်၊ ဘာအရက်လဲ"ဟု မေးမိပါသည်။

ကိုခင်မောင်ဦးက "ပါဟုတ်အရက်ကွ၊ မန္တလေး-မြစ်ကြီးနား ရထားလမ်းဘေးမှာ နှာမည်အကြီးဆုံး ကချင်အရက်ပေါ့"ဟု ဆိုပါသည်။ ထို့နောက် အရက်အနည်းငယ်ကို စကြည့်စားပွဲပေါ်တင်ကာ ပီးခြစ်မြင့် မီးရှို့ပြရာပြာလဲ့လဲ့မီးလျှံများကို တွေ့ရပါသည်။

ကျွန်တော်က မတ်ခွက်ပုံးထဲထည့်ထားသော ကချင်မီးတောက်ကို ရေမရောဘဲ တခြည်ခြည်း မနားတမ်းမော့ချပစ်လိုက်သည်။ ကိုခင်မောင်ဦးက "ဘယ့်နယ်နေလဲ"ဟု မေးပါသည်။ ကျွန်တော်က မြင်းလွန်းသဖြင့် ရေပုလင်းအား ဆက်တိုက် မော့ချလိုက်ရသည်။ ပြီးမှ "သောက်ပူးသမျှ အရက်ထဲတော့ အပြင်းဆုံးပဲ"ဟု ပြောမိပါသည်။ တကယ်လည်း ပြင်းလွန်းသည့်အရက် ဖြစ်ပါသည်။ ကျွန်တော်တို့ အညာဒေသက အရက်တွေလို ထနောင်းခါက်မှုံ့ ထန်းလျက်ရောရှေ့ အလျဉ်ဟောက်ကာချက်သော အရက်များမှုံ့ မတူပါ။ သူတို့အရက်သည် ကောက်ညှင်းဆန်နှင့် တဆေးအား အလျဉ်ဟောက်ကာ ချက်သောအရက်ဟု ဆိုပါသည်။ သုံးခွက်ခန့်သောက်ပြီးသောအခါ မူးပါတော့သည်။ မန္တလေးမြေလာ ညနေက မူလိုလား၊ ကချင်ဒေသထွက်အရက်က ပြင်းလို့လား၊ အခြေအနေနှစ်ရပ် ဝင်လုံးကြောင့်လား မသိပါ။ ကိုခင်မောင်ဦး၏ ကချင်ဒေသထွက် ကချင်မီးတောက် အရက်ကို မမေ့နိုင်အောင် ဖြစ်ခဲ့ရပါသည်။

ဤသို့ဖြင့် ပြင်ဦးလွင်သား [illegible]ဖြင့်ပေါ်ပေါက်လာသော မက်မန်းဝိုင်များကိုလည်း ဘဝတွင် အမှတ်တရဖြစ်ခဲ့ပါသည်။ [illegible]သာမှ မျိုးနိုင်ပေါ်လာသော ပဲလေ့ပျားကိုလည်း မမေ့နိုင်အောင် ဖြစ်ခဲ့ရပါသည်။

ကျွန်တော်၏ တက္ကသိုလ်ကျောင်းသားဘဝတွင် အသိုင်းအဝိုင်းနှစ်ခု ရှိခဲ့ပါသည်။ အသိုင်းအဝိုင်းတစ်ခုမှာ လွှတ်တော်ကလိပ်တွင်နေခဲ့စဉ်က ပေါင်းသင်းခဲ့သော သူငယ်ချင်းများဖြစ်ပြီး နောက်အသိုင်းအဝိုင်းမှာ မန္တလေးတက္ကသိုလ်သို့ ရောက်၍ နောက်ထပ်ခင်မင်ရသော ကိုလေးမြှုံနှင့် မတ်သက်ရသည့် မတ်ဝန်းကွင်းမှသူငယ်ချင်းများ ဖြစ်ပါသည်။

ထိုအသိုင်းအဝိုင်းနှစ်ခုသည် အပြုတဖေဟုတ်သော်လည်း တစ်ခါတစ်ရံတော့ ထိစပ်တတ်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့်လည်း အပေါင်းအသင်းအသစ်ရသဖြင့် အပေါင်းအသင်းဟောင်းများကို စွန့်ပစ်ခဲ့ခွာခြင်းမပြုခဲ့ပါ။

■ ■ ■

၁၉၈၈-၃၄၈၉ ဆောင်းရောင်းဦးနှင်း၊ နွေဦးရာသီတွင် မြို့ထဲမှသူငယ်ချင်းတစ်ယောက်ဖြစ်သည့် "ယကြီး"သည် "ကြိုက်သလိုနေနိုင်တယ်"ဟု အမည်ရသော သီချင်း Series တစ်ခွေအား ထုတ်လုပ်ဝိုင်ရန် ကြိုးစားခဲ့ကြပါသည်။ ထိုသီချင်းခွေအား ထုတ်ဝေနိုင်ရန်အတွက် ကိုလေးမြှုံက Band တွင် Bass Guitor ကို တာဝန်ယူတီးခတ်ရမည် ဖြစ်သည်။ Recording ကိုတော့ ရန်ကုန်မှာပဲ လုပ်မည် ဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်တွင် သူတို့အဖွဲ့ ရန်ကုန်သို့ဆင်း၍ အသံသွင်း ကြမည်ဟု စီစဉ်ကြသည်။

သို့ဖြင့် Hollow Guitor တစ်လုံးဖြင့် သီချင်းအထိုက်နှင့်ကြသည်။ ကိုလေးမြှုံက ဂီတာတီးပြီး "ယကြီး"က သီချင်းဆိုသည်။ တစ်ခါတစ်ရံ ရွှေဦးတွင်နေထိုင်လျက်ရှိသော ကိုဝေချစ်ကိုလည်း ရောက်လာတတ်သည်။ ကိုဝေချစ်ကိုသည် ကျွန်တော်တို့မတ်ဝန်းကွင်းထဲတွင် အသက်အကြီးဆုံး လူငယ်ကြီးဖြစ်သည်။ သူသည် ပန်းချီဆရာတစ်ဦးဖြစ်ပြီး Rock စာသားများရေးခိုက်လည်း အားထုတ်နေသူတစ်ဦး ဖြစ်သည်။ သူသည် မန္တလေးပန်းချီ ပန်းပုကျောင်းဆင်း ပန်းချီဆရာတစ်ဦးဖြစ်ပြီး ထိုစဉ်က နှာမည်ကျော်ကြားလျက်ရှိသော မုတ်သုန်၊ တင်ိုးမျိုး ရွှေစိုးဟန်တို့နှင့် ခေတ်ပြိုင်ပန်းချီဆရာဖြစ်ကြောင်း သိရပါသည်။

ကျွန်တော်သည် ကိုလေးမြှုံနှင့် မတ်သက်၍ သိရသော ကိုဝေချစ်ကို ၏ ဘဝနေနည်း(Life Style)ဟန်အမူအရာများအား မသိမသာလေ့လာမိပါသည်။ ဆံပင်ရှည်ထားခြင်းသည် ထိုစဉ်က လူငယ်ထုအပေါ် အသားကျခဲ့ပြီး တချို့လူငယ်များ ဆံပင်တိုသည့်သူက ပြန်တိုက်နှိမ်ကြပါသည်။ ကိုဝေကြီးသည်လည်း ဆံပင်ရှည်နှင့် လူငယ်ကြီးတစ်ဦးပင် ဖြစ်ပါသည်။ ကိုဝေသည် ယကြီး၏ "ကြိုက်သလိုနေနိုင်တယ်"တေးအယ်လ်ဘမ်တွင် စာသားရေးသူတစ်ယောက်အဖြစ် ပါဝင်ခဲ့သည်လား၊ ကျွန်တော် မမှတ်မိတော့၊ ကျွန်တော်မှတ်မိသည်မှာ ထိုစဉ်က

လွမ်းလွမ်းတောက်အခေါ်တော် Play boy သန်းနိုင်၏ ချစ်ရပ္ပက်အယ်လ်တမ်တွင် ကိုဝေချစ်ကိုက သီချင်းစာအုပ်အမုံးဒီဇိုင်းကို ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ဖန်ခွက်တစ်လုံးထဲတွင် ပိုက်နှစ်ချောင်းတပ်ထားသည့်ပုံဟု ကျွန်တော့်အရုံထဲတွင် မှတ်မိနေ ပါသည်။

သူတို့သည် "ယကြီး"၏တေးအယ်လ်တမ်အတွက် တလုံးလုံး တထွေးထွေး ဖြစ်နေကြသည်။ ထိုစဉ်က မန္တလေးတွင်ပွဲစဉ်ဆိုဖြစ်သော Shell တေးဂီတ အပြင် နောက်ထပ် Band အသစ်တစ်ခုကိုလည်း "ယကြီး"၏အယ်လ်တမ်တီးရန်အတွက် ထပ်မံပွဲစဉ်းခဲ့ကြသည်။ (၃၇)လမ်းတွင် ဂီတာသင်တန်းပေးနေသော ကိုလေးပြူတို့ ဆရာကိုဌေးလွိုင်တို့ ညီအစ်ကိုအား၊ အမှုးထားပွဲစဉ်းခဲ့သည်ဟု ကျွန်တော် မှတ်မိနေပါသည်။

ဘာကြောင့်ဟူ၍တော့ ကျွန်တော် ဂဃနဏ မမှတ်မိပါ။ ထိုစဉ်က ကြိုးစားခဲ့သော ယကြီး၏သီချင်းအယ်လ်တမ်မှာ ထုတ်ဝေဖြန့်ချိခြင်း မရှိခဲ့ပါ။

ကျွန်တော်သည် မိမိပတ်ဝန်းကျင်ထဲမှ သံယောဇဉ်ရှိသူများလည်းဖြစ်၊ ခင်မင်ရင်းနှီးသူများလည်းဖြစ်၊ အတိုင်းအတာတစ်ခုအထိ အရည်အသွေးရှိသူများလည်းဖြစ်ကြသဖြင့် သူတို့၏ကြိုးစားမှုများ အရာထင်စေချင်သည်။ တစ်ပုံတစ်ရာ အောင်မြင်မှု ရရှိစေချင်သည်။ သို့သော် မဂ္ဂင်း တစ်အုပ်၊ နှစ်အုပ်တွင် သူတို့၏ သီချင်းအယ်လ်တမ်နှင့် ပတ်သက်သော သတင်းတစ်ပုဒ်၊ နှစ်ပုဒ်ခန့် ဖတ်ပြီးသောအခါ အကောင်အထည်မပေါ်သော သီချင်းအယ်လ်တမ်နှင့် ပတ်သက်၍ သတင်းအစအန မျှောက်ခဲ့ရသည်။

■ ■ ■

၁၉၇၉-ခုနှစ်တွင် ကျွန်တော် တောင်ကြီးမြို့ရှိ စစ်စံထွန်းဆေးရုံကြီးတွင် ခါရီးဆစ်ရှိအရွတ်များကြောင့် ဗဟိုအာရုံကြောညပ်၍ ခါးနာသည့်ရောဂါဖြင့် တက်ရောက်ကုသမှုခံယူခဲ့ပါသည်။ ရောဂါသက်သာ၍ ဆေးရုံကဆင်းပြီး ပြင်ပလူနာအဖြစ် ဆေးရုံသို့ ပုံမှန်ပြသနေစဉ်ရက်များတွင် အမှတ်(၅)၊ ဗိုလ်ချုပ်လမ်း ပြည်တော်သာရပ်ရှိ ကိုလေးပြူအိမ်သို့ ကျွန်တော် သွားရောက်လည်ပတ်ခွင့် ကြုံခဲ့ပါသည်။

ထိုစဉ်က ကိုလေးပြူ၏မိဘအိမ်ကြီးမှာ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးဖြစ်ပြီး တောင်ကြီးမြို့၏လမ်းမတော်ဘေးတွင် တည်ရှိပါသည်။ တောင်ကြီးမြို့၏ မြေအနေအထားမှာ တောင်ကုန်းခါးပန်းများတွင် အိမ်များဆောက်လုပ်ကြရသည်ဖြစ်ရာ ကိုလေးပြူတို့အိမ်မှာလည်း မြေပြန့်မဟုတ်သော ကုန်းစောင်းကလေးတွင် အတိုအရည်မညီသော အိမ်တိုင်များအား အုတ်မြစ်ချကာ ဆောက်လုပ်ထားသော ဂိုဏ်းအိမ်ကြီး တစ်လုံးသာ ဖြစ်ပါသည်။

ကျွန်တော်တည်းခိုနေထိုင်သော ကျွန်တော့်ဘကြီး၏အိမ်မှာလည်း ကိုလေးပြူတို့အိမ်နှင့် တစ်ရပ်ကွက်တည်းမှာရှိပြီး လမ်းအားဖြင့် နှစ်လမ်း သုံးလမ်းသာ ခြားပါသည်။ သို့ဖြင့် တောင်ကြီးတွင် ဆေးကုစဉ်ကာလအတွင်း ကိုလေးပြူ၏အိမ်သို့ နှစ်ခေါက်၊ သုံးခေါက်လောက် သွားရောက် လည်ပတ်ဖြစ်ခဲ့ပါသည်။ ကိုလေးပြူက သူအဘွားမှအစ သူအစ်မကြီးအဆုံး ကျွန်တော့်ကို ချစ်ခင်ရင်းနှီးစွာ ဝိတ်ဆော်ပေးခဲ့ပါသည်။

ကိုလေးပြူက ကျောင်းပိတ်ရက်အတွင်း သူလုပ်ဖြစ်ခဲ့သော အလုပ်အကြောင်း ပြောပြပါသည်။ သူငယ်ချင်းများစု၍ လက်ဖက်ရည်ဆိုင် ဖွင့်ကြခြင်းအကြောင်း ဖြစ်ပါသည်။ ကျွန်တော် မှတ်မိနေသည့်အကြောင်းမှာ လက်ဖက်ရည်ဆိုင်ဖွင့်၍ အဆင်မပြေကြောင်းနှင့် ကလေးမြို့တောက်သို့သွားကာ တောင်ယာသီးနှံစိုက်ခင်းလုပ်မည့်အကြောင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့သည် ထင်မိထင်ရာ အလုပ်များ လုပ်ခဲ့ကြသည်ကို မှတ်မိနေပါသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ဆေးပေါ်လိပ်ကိုယ်စားလှယ်ယူရန် ကြိုးစားခဲ့ဖူးသည်၊ ကျူရှင်သင်ခဲ့ဖူးသည်၊ မိုးကုတ်ပတ္တမြားမြေသို့တက်ကာ ကျောက်တူးခဲ့ဖူးသည်။ အထက်ချင်းတွင်းအေသို ဖောင်းပြင်မြို့သို့သွားကာ Amoco ရေနံကုမ္ပဏီတွင် အလုပ်သမားလုပ်ရန် အားထုတ်ခဲ့ဖူးသည်။ ပြည်ပြို့ ဘူတာရုံရှေ့ရှိ တည်ခိုခန်းတစ်ခုတွင် အလုပ်သမားလုပ်ခဲ့ဖူးသည်။ (၃)နှစ်တာ ကာလအတွင်း စိတ်မတည်ငြိမ်မှုများပင် ဖြစ်ပါသည်။ နောက်ဆုံး အဘိုးအဘွားများ၏ဇာတိရပ်ရွာရှိ ဆွေမျိုးဘုန်းတော်ကြီးထံတွင် ကပ်ဒယလုပ်ကာ ပိဋိစာပေသင်ကြားခဲ့ဖူးသည်။ ပြန်တွေးကြည့်လျှင် ဘဝကို စနစ်တကျအောင်မြင်အောင်တည်ဆောက်နိုင်ရန် ဖရိုဖရဲမြစ်စဉ်များနှင့် စောင်ခဲ့ရသည်များပင်ဖြစ်သည်ဟု ကောက်ချက်ချရမည်သား။

ကိုလေးပြူသည်လည်း ကျွန်တော် တောင်ကြီးတွင် ဆေးကုနေစဉ်မှာပင် တောင်ယာစိုက်ခင်းစိုက်ရန်အတွက် ကလေးမြို့အေသဘက်သို့ ထွက်ခွာသွားခဲ့ပါသည်။

■ ■ ■

၁၉၉၁-ခုနှစ်၊ မေလကုန်ရက်ပိုင်းတွင် ကျွန်တော်တို့ ပြန်လည်ဆုံတွေ့ခဲ့ကြပါသည်။ ကျွန်တော်တို့သည် ဝေးကွာသွားသော (၃)နှစ်တာ ကာလအတွင်းမှ အကြောင်းအရာများကို ကြုံသည့်အခါ နောက်ကြောင်းပြန်ကြရင်း စာသင်ခန်းများဘက်သို့ ခြေဦးလှည့်တတ်ခဲ့ပါသည်။ စိတ်ပါသည့်ညများတွင် သူငယ်ချင်းများစုစည်း၍ အဆောင်သူများအား သွားရောက်ဖျော်ဖြေခဲ့ကြပါသည်။ သူငယ်ချင်းအချို့ ကျောင်းသို့ ပြန်မလာကြတော့ပါ။ ဘဝတစ်ဆစ်ချိုးတွင် ဘဝအပြောင်းအလဲများ ရှိခဲ့ပါသည်။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အင်္ဂလိပ်စာအထူးပြုဘာသာရပ် ဒုတိယနှစ်ဂုဏ်ထူးတန်းတက်နေသော မြမ်ကြီးနာမှ ကျော်ကျော်ဌေးတစ်ယောက် ကျောင်းသို့ ပြန်မလာတော့ပါ။

ကျွန်တော်က သူနဲ့တစ်ပြိုတည်းသား ကိုဌေးအောင်(အာတိုင်)အား မေးကြည့်ရာ "ကျော်ဌေးက သူ့အမျိုးတွေရှိတဲ့ထိုင်ဝမ်ကို တရားဝင် ထွက်သွားပြီ၊ ထိုင်ဝမ်က Club တစ်ခုမှာ သီချင်းဆိုနေတယ်"ဟု ပြောပြပါသည်။ သူတို့သည် တရုတ်လူမျိုး စစ်စစ်များ ဖြစ်ကြပါသည်။

လွမ်းစရာတော့ ကောင်းပါသည်။ ဘာကို လွမ်းစရာကောင်းမှန်းတော့ မသိပါ။ စာမေးပွဲက ဒူလိုင်လဆန်းလျှင် ဖြေရမည်။ ကျောင်းစာများကိုလည်း အပြေးအလွှား ကျွက်မှတ်နေရသည်။ လက်ဖက်ရည်ဆိုင်ထိုင်ရတာပင် မဖြောင့်သလို ခံစားရသည်။ ဒီကြားထဲ မြို့ထဲတွင်နေသည့် ယကြီး၏ သီချင်းအယ်လ်ဘမ် ထုတ်ဝေို့ကိစ္စက ကျောင်းဝင်းထဲ ရောက်လာသည်။ ထိုစဉ်က Rock ဂီတက အရှိန်ရနေပြီ ဖြစ်သည်။ Rock သီချင်းများကို စာသားထည့်၍ သီဆိုကြသူများထဲတွင် ဇော်ဝင်းထွဋ်၊ ချစ်ကောင်းနှင့် ဂျေမောင်မောင်တို့ နာမည်ရလျက် ရှိကြသည်။

"ယကြီး"က သူ့သီချင်းအယ်လ်ဘမ်ကို "ဟယ်ရိလင်းရဲ့ဟယ်ရိလင်း" ဟု အမည်ပေးမည်ဖြစ်ကြောင်း ပြောပြသည်။ ထိုစဉ်က အလွန်ခေတ်စားနေသော Heavy Metal ခေါ် မြင်းအာမြင့်များသော Rock ဂီတအမျိုးအစားတစ်ခုကို အလေးထားပြီး Copy စကားလုံးများအား သီဆိုမည် ဖြစ်ပါသည်။

စကားလုံးများကို ရေးသားပေးသူမှာ ဝင်းဝင်းထွေးဖြစ်ပြီး ကျွန်တော်တို့၏ ယကြီးခေါ် ဟယ်ရိလင်း၏အနှင့် အလွန်ပင် ခံတွင်းတွေ့စေသည့် စကားလုံးများ ဖြစ်ပါသည်။

John Von Jovi ၏ Young Gun II Album ထဲမှ Blood Money ဆိုသည့်သီချင်းကို ဝင်းဝင်းထွေးက အဆိပ်ငွေကြေးဟူသောခေါင်းစဉ်နှင့် စကားလုံးဖလှယ်လိုက်သောအခါ ကျွန်တော်တို့ လွန်စွာ ကျေနပ်အားရ ဂုဏ်ယူခဲ့ရပါသည်။

"ဟယ်ရိလင်းရဲ့ ဟယ်ရိလင်း" Album ထွက်ပီးကပင် ကျွန်တော်တို့သည် ယကြီး၏သီချင်းတချို့အား နားယဉ်ခဲ့ရပါသည်။ ယကြီးသည် မြို့ထဲအိမ်မှ ကျောင်းဝင်းထဲသို့လာပြီး သီချင်းဆိုလေ့ကျင့်ပါသည်။ ထုံးစံအတိုင်း ကိုလေးမြူက ဂီတာတီးပါသည်။ ကိုလေးမြူသည် သီချင်းဆိုကောင်းရုံသာမက ဂီတာတီးလည်း ကောင်းသူ ဖြစ်ပါသည်။ ကျွန်တော်တို့သည် လူခြေတိတ်၍ အတွဲများ ကင်းလွတ်ရေရှိယာဖြစ်သော ပင်မဆောင်နောက်ကျောဘက် သိပ္ပံတန်းစာသင်ဆောင် ကော်ရစ်ဒါ

များသို့ သွားရောက်ကာ ယကြီးသီချင်းတို့ကိုသည်နေရာသို့ သွားရောက်အားပေးခဲ့ကြသည်။ ကျွန်တော်တို့သာ မဟုတ်ပါ။

လမ်းပေါ်မှ ဖြတ်သွားဖြတ်လာလုပ်ရင်း သီချင်းသံကြား၍ လာနားထောင်သည့် ကျောင်းသားရိသဟို ပတ်ဝန်းကျင်ရှိ ဆောက်လုပ်ရေးဝန်ထမ်းများ နေသည်အိမ်များမှ ကလေးများသည်လည်း "ယကြီး"သီချင်းဆိုသံအား လာရောက်နားထောင်အားပေးခဲ့ကြတာကို မှတ်မိနေသေးသည်။

ထိုစဉ်က ကိုလေးမြူသည် ရှည်လျားသောဆံပင်များကို ခါးယမ်းကာ ဂီတာကို အာရုံဝင်စားမှုအပြည့်ဖြင့်တီးခတ်ရာ ဟော်လိုဝီတာပင်ဖြစ်လင့်ကစား အလွန်ပင်ကြည့်၍ ကောင်းလှပါသည်။

ဝင်းဝင်းထွေး၏ စကားလုံးများထဲမှာ "လိပ်ပြာ" ဆိုသည့် သီချင်းအား ယကြီးဆိုပြီး ကိုလေးမြူ ဂီတာတီးတာကို နားထောင်ခဲ့ရသည်မှာ ယခုအချိန်ထိတိုင် မျက်စိထဲမှာ မထွက်နိုင်အောင် မှတ်မိနေပါသေးသည်။

ကိုလေးမြူနှင့်ပတ်သက်၍ ယကြီးကို သိခဲ့ရသော်လည်း ကိုယသည် ကျွန်တော့်ရင်ထဲတွင် ထာဝရမြူဝင်သော ပန်းတစ်ပွင့်ဖြစ်ခဲ့ပါသည်။ ယခု စာကို ရေးသားနေသည့်အချိန်ထိအောင် ယကြီးသီဆိုခဲ့သော သီချင်းအယ်လ်ဘမ်များမှ အကြိုက်ဆုံးပြောဆိုပါလျှင် ဟယ်ရိလင်းရဲ့ဟယ်ရိလင်းပင် ဖြစ်ပါသည်။

ထိုအယ်လ်ဘမ်သည် ၁၉၈၇-၈၈ လောက်ကစီစဉ်ခဲ့သော "ကြိုက်သလို နေနိုင်တယ်"ဆိုသည့် အယ်လ်ဘမ်နှင့် သက်ဆိုင်မှုမရှိဘဲ ၁၉၉၁-ခုနှစ်တွင် အမှန်တကယ် ထုတ်ဝေဖြစ်ခဲ့ပါသည်။ Music Band မှာ ထိုစဉ်က အကျော့်အမော်များ စုစည်းထားသော T-4 ဖြစ်ပါသည်။ T-4 (တီဖို)၏အစီပွာယ် မှာ Top-4 ဖြစ်ပါသည်။ ထိပ်သီး ၄-ဦးဖြင့် ဖွဲ့စည်းထားသော တေးဂီတဟု ဆိုရပါမည်။

ကျွန်တော့်အနေဖြင့် ကိုယနှင့်ရင်းနှီးသော အသိမိတ်ဆွေတစ်ယောက်၏တေးအယ်လ်ဘမ်အား အစွဲကြီးစွာ နားထောင်ဖြစ်ခဲ့ပါသည်။ ခွေကြမ်းဘဝများပင် ကျွန်တော်တို့ သီချင်းတချို့အား လိုက်ဆိုတတ်အောင် စွဲလမ်းခဲ့ကြပါသည်။

၁၉၉၁-ခုနှစ် မိုးရာသီကာလတစ်လျှောက်လုံး မန္တလေးတက္ကသိုလ်၏ အဆောင်လွတ်များရေတွင် ဟယ်ရိလင်း၏သီချင်းလေ့ကျင့်ခန်းများ လုပ်ဖြစ်ခဲ့ပါသည်။

■ ■ ■

ထိုကာလများအတွင်းမှာပင် ရတနာပုံဆောင်အပေါ်ထပ် အရှေ့ဘက်ထောင့်စွန်းခန်းတွင်နေခဲ့သော မြန်မာစာမေဂျာမှ ကိုသိန်းဖိုင်(ကဗျာဆရာ မောင်ယဉ်ဖိုင်)သည် ကျောင်းတက်တော့ဘဲ မုံရွာတွင် နေနေရာမှ မန္တလေးသို့ ရောက်

လက်မက်ရည်ဆိုင်မှာ သူက ဖြပ်မဲ့ပန်းဦးသဘောတရားတွေ ပြောသည်။ မော်ခန်ကဗျာအကြောင်း ပြောသည်။ Time and Space အကြောင်း ပြောသည်။ သူပြောတာတွေ တော်တော်များသည်။ တကယ်လည်း သူလေ့လာထားသည်မှာ ထင်ပေါ်လှသည်။ သူသည် လွန်ခဲ့သောနှစ်များအတွင်းက ရန်ကုန်သို့သွားရောက်ခဲ့ပြီး ရန်ကုန်တွင် ကာလအတန်ကြာနေထိုင်ရင်း အနုပညာဘာသာရပ် အသီးသီးအား လက်လှမ်းမီသမျှ လေ့လာခဲ့ကြောင်း ကျွန်တော်တို့အား သိစေပါသည်။ သူ ညွှန်းဆိုကိုးကားသည့်အထဲတွင် သူလေးစားသော ပန်းချီဆရာမောင်ဒီ ပါသည်။ အဆိုတော်၊ ပန်းချီဆရာ ခင်ဝမ်းပါသည်။ ဇော်မိုင်သည် ကျွန်တော်တို့ထက် အတန်းငယ်သော်လည်း အနုပညာမှာ့်ပတ်သက်၍ ဘာသာရပ်အသီးသီးအား ကျယ်ပြန့်စွာ လေ့လာသူဖြစ်သည်။ သူသည် ယခုအခါ ထိုစဉ်က စကားထဲ လုံးဝ ထည့်မပြောခဲ့သော ဂီတဘာသာရပ်မှ သီချင်းရေးဆရာဘဝကိုရရှိခဲ့သူ နိုင်းနိုင်(ခေါ်) ကျွန်တော်တို့၏ ချစ်စနိုးနာမည် "ဝိတ်ကြီး"ပင် ဖြစ်ပါသည်။

ဝိတ်ကြီးသည် မုံရွာကောလိပ်မှ မန္တလေးတက္ကသိုလ်နယ်မြေအတွင်းတွင် (၃)ရက်ကြာနေထိုင်ခဲ့ရာမှ ယခုအချိန်အထိ မြို့ပြုစွာ ခင်မင်ရင်းနှီးခဲ့သော ကိုလေးမြူ၏ နာမည်ကျော် "စုန်းပ"၊ "အိပ်မက်ကဗျာ"သီချင်းများ၏ အရှင်သခင် ဖြစ်ခဲ့ရပါသည်။

ဝိတ်ကြီးနှင့်ပတ်သက်၍ ညီသစ်ကို သိခဲ့ရသည်။ ထိုစဉ်က ညီသစ်သည် ညီသစ် မဟုတ်သေး ကျလိုင်ကျနိုင်အပည်မြှင့် ကဗျာ၊ ဝတ္ထု စတင်ရေးသားနေသော စာရေးဆရာ၊ ကဗျာဆရာပေါက်စတစ်ယောက်သာ ဖြစ်သည်။ သူသည် (၃၆)လမ်းနှင့် (၃၇)လမ်းကြား (၇၃)လမ်းပေါ်မှ အပြင်ဆောင်တစ်ဆောင်တွင် နေသည်ဟု ကျွန်တော်မှတ်မိနေသည်။ ကျွန်တော်တို့ Final Year တွင် ညီသစ်က First Year ထင်သည်။ ထိုစဉ်က သူသည် ပေဖူးလွှာမဂ္ဂဇင်း ပေလွှာဖူးသစ်ကဏ္ဍတွင် ကဗျာဝတ္ထုများ ဖော်ပြခဲ့နေရပြီ ဖြစ်သည်။

ညီသစ်သည် အတန်းငယ် ကျောင်းသားဖြစ်ခြင်း၊ အပြင်ဆောင်နေသူ ဖြစ်ခြင်းတို့ကြောင့် အစိုးရဆောင်နေသော ကျွန်တော်တို့နှင့် ကျောင်းတက်စဉ်ကာလတစ်လျှောက် မနီးစပ်ခဲ့ပါ။ ကိုလေးမြူ၏ အဆောင်ရှေ့က ညများတွင် ညီသစ်မပါဝင်ခဲ့သော်လည်း ကိုလေးမြူအောင်မြင်မှုရလာချိန်တွင် ညီသစ်၏စကားလုံးများပါသော သီချင်းတချို့အား ကိုလေးမြူ သီဆိုခဲ့ပါသည်(စကားချပ်)

ညီသစ်သည် မန္တလေးတက္ကသိုလ်တွင် E-major မဟုတ်သော်လည်း အင်္ဂလိပ်စာတော်သောကျောင်းသားတစ်ဦး ဖြစ်ကြောင်း သိရပါသည်။ သူသည် လူကောင်သေးသော်လည်း ထက်မြက်သူဖြစ်သည်။ သူ၏ဘဝရပ်မြေကို အတိုအကျ

လာတတ်ပါသည်။ သူသည် ကဗျာဆရာဖြစ်သော်လည်း တတိယနှစ် မြန်မာစာသင်တန်းအား အောင်မြင်အောင် မြေဆိုမိုင်ခြင်း မရှိခဲ့ပါ။

သူက အော်စကာဝိုင်းတို့၊ ပလေတိုတို့ အဆိုအဝိန့်တွေနှင့် ကျောင်းတက်သူ ဖြစ်သည်။ တစ်ခါတစ်ရံ သူပြောလေ့ရှိသော "စာမေးပွဲအောင်ရုံနဲ့ ပညာတတ်တာ မဟုတ်ဘူးကွ"ဆိုသော စကားလုံးကို ကျွန်တော် ယခုအချိန်အထိ မမေ့သေးပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်အနေဖြင့်တော့ စာမေးပွဲအောင်ဖို့သည်လည်း အရေးကြီးသည်ဖြစ်ရာ မောင်ယဉ်နိုင်၏စကားကို နားမယောင်ဖြစ်ခဲ့ပါ။

တစ်ခု ဦးကျွေးရောကောင်းသည်မှာ မောင်ယဉ်နိုင်သည် သူယုံကြည်သည့် အတိုင်း တက္ကသိုလ်နယ်မြေကို "ပြတ်သန်းသွားခြင်းပင် ဖြစ်သည်။ "စာမေးပွဲအောင်ရုံနဲ့ ပညာတတ်တာ မဟုတ်ဘူးကွ"ဆိုသည့် သူပြောခဲ့သည့်စကားအတိုင်းပင် မောင်ယဉ်နိုင် စာမေးပွဲ မအောင်ခဲ့ပါ။ နောင်နှစ်တွေမှာ မောင်ယဉ်နိုင် စာမေးပွဲ ရှေ့ပြန်၊ မရှေ့ပြန်၊ ဘွဲ့ရသည်၊ မရသည် ကျွန်တော် မသိတော့ပါ။ မေးလည်း မမေးချင်တော့ပါ။

သို့သော် သူသည် ကဗျာဆရာတစ်ဦး ဖြစ်သည်။ ထိုကာလများမှာပင် မိုးဝေး ခေါ်ကဲ့သို့သော စာပေရေးရာသြဇာရှိသည့် မဂ္ဂဇင်းကြီးများ၏ ရှေ့တန်းကဗျာနေရာတွင် မောင်ယဉ်နိုင်၏ကဗျာများ ဖော်ပြပြေးခဲ့ပြီဖြစ်ရာ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် မောင်ယဉ်နိုင်သည်လည်း အတိုင်းအတာတစ်ခုအထိ လူရာဝင်ခဲ့ပါသည်။

၁၉၉၁-၉၃၊ ဇူလိုင်လ၏ နေ့တစ်နေ့တွင် မောင်ယဉ်နိုင်သည် လက်ပြင်ကုန်းကုန်း မှတ်ဆိတ်ပါးမြိုင်းဒုတ်တိုဖြင့် စကားပြောရာတွင် အညာလေသံ ပီပီမြင်မြင် ရိုက္ခန်းသော ဇော်မိုင်အပည်ရှိ မုံရွာကောလိပ်မှ ရုပဗေဒအဓိကကျောင်းသား တစ်ဦးအား ခေါ်ဆောင်ကာ ကျွန်တော်တို့၏ ရွှေပြည်အေးဆောင်၊ အခန်းအမှတ်(၅၉)သို့ ရောက်လာပါသည်။

ထုံးစံအတိုင်း စကားတွေ ဟောင်နေအောင် ပြောကြပါသည်။ ထိုနောက် ကျွန်တော့်အဝတ်သေတ္တာထားသည့် အခန်း(၁၁၀)သို့မြန်ကာ ရေချိုး အဝတ်အစား လဲကြပါသည်။ မောင်ယဉ်နိုင်၏ နောက်ထပ် ထုံးစံအတိုင်း ရေချိုးပြီး သူ့အဝတ်အစားများအား အခန်းထောင့်တွင် ပုံထားခဲ့ကာ လွှဲပစ်ပြီး မီးပူတိုက်ပြီးသား အဝတ်တစ်စုံအား လဲလှယ်ဝတ်ဆင်ကာ လက်မက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပါသည်။ လက်မက်ရည်ဆိုင်တွင် ဆက်၍ လေပန်းကြပါသည်။

ပုံရွာကောလိပ်ကျောင်းသား ဟောင်ဇော်နိုင်သည်လည်း ခေသူ မဟုတ်ပါ။ သူသည် ရေဦးမြို့သားဖြစ်ပြီး အနုပညာဂိုဏ်းဆရာ ဝေချစ်ကိုနှင့် တစ်မြို့တည်းသား ဝေချစ်ကို၏ အနုပညာဝိတ်ဆွေတစ်ဦးဖြစ်ကြောင်း သိရပါသည်။

သောကျောင်းသားများအား အတန်းတက်ချိန်တွင် ကိုယ် နားမလည်သောစာများအား မေးမြန်းစုံစမ်းသင့်ပြင့် စာကျက်ရာတွင် သိပ် အခက်အခဲမဖြစ်ပါ။

ကျောင်းသားများအတွက် တစ်ဘာသာမဟုတ် တစ်ဘာသာကတော့ အခက်အခဲရှိပါသည်။ မန္တလေးတက္ကသိုလ်တွင် ရွေးပြည်အေးဆောင်သည် စတုတ္ထနှစ်ကျောင်းသားများနှင့် ဂုဏ်ထူးတန်း ဒုတိယနှစ်၊ ဂုဏ်ထူးတန်း တတိယနှစ် ကျောင်းသားများနေသောအဆောင် ဖြစ်ပါသည်။

စတုတ္ထနှစ်ကျောင်းသားအတွက် အဓိကဘာသာ(၄)ခုနှင့် Minor Subject (၂)ခုရှိပါသည်။ အဓိကဘာသာ(၄)ခုတွင် ကျောင်းသားတစ်ယောက်အတွက် ဘာသာရပ်တစ်ခုကတော့ အပြဖမ်းစားပါသူဉ်။ ကျွန်တော်ဆိုလျှင် Analytical Chemistry ၏ ဖမ်းစားချောက်ချားနှုကို ခံရပါသည်။ Minor Subject များကိုတော့ ကြောက်လေ့မရှိပါ။ သို့သော် ကိုလေးမြို့တို့ English Major ကျောင်းသားများအတွက်တော့ Major Subject ထဲမှ Linguistic (ဘာသာဗေဒ)ဘာသာရပ်အပြင် Minor Subject ထဲမှ မြန်မာစာကိုလည်း သူတို့ အထူးကြောက်ကြပါသည်။ English Major သမားများသောင်ရသော Minor မြန်မာစာမှာ ကျိန်စာ၊ ကျောက်စာ ဖြစ်ပါသည်။ သူတို့သည် ကျိန်စာပါ အချက်အလက်များကို ပိုးပွှန်နေအောင် ဖတ်ကြသည်။

မြန်မာစာနှင့်ပတ်သက်၍ ပွားယာခတ်နေသော English Major ကျောင်းသားများ၏ အခြေအနေအားကြည့်၍ သနားစိပါသည်။ သူတို့သည် မြန်မာစာကို စိတ်လည်း မဝင်စားကြ၊ ကျမ်းလည်း မကျမ်းကျင်ကြ၊ ကျမ်းကျင်အောင်လည်း မကြိုးစားကြသဖြင့် အခက်အခဲတွေ့ကာ ကြောက်လန့်နေကြပါသည်။

ကျောင်းသားတစ်ဦးချင်းစီ၏ အဓိကရည်ရွယ်ချက်မှာ စာမေးပွဲအောင်မြင်ရုံမြောက်ပါသည်။ ကျောင်းသက်ဆက်၍ မရည်ရွယ်ကြတော့ ကျွန်တော်တို့ရှေ့က အတန်းကြီးကျောင်းသားများ တစ်နှစ်တစ်တန်းအောင်ပါက အသက်(၂၀)ကျော်တွင် ဘွဲ့ကြီးပြီး ကျွန်တော်တို့ကတော့(၂၃)နှစ်မှ ဘွဲ့ကြမည့်အနေအထား ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် စာမေးပွဲအောင်မြင်စွာမြေဆိုမိုင်ရေး အပတ်တကုတ် ကြိုးစားကြပါသည်။

ထိုသို့ စာမေးပွဲပြေဆိုရန် စာဖတ်နေသည့်ကာလများအတွင်း ကျွန်တော်တို့အဆောင်သားများ ထူးဆန်းသော အတွေ့အကြုံတစ်ခုရခဲ့ပါသည်။

တစ်ညတွင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် (ရေတွင်းနေရာတွင် ရေးခဲ့သလို) ရွေးပြည်အေးဆောင်တွင် ပြောက်ဘက်ခြမ်း တောင်ဘက်မျက်နှာလှည့် အောက်ထပ်ရှိ အခန်းအမှတ်(၅၉)နှင့် အနီးတစ်ဝိုက်တွင် စာကျက်နေကြသည်။ အခန်းအတော်များများရှိ

ကျောင်းသားများ စာကျက်နေကြသည်ကို အခန်းတွင်း ထွန်းထားသော မီးရုံးများ အားကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

ကိုလေးမြို့သည် ကျွန်တော်စာကျက်နေသောအခန်းထဲသို့ လျှိုဝှက်ချက် တစ်ခုအား တွေ့ရှိထားသောမျက်နှာမှင့် "ဟေ့ကောင်- ဆိတ်ကြီး(ကျွန်တော်၏ နာမည်ပြောင်အားခေါ်လျက်) လျှိုဝှက်သည်ဟိုကိစ္စ တစ်ခုပြမယ်၊ လိုက်ခဲ့"ဟု ဆိုပါသည်။ ကျွန်တော်က "ဟာ…ချွေးကြီးကလည်း ဘာတွေများလဲ" ကျွန်တော် ကမလိုက်ချင်သဖြင့် ငြင်းရုသည့်လေသံဖြင့် ပြောပါသည်။ ထိုစဉ်မှာပင် အခန်း (၅၇)မှ အကြီး (သူလည်း လာရှိနှုတ်ရာတ် ဖြစ်ပါသည်)ပါ အခန်းထဲဝင်လာပြီး "ကိုဆိတ်ကြီး လိုက်ခဲ့စမ်းပါ"ဟု ခေါ်သဖြင့် ကျွန်တော်လည်း စာကြည့်စားပွဲမှ ထလိုက်ပါသည်။

ကော်ရစ်ဖါတစ်လျှောက်တွင် လမ်းလျှောက်၍ စာဖတ်နေသော ပုံရွာသားများဖြစ်ကြသည့် စိုးသိဏ်း မြင့်ဌေးတို့လည်း ရောရောယောင်ယောင်ဖြင့် ပါလာသည်။

ရွှေပြည်အေးဆောင်တွင် အဆောင်နောက်ကျောဘက်ရှိ အရှေ့ဘက်ထိပ်၊ အနောက်ဘက်ထိပ်များတွင် အပေါ်ထပ်ရော အောက်ထပ်ပါ ရေချိုးခန်း အိမ်သာများ ရှိသည်။ ယခု ကျွန်တော်တို့ဝင်ခဲ့သည်က အောက်ထပ် အနောက်ဘက်ထိပ်မှ ရေချိုးခန်းအတွင်းသို့ ဖြစ်သည်။ ရေကန်များနောက်ကပ်လျှက်တွင် အိမ်သာများ ရှိသည်။ ကိုလေးမြို့က အနောက်ဘက်မှစရေတွက်လျှင် ဒုတိယမြောက်အိမ်သာတံခါး၏ လက်ကိုင်ကွင်းအား ဆွဲဖွင့်ရာ မဖွင့်ဘဲ ဖြစ်နေသည်။ တစ်ချက်၊ နှစ်ချက် ဆောင့်ဆွဲကြည့်ပြီးဖွင့် မရသောအခါ "ဘယ်လိုလဲ၊ ထူးတယ် မဟုတ်လား"ဆိုသော မျက်နှာပေးမျိုးဖြင့် ကျွန်တော်တို့အား ကြည့်ပါသည်။

မကြာပါ။ ဘယ်ကနေ ဘယ်လို သတင်းပို့လွှားသည်မသိ၊ ကျွန်တော်တို့ Roll မှ Hall Tutor ဆရာစိန်(ဦးမောင်မောင်စိန်)နှင့် ကျောင်းသားတချို့ ထပ်ရောက်လာပါသည်။ ကျောင်းသားတစ်ယောက်က ပေါက်တူးရိုးအလွယ် သစ်သားချောင်းတစ်ချောင်း ကိုင်ထားပါသည်။ နောက်ထပ် ကျောင်းသားတစ်ယောက်က "ဒီကိစ္စ သစ်သားချောင်းနဲ့ ပြေရှင်းလို့ မရဘူး"ဟုပြောကာ သူပါစေပမှ တတွတ်တွတ်နှင့် ဘုရားစာရွတ်ပါသည်။ ဘုရားစာရွတ်သူက ရွှာနေသို့တွင် ကျောင်းသားတစ်ယောက်က အိမ်သာခန်းအပေါ် လွတ်နေသောနေရာမှ ရေငြင်း အိမ်သာခန်းအတွင်းသို့ လှမ်းပက်ပါသည်။

အိမ်သာထဲတွင် လူမရှိကြောင်း သေချာပါသည်။ အဲဖြင့် လူမရှိဘဲ အိမ်သာတံခါးချက်က ဘာပြလို့ အတွင်းထဲမှာ ကွေ့နေရသည်လဲ။ ပြီးတော့ ဒီ အိမ်သာချက်တွေက အပေါ်အောက်ချက်မဟုတ်၊ ဘေးတိုက်ကန့်လန့်ထိုးရသော ချက်တွေ ဖြစ်သည်။

သိပ်မကြာလိုက်ပါ၊ ရွှေပြည်အေးဆောင် အနောက်ဘက်လမ်းတစ်ဖက်ရှိ အဆောင်စားရိပ်သာတွင် မိုတင်းနေထိုင်ကြသော ခွေးအုပ်သည် အဆောင်၏ နောက်ကျောဘက် ဘတ်စကက်ဘောကွင်းပတ်ဝန်းကျင်တွင် ရှိနေရာမှ ဆွဲဆွဲငင်ငင်ကျယ်လောင်စွာ ဝိုင်းဝန်းဟစ်အူကြပါသည်။

ကျောင်းသားတစ်ယောက်က ထိုပိတ်နေသော အိမ်သာတံခါးကို ဆွဲဖွင့်ရာ အလွယ်တကူ ပွင့်သွားပါသည်။ မည်သည့်အတွက် ယခုကဲ့သို့ လွဲမှားမှု ဖြစ်ရပါသလဲ။ ကျွန်တော်တော့ စဉ်းစားရန် ဉာဏ် မမီခဲ့ပါ။ သံသယရှိသဖြင့် အိမ်သာအတွင်းဝင်ကြည့်ရာ တံခါးချက်မှာ ဘေးတိုက်ထိုးရသောချက်ဖြစ်ကြောင်း သေချာစွာ တွေ့ရပါသည်။

ထိုအရာသည် ထူးဆန်းသောအဖြစ်အပျက်တစ်ခုမျှသာ ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ကောက်ချက်ချရန် မဝံ့ပါ။ (သို့သော် ဝတ္ထုရေးဆရာ ကျွန်တော်က ထိုအကြောင်းကိုပင် "ခေါင်းလောင်းထိုးသံ ရင်မှာလှုံကဖို့ ဒဏ်ရာညများ" ထွင်းထားကျော်ဆစ်၊ ကမ္ဘည်ဖြစ်စေ" ဆိုသော ဝတ္ထုတိုတွင် အကြောင်းအရာတစ်ခုအဖြစ် ထည့်သွင်းရေးသားခဲ့ပါသည်။ (စကားချပ်)

နောက်ပိုင်းတွင် ထိုကိစ္စနှင့်ပတ်သက်၍ ကိုလေးမြူက သူတို့၏သံသယအား ဖော်ထုတ်မိုင်ရေး သူနှင့်အကြီ စောင့်ကြည့်ခဲ့သည်မှာ အချို့အတိုင်း အတာတစ်ခု အထိကြာခဲ့ပြီဖြစ်ကြောင်း ပြောပြပါသည်။

သူတို့ (ကိုလေးမြူနှင့်အကြီ)သည် ညသန်းခေါင်ကျော်လျှင် ဝိတ်ပိတ်သွားတတ်သော ထို (အနောက်ဘက်မှ စရေတွက်လျှင်) ဒုတိယမြောက်အိမ်သာတံခါးအား စိတ်ဝင်စား၍ စောင့်ကြည့်နေခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ထိုညက ည(၁၁)နာရီခွဲအချိန်ခန့်တွင် သူတို့နှစ်ယောက်သား တံခါးအား သေချာစွာ ဖွင့်ထားခဲ့ကြကြောင်း၊ (၁၂)နာရီကျော်တွင်သွားကြည့်ရာ ပိတ်နေ၍ ယခုကဲ့သို့ ကျောင်းသားအများစုအား ခေါ်ပြခဲ့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ပတ်ဝန်းကျင်အပေါ် အမှုမဲ့ အမှတ်မဲ့မနေဘဲ စူးစမ်းတတ်သော ကိုလေးမြူ၏ ဉာဉ်အား ထိုဖြစ်ရပ်တစ်ခုတည်းနှင့်ပင် ကျွန်တော် အသိအမှတ်ပြုလိုက်ရပါသည်။

■ ■ ■

မန္တလေးဇာ ဒွန်လသည် ပြုတ်ထားသကဲ့သို့ ပူလှသည်။ ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်ထိုင်ရာတွင်ပင် စွပ်ကျယ်ချိုင်းပြတ်ဖြင့် ထိုင်ကြသည်။ လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့ထိုင်းသည့် လူအင်အားများသဖြင့် စား၀ွဲ(၂)လုံးဆက်၍ထိုင်ကာ ရောက်တတ်ရာရာ ပြောနေဖြစ်ကြသည်။ ကျွန်တော့်အထင် ဒီလောက်လူများလျှင် ညဉ့်နက်ပါက ဂီတာဝိုင်းတော့ဖြစ်မည်ဟု တစ်ထစ်ချ ယုံကြည်မှော်လင့်မိသည်။

အတွေ့အကြုံအရပြောရလျှင် ကိုလေးမြူသည် အမျိုးသမီးအဆောင်သို့ ဂီတာတီးသွားမည့်ကိစ္စကို ပတ်ဝန်းကျင်ရှိ အပေါင်းအသင်းများအား ကြိုတင်၍ အသိပေးလေ့ မရှိပေ။ ထိုသို့ အသိမပေးခြင်းမှာ မည်သည့်အတွက်ကြောင့်ဟု တစ်ထစ်ချပြောမိုင်သော်လည်း ဂီတာတီးနေချိန်တွင် စိတ်အနှောင့်အယှက်ဖြစ်စေမှာ ပြုမူတတ်သော တစ်စုံတစ်ယောက်ပါလာပါက အလွန်ပင် အာရုံနှောက်ဖွယ်ကောင်းလှပေသည်။

တချို့က အလွန်ပင် အလိုက်မသိတတ်သူများ ဖြစ်သည်။ ဂီတာကို အာရုံစိုက်တီးခတ်နေချိန်တွင် အသံသေး၊ အသံကြောင်ဖြင့် ကြားဖောက်အော်ဟစ်ပါက တီးခတ်သူအာရုံ ပျက်သွားတတ်ပေသည်။ ကျွန်တော်သိသလောက် ကိုလေးမြူသည် အဆောင်ရှေ့တွင်ဖြစ်စေ၊ အဆောင်တွင် တီးခတ်သည့်အခါဖြစ်စေ စိတ်ပါလက်ပါ (mood) အာရုံဝင်စားမှုအပြည့်ဖြင့် တီးခတ်သီဆိုလေ့ ရှိပါသည်။ သို့ဖြစ်၍ ဂီတာတီခြင်း၊ သီချင်းဆိုခြင်းအား အနှောင့်အယှက်ပြုနိုင်သူ နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ ဂီတာသံ၊ သီချင်းသံကြားလျှင် မနေနိုင်တတ်သောလူမျိုးဖြစ်ပြီး ကိုယ့်အသံနှင့် ဖြစ်နိုင်မဖြစ်နိုင် မစဉ်းစားဘဲ လိုက်ပါသီဆိုခြင်းဖြင့် အမျိုးသမီးအဆောင်ရှေ့တွင် အခြားဂီတာဝိုင်းများနှင့် ယှဉ်၍တီးခတ်နေသောအခြေအနေတွင် စိတ်အနှောင့်အယှက်ဖြစ်စေသောလူမျိုးနှင့် နောက်တစ်မျိုးမှာ အရက်သောက်လာပြီး မူးယစ်ကာ ထင်ရာမြင်တတ်သော၊ လုပ်တတ်သောသူများ ဖြစ်သည်။ ဤကဲ့သို့ မူးယစ်နေသူတစ်စုံတစ်ယောက်ပါလာပြီး မထိန်းနိုင်၊ မသိမ်းနိုင်ပါကလည်း ဂီတာဝိုင်း ပျက်တတ်ပါသည်။

သို့ဖြစ်၍ အမျိုးသမီးဆောင်များရှေ့ ဂီတာတီးမည့်ကိစ္စအား လွှဲပုတ်ထားလေ့ ရှိခဲ့ပါသည်။ သို့သော် လက်ဖက်ရည်ဆိုင်တွင် လူတော်တော်များများ စုမိပြီး ကိုလေးမြူပါဝင်နေပြီဆိုပါက ဂီတာသွားတီးမည့်အစီအစဉ်မှာ သေချာလေ့ရှိပါသည်။

သို့သော် ထိုညကတော့ ကျွန်တော့်ထင်မြင်ချက် လွဲချော်ခဲ့ပါသည်။ ည(၈)နာရီကျော်သောအခါ လက်ဖက်ရည်ဆိုင်မှ ထရန် ပြင်ကြပါသည်။ ဂီတာတီးမည်ဆိုလျှင်လည်း အနည်းငယ် စောနေသေးသည့်အတွက် ကျွန်တော်က "ကိုလေးမြူ ဘယ်သွားမှာလဲ" ဟု မေးရာ လိုက်မှာသာ လိုက်ခဲ့စမ်းပါဟုဆိုသဖြင့် ဘုမသိ ဘမသိ ဖြင့် ကိုလေးမြူတို့လူအုပ်နှင့် ရောယောင် လိုက်ပါခဲ့ပါသည်။ အချို့မှာလည်း ကျောင်းဖွင့်စဖြစ်သဖြင့် ကျွန်တော်တို့လည်း လက်ထဲတွင် အိမ်မပါလာသော ပိုက်ဆံကလေး ကိုယ်စီဖြင့် စိတ်ပေါ့ပါးလျက် ရှိပါသည်။ ကျောင်းပြန်ဖွင့်စဖြစ်၍ စာမေးပွဲနှင့် မနီးသေးရာ ကျောင်းစာပိစီးမှုလည်း မရှိသေးသောအချိန် ဖြစ်သည်။

ကိုလေးမြူ ဦးဆောင်လာသော ကျောင်းသား(၂၀)ခန့်သည် စက်ဘီးကိုယ်စီဖြင့် (၇၃)လမ်းအတိုင်း စီးလာကြပြီး (၃၅)လမ်းအရောက်တွင် ဘယ်ဘက်သို့ ကွေ့ပါသည်။ (၃၅)လမ်းပေါ်သို့ရောက်ပြီး ဓာတ်မီးတိုင် အဆက်ကွဲသောနေရာတစ်နေရာတွင် စက်ဘီးကိုရပ်ကာ ကိုလေးမြူက ပိုက်ဆံကောက်ပါသည်။ တစ်ယောက်(၅)ကျပ်ကောက်ပြီး လူနှင့်ငွေကို ကိုက်ညီရေတွက်ကာ ကိုလေးမြူ ဦးဆောင်၍ ဗီဒီယိုရုံသို့ ချီတက်ကြပါသည်။

ဗီဒီယိုရုံသို့ရောက်သောအခါ ကိုလေးမြူက ဗီဒီယိုရုံတာဝန်ခံနှင့် ဦးစွာ ညှိပါသည်။ ပြေလည်သောအခါ ကိုလေးမြူက "ဝင်လို့ရပြီ" ဟုပြောသဖြင့် ကျွန်တော် တို့လည်း ကိုယ့်စက်ဘီးသော့ကိုယ်ခတ်ကာ ဗီဒီယိုရုံအတွင်းသို့ ဝင်ကြပါသည်။ ဗီဒီယိုပြသည့်လှုပ်လွှဲ၍ ကျွန်တော်တို့အဖွဲ့တွင် လုံစိမ်း မပါဝင်ပါ။

ဗီဒီယိုကားပြသချိန်မှာ သိပ်မကြာပါ။ မိနစ်(၄၀)ခန့်ကြာသောအခါ ပြီးပါသည်။ မြန်မာကားဖြစ်ပြီး အရုပ်များ အသံများ ကောင်းမွန်ကြည့်လင်ခြင်း မရှိပါ။ ဇာတ်လမ်း ဇာတ်ကွက်လည်း မပီပြင်ပါ။ အားလုံးက ကိုလေးမြူကို ဝိုင်းဝန်းအားပေးကြပါသည်။

ကိုလေးမြူက "ငါက မင်းတို့ကို စေတနာနဲ့ သီးသီးသန့်သန့် ကြည့်ဝေခွင့်လို့ပါကွာ" ဟု ပြောပါသည်။ မှန်ပါသည်၊ ကိုလေးမြူ၏ အားလုံးကို လွတ်လွတ်လပ်လပ်ဟော်စေချင်သောဆန္ဒသည် မပီပြင်သော ဗီဒီယိုဇာတ်လမ်းနှင့်ပေါင်းကာ အမှတ်ရစရာဖြစ်ခဲ့သည်ကို ကျွန်တော် မေ့မိုင်မည် မထင်ပါ။

■ ■ ■

ကိုလေးမြူနှင့် စတင်ရင်းနှီးခဲ့ပြီး ရွှေပြည်အေးဆောင်တွင် တစ်ခန်းတည်း အတူနေခဲ့ကြသည့် အချိန်အထိ ကိုလေးမြူ ဒေါသဖြစ်သည်ကို မကြုံတွေ့ဖူးပါ။ သို့သော် တစ်ညနေတော့ ကိုလေးမြူ ဒေါသဖြစ်တာကို ကြုံခဲ့ရသည်။

ကျွန်တော်နှင့် ကိုလေးမြူသည် ရေတွင်ရေးခဲ့သည့်အတိုင်း ရွှေပြည်အေး(၅၉)သို့ အဆောင်နှည်းပြီး အခန်းအများပေါက်ကျောင်းသား ကိုသိန်းဝိုင်နှင့် ညှိ၍ တခြားအခန်းများမှ လာရောက်ဖိုခိုနေထိုင်ကြသူများ ဖြစ်သည်။

(၅၉)သို့ရောက်သောအခါ သော့ခတ်ရန် သော့တစ်လုံးဝယ်ပြီး သော့ချောင်းများကို ခွဲဝေကိုင်ဆောင်ခဲ့ကြပါသည်။ နောက်တော့ ဘယ်သူ သော့ပျောက်သည် မသိပါ။ ကျွန်တော်တို့နှစ်ယောက်တွင် သော့တစ်ချောင်းသာ ကျန်ပါတော့သည်။ ကိုလေးမြူနှင့် ကျွန်တော်မှာ အတန်းတက်ချိန်မှလွဲ၍ အတူရှိနေသည်ကများပါသည်။ သို့ဖြစ်၍ သော့အား သီခြားကိုင်ဆောင်ရန် နောက်တစ်လုံး မဝယ်ကြတော့တဲ့ နေခဲ့ပါသည်။ တစ်ခါတစ်ရံ တစ်ယောက်တကွဲ သွားမည်ဆိုပါက သော့တံ

ကို မည်သူမျှ အပြင်သို့ယူဆောင်သွားခြင်း မပြုဘဲ အခန်းရှေ့ကော်ရစ်ဒါ အုတ်ရိုးရှိ အပေါက်တွင် အုတ်ခဲတစ်လုံးထားကာ ထိုအုတ်ခဲအောက်တွင် သော့တံကို လှိုဝှက်စွာ ဝှက်ထားခဲ့တတ်ပါသည်။ လှိုဝှက်စွာဝှက်ထားသည်ဆိုသော်လည်း အခန်းနီးခန်းကျင် သူငယ်ချင်း အဆောင်သားအားလုံး အုတ်ခဲအောက်တွင် သော့တံရှိသည်ကို သိကြပါသည်။ သော့တံရှိမှန်းသိသော်လည်း အရေးအကြောင်းမရှိဘဲ အခန်းကို မဖွင့်ကြပါ။

ဤသို့ နေထိုင်လာကြရာ တစ်ရက်တွင် အခန်းဝိုင်ရှင် ကိုသိန်းဝိုင် အခန်းသို့ ရောက်လာပါသည်။ ကျွန်တော်အိပ်သောခုတင်မှာ ကိုသိန်းဝိုင်၏ ခုတင်ဖြစ်ပြီး ခုတင်ပေါ်တွင်ခင်းထားသော သင်ဖြူးဖျာမှာလည်း ကိုသိန်းဝိုင်၏ဖျာပင် ဖြစ်ပါသည်။

ကိုသိန်းဝိုင်သည် ခုတင်အောက်ရှိ သေတ္တာကိုဖွင့်၍ မွေနှောက်ကာ သူလိုချင်သောစာအုပ်များ ရှာဖွေလျက်ရှိရာ ကျွန်တော်လည်း အလိုက်တသိပင် ကိုလေးမြူခုတင်ဘက်သို့ကူးကာ ထိုင်ပါသည်။ ကျွန်တော်တို့ အပြင်ထွက်မည့် အချိန်ထိ ကိုသိန်းဝိုင်သည် အခန်းမှ မပြန်ဝိုင်သေးဘဲရှိရာ ကိုလေးမြူက "ကျွန်တော်တို့ အပြင်သွားအုံးမယ်၊ ကိုသိန်းဝိုင်ပြန်ရင် သော့တံကို ကော်ရစ်ဒါ အုတ်ရိုးပေါက်က အုတ်ခဲအောက်မှာထားခဲ့ပါ" ဟု သေချာစွာ မှာကြားပါသည်။ ပြီးနောက် ကျွန်တော်တို့ နှစ်ယောက် အဆောင်မှ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ပါသည်။

လက်ဖက်ရည်ဆိုင်ထိုင်ပြီးသောအခါ စာသင်ခန်းသို့ သွားပါသည်။ ကျွန်တော်တို့သည် ညနေအတန်းပြီးချိန်တွင် ဆုံရပ်သတ်မှတ်ကာ အဆောင်သို့ ပြန်ခဲ့ပါသည်။ အဆောင်သို့ပြန်ရာတွင် အခန်းနီးကျောင်းသား ကျွန်တော်တို့၏သူငယ်ချင်း အကြွေ၏ ပိန်းမစီးစက်ဘီးကလေးကို ကိုလေးမြူက ရွေ့ကန်၊ ကျွန်တော်က နောက်ကကယ်ရီယာပေါ်ကလိုက်ကာ ပြန်ခဲ့ကြပါသည်။ အဆောင်၏အနောက်ဘက်ပေါက်မှ ဝင်ခဲ့ပါသည်။

အခန်းရှေ့ရောက်သောအခါ အခန်းတံခါးမှာ သော့ခတ်ထားပြီး ကျွန်တော်က သော့ထားခဲ့ရန်မြောထားသောနေရာဖြစ်သည့် အုတ်ခဲအောက်လှန်ကြည့်ရာ ဘာမှ မတွေ့သဖြင့် ကိုလေးမြူသည် ရုတ်တရက်ဒေါသဖြစ်ကာ ကော်ရစ်ဒါတစ်လျှောက် သူတွန်းလာသောစက်ဘီးကို လက်ဖြင့်မြောက်ကာ ကိုင်ပေါက်ပါသည်။ ပိစိမှုလည်း "ဒီလိုမြစ်မှာစိုးလို့ သေချာပြောထားရက်နဲ့ကွာ၊ သက်သက်မဲ့.." ကိုလေးမြူ အတော်ပင် ဒေါသဖြစ်လျက်ရှိသဖြင့် ကျွန်တော်က အိမ်သာတို့၊ ရေချိုးခန်းတို့များ သွားလားမသိတူး ကျွန်တော် သွားကြည့်လိုက်မယ်ဟုပြောကာ ရေချိုးခန်းဘက် ထွက်ခဲ့ပါသည်။

ရေချိုးခန်း အိမ်သာတွင်လည်း ကိုသိန်းဝိုင်ကို မတွေ့သဖြင့် ပြန်လာရာ ကော်ရစ်ဒါအရှောက်ထိပ်မှာ သူသူငယ်ချင်းတစ်ယောက်နှင့် လမ်းလျှောက်လာသော

ကိုသိန်းမိုင်ကို အေးစက်စက် တွေ့လိုက်ရပါသည်။ ကိုသိန်းမိုင်က ကျွန်တော်တို့အနီး ရောက်မဆိုက်ပင်...

"ခင်ဗျားတို့ရောက်နေမှာစိုးလို့ မြန်လာတာ၊ ရောက်နေတာ ကြာပြီလား" ဟု မြောပါသည်။

ကိုလေးမြူသည် ဘာမှမပြောဘဲ မျက်မှောင်ကြုံးမည်းလျက် ကိုသိန်းမိုင်ကို အေးတိအေးစက်ကြည့်နေပုံမှာ သူ့အေးသကို မျိုသိပ်နေပုံရပါသည်။

ကျွန်တော်တို့ အခန်း Roll တွင် ကျောင်းသားအတော်များများ အခန်း အသီးသီးသို့ မရောက်သေးသဖြင့် ကိုလေးမြူ ဒေါသတကြီးဖြင့် သူစီးလာသော အကြွေစက်တီးကို ကိုင်ဆောင်လိုက်တာ ဘယ်သူမှ မသိလိုက်ကြပါ။

ကိုသိန်းမိုင်၏ ပဋိသန္ဓာရစကားကို ကိုလေးမြူက အေးတိအေးစက် အပြုအမူဖြင့် တံ့ပြန်လိုက်သောကြောင့် ကိုသိန်းမိုင်လည်း နားလည်သဘောပေါက်သွားပုံ ရပါသည်။ နောက်တော့ ကိုသိန်းမိုင်သည် အခန်းတွင်းမှ စာအုပ်အချို့ကိုယူပြီး သူ သူငယ်ချင်းနှင့် အပြင်သို့ ထွက်သွားပါသည်။ ကိုသိန်းမိုင် အဆောင်အပြင်သို့ ထွက်သွားမှ-

"ဒွီးတဲ့မပဲ...သေချာပြောထားခဲ့တာတောင် တလဲလှပ်တဲ့လူ၊ ကြောင်တောင်တောင်နဲ့" ဟုဆိုကာ သူ့ဒေါသကို မြေလျှောလိုက်ပုံ ရပါသည်။

ကျွန်တော့်စိတ်ထဲ နည်းနည်းတော့ ဖျားသွားပါသည်။ အကြွေစက်တီး ဘာမျှမဖြစ်သွားသေးသလဲဟုလည်း ကြည့်ရပြန်ပါသေးသည်။ စက်တီးက တာယာ ဘက်အတည့်ကျသဖြင့် အသံသာမြည်ပြီး ဘာမှ ထူးထူးထွေထွေ ချွတ်ယွင်းမသွား စက်တီးအမျက်အစီးမရှိမှ ကျွန်တော်လည်း သက်ပြင်းချနိုင်သည်။

ကိုလေးမြူက "ဟောကောင်ဆိတ်ကြီး စက်တီး ဘာဖြစ်သွားသေးလဲ" ဟု အခန်းထဲမှလှမ်းမေးရာ ကျွန်တော်က "ဘာမှ မဖြစ်ပါဘူး၊ အကောင်းအတိုင်းပဲ" ဟု မြေလိုက်မှ သူစိတ်ပေါ့သွားပုံ ရပါသည်။

ကိုလေးမြူကသာ သတိမထားမိရင် ရှိမည်၊ သူလည်း တစ်ခါတစ်ရံတော့ သော့တံကို အုတ်ခဲအောက်မထားဘဲ မေ့လျော့ယူသွားတတ်သည်။ သူနှင့် ကျွန်တော် တစ်လမ်းဆီသွားပြီး တစ်နေရာမှအချိန်မတူတဲ့ အခန်းသို့ပြန်လာသော အခါမျိုး ကျွန်တော်က အခန်းသို့စောရောက်သည့်အခါတွင် အခန်းရှေ့မှ စောင့်ရတတ်ခဲ့ပါသည်။ ကျွန်တော် အခန်းတံခါးသော့ပိတ်ထား၍ အခန်းတွင်းသို့ မဝင်နိုင်အောင် ဖြစ်နေသော အချိန်အခါမျိုးတွင် အခန်းဘေးမှ စိုးသိဏ်းနှင့်မြင့်ဌေးတို့ သိရှိသွားလျှင် လွန်စွာမှ ကျေနပ်ကာ သဘောကျတတ်ကြပါသည်။

စိုးသိဏ်းနှင့်မြင့်ဌေးသည် ကွမ်းတမွတ်မွတ်နှင့် အလွန်တရာအာကျွယ်သော မုံရွာသား English Major ကျောင်းသားများဖြစ်သည့်အားလျော်စွာ ကျွန်တော်နှင့် ကိုလေးမြူ Timing လွဲကာ အခန်းထဲ မဝင်နိုင်ဖြစ်နေသော ကျွန်တော့်ကို အော်ကြိုးဟစ်ကျယ် ပျော်ရွှင်စွာ ပြောင်လှောင်ခဲ့သည်များကို ယခု အချိန်ထိ မြင်ယောင်သတိရနေပါသေးတော့သည်။

■ ■ ■

ကျွန်တော်တို့သည် လာမည့်ဂုဏ်လလယ်တွင် မြေရမည့် စာမေးပွဲပြီးဆုံး၍ စာမေးပွဲအောင်မြင်ပါက တက္ကသိုလ်ကျောင်းသားဘဝကုန်ဆုံးတော့မည် မြစ်ရာ ကျောင်းသားဘဝရင်သန်စဉ်ကာလအတွင်း ကျောင်းသားဘဝ အမှတ်တရဖြစ်စေမည့် ပျော်စရာ၊ ရွှင်စရာများ လုပ်ကိုင်ကြပါသည်။

ရာသီဥတုကောင်းမွန်သော ကျောင်းပိတ်ရက်တစ်ရက်တွင် ကျွန်တော်တို့သည် ကင်မရာတစ်လုံးဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ကြပါသည်။

ကင်မရာမှာ ကျောက်ဆည်သား လုပိုးဇော်ကင်မရာ ဖြစ်ပါသည်။ သူလည်း ကျောင်းပိတ်ရက်ကာလတုန်းက သူ့အမျိုးတွေရှိရာ ထိုင်ဝမ်သို့ သွားရောက်လည်ပတ်ခဲ့ကြောင်း၊ ကင်မရာကို ထိုင်ဝမ်သို့ သွားရောက်လည်ပတ်စဉ်က ဝယ်ယူခဲ့ကြောင်း သိရပါသည်။ ကင်မရာမှာ ထိုခေတ် ထိုအခါက အတော်ပင်ကောင်းမွန်သော Auto Focus Camera ဖြစ်ပါသည်။ မှန်ဘီလူးသည် လူနှင့် Camera အကွာအဝေးကိုလိုက်ပြီး အလိုအလျောက် ချိန်ညှိပေးသောစနစ်ပါဝင်သဖြင့် Focus မမြှတ်မှာ မပူရပါ။

ကျွန်တော်တို့သည် သူငယ်ချင်းများစုဝေးပြီးသကာလ အဆောင်မှ ထွက်ခဲ့ကြပါသည်။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် အဆောင်တွင် လူရှင်းလျက် ရှိပါသည်။ အဆောင်ရှေ့ရောက်သောအခါ အဆောင်အားနောက်ခံထား၍ ရိုက်ကြပါသည်။ တစ်ပုံ အရိုက်ခံသောလူများသဖြင့် နှစ်ယောက်တန်းတန်းရပါသည်။ ရှေ့တန်းက လူများက ထိုင်လျက်အနေအထား၊ နောက်တန်းကလူများက ရပ်လျက်အနေအထားဖြင့် ရိုက်ယူပါသည်။

ထိုနောက် ရတနာပုံလမ်းမှ ရွှေပြည်အေးလမ်းသို့ ချိုးကွေ့ကာ ရွှေပြည်အေးလမ်းပေါ်တွင် အဖွဲ့လိုက်လမ်းလျှောက်လာသည့်ပုံအား ရိုက်ယူကြပါသည်။ ရွှေပြည်အေးလမ်းသည် အလွန်လှသောလမ်း ဖြစ်ပါသည်။ ရွှေပြည်အေးလမ်း၏ ဘယ်ညာတစ်ဖက်တစ်ချက်စီတွင် ထိုစဉ်က တမာပင်(၃၇)ပင်သည် စီတန်းပေါက် ရောက်လျက်ရှိရာ ကတ္တရာလမ်းပြာကလေးသည် တမာပင်တန်းဖြင့် အလွန်ပင် ပန်

ရလုပါသည်။ ရွှေပြည်အေးလမ်းနှင့် ရွှေမန်းလမ်းဆုံထောင့်ချိုးတွင် အုတ်ခဲကလေး တစ်ခု ရှိပါသည်။ အုတ်ခဲနောက်ကျောဘက်တွင် ကုက္ကိုပင်ကြီးရှိပါသည်။ ကျွန်တော်က ထိုနေရာတွင် တစ်ပုံလောက်ရိုက်ရန် စိတ်ကူးရှိသော်လည်း ပါဝင်သော အဖွဲ့များနေရာယူရန် မလုံလောက်သဖြင့် ရိုက်ကူးခြင်း မရှိခဲ့ပါ။

ရွှေမန်းလမ်းသို့ရောက်သောအခါ ကျွန်တော်တို့ ရွှေမန်းဆောင်အတွင်း သို့ဝင်၍ စာတ်ပုံရိုက်ရန် စိတ်ကူးရပါသည်။ ကျွန်တော်တို့အထဲမှ သွက်လက် ချက်ချာသော မြိုမိုင်က အဆောင်စောင့်အဘိုးကြီးအား စာတ်ပုံရိုက်လိုကြောင်း ခွင့်တောင်းပါသည်။ ရွှေမန်းဆောင်ရှေ့တွင် ပန်းခြံအဝိုင်းကလေးရှိပြီး အင်တေအုတ်ခဲလေးတစ်ခု ရှိပါသည်။ ကျွန်တော်တို့သည် အင်တေအုတ်ခဲကလေးအား အဖိုပြုကာ ဆယ်ကဲ့ထဲမှ လူများကဲ့သို့ဒီဇိုင်းထွင်ကာ စာတ်ပုံရိုက်ကြပါသည်။ ကျောင်းဝိတ်ရက်ဖြစ်သဖြင့် အဆောင်တွင် စကြိမ်ဂိုးများသာ ကျန်နေခဲ့၍လား မသိ။ အဆောင်သူ တစ်ယောက်၊ နှစ်ယောက်မှလွဲ၍ ကျွန်တော်တို့အား နောင့်ယှက်မည့်သူ မရှိခဲ့ပါ။

ထိုမှ ကျွန်တော်တို့သည် သစ္စာဆောင်သို့ ရောက်ခဲ့ပါသည်။ သစ္စာဆောင်တွင် ကျွန်တော်တို့သည် ညှဉ်တွေ့ရန်လာသည့် ကျောင်းသားများ အယောင်ဆောင်ကာ အဆောင်ဂိတ်တံခါးအား မြတ်ကျော်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် အဆောင်အဆောက်အအုံထဲသို့ ဝင်ရလောက်အောင်ထိ စည်းကမ်းမဲ့ကြပါ။ အဆောင်၏ ပျားအုံပုံရံများအား နောက်ခံထားကာ အိုက်တင်အမျိုးမျိုးပေး၍ စာတ်ပုံအရိုက်ခံကြပါသည်။ ကိုလေးပြူးက အဆောင်အဆောက်အအုံဝင်ပေါက်တွင် ချိတ်ဆွဲထားသော "အမျိုးသားများအဆောင်အတွင်းသို့ လုံး၀(လုံး၀) မဝင်ရ"ဟူသော ဆိုင်းဘုတ်အား ကိုင်ကာ အမှတ်တရစာတ်ပုံ ရိုက်ကြပါသည်။

ကျွန်တော်တို့သည် အဆောင်စည်းကမ်းနှင့် ညီညွတ်မှုရှိသည်၊ မရှိသည်ကို မလေ့လာဖိသော်လည်း အဆောင်အုပ်ချုပ်သူ အဆောင်မှူး အဆောင်နည်းပြနှင့် အဆောင်နေကျောင်းသူများအား ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အပြုအမူမျိုး မပြုမူခဲ့ကြပါ။ ကျွန်တော်တို့၏ ကျောင်းသားဘဝ နောက်ဆုံးနှစ်အခါသမယတွင် အမှတ်တရပျော်ရွှင်ဖွယ်အဖြစ် စာတ်ပုံရိုက်ကြခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့သည် သစ္စာအမျိုးသမီးဆောင်တွင် အဆောင်အဆောက်အအုံရှေ့သာမက ခြံစည်းရိုးအပြင်ဘက်တွင်လည်း အမှတ်တရစာတ်ပုံ ရိုက်ယူခဲ့ကြပါသည်။

ကိုလေးပြူးနှင့် မန္တလေးဘက္ကသိုလ်နေခဲ့စဉ်ကာလများတွင် အမျိုးသမီးဆောင်များရှေ့ ဂီတာတီးရာသို့ ကြွမ်းမန်များစွာ လိုက်ပါခဲ့ဖူးသည်။ ထိုသို့ တီးခတ်ရာတွင် သစ္စာဆောင်ရှေ့တွင်သာ တီးခတ်ခဲ့ဖူးပြီး မြတ်မာနှင့်ရွှေမန်းဆောင်များရှေ့တွင် ဂီတာတီးလေ့ မရှိခဲ့သည်ကို သိစိတ်ထဲတွင် မှတ်မိနေပါသည်။ သစ္စာဆောင်ရှေ့သည် ဂီတာတီးရန် အလွန်ကောင်းသော ပြေပြင်ပတ်ဝန်းကျင်အနေအထားရှိသည်ကို မှတ်မိနေပါသည်။

ကျွန်တော်တို့သည် သစ္စာဆောင်ရှေ့တွင် စာတ်ပုံရိုက်ရာမှ ပင်မဆောင်ကြီးရှေ့သို့ ရွှေ့ခဲ့ကြပါသည်။

ပင်မဆောင်ကြီးရှေ့တွင်လည်း ပန်းခြံငယ်အဝိုင်းကလေး ရှိပါသည်။ ပန်းခြံကလေးအား အပေါ်စီးမှကြည့်ပါက အသည်းနှလုံးပုံကလေး ဖြစ်ပါသည်။ ပန်းခြံအား သစ်သားခြောင်းကလေးများဖြင့် ခြံစည်းရိုးကာရံထားပြီး သစ်သားခြောင်းကလေးများအား သင်္ဘောဆေးအပြာနရောင် သုတ်ထားပါသည်။ ပန်းခြံအတွင်းတွင် အဓိပတိလမ်းတည့်တည့်၊ ပင်မဆောင်ကြီးရှေ့ဂျပ်တွင် အင်တေလျှောက်လမ်းကလေးဖောက်ထားပြီး အင်တေလျှောက်လမ်းအလယ်တွင် (ခေါင်းလောင်းပါသော) ခေါင်းလောင်းစင်ကလေး ရှိပါသည်။ ကျွန်တော်တို့သည် ခေါင်းလောင်းစင်အား အဖိုပြု၍ လူပဒေသာပင်ဒီဇိုင်းဆင်ကာ စာတ်ပုံရိုက်ကြပါသည်။

ပန်းခြံအပြင်ဘက်ထွက်ကာ English Department ထောင့်တွင် ရပ်ထားသည့် ပိုင်ရှင်မသိသောကားတစ်စီးကို အဖိုပြု၍လည်း ရိုက်ကြပါသည်။ ကင်မရာပိုင်ရှင်လုပိုးက ဖလင်တစ်လိပ်ကုန်အောင် ရိုက်ကြမည်ဟု ဆုံးဖြတ် ထားသောကြောင့် Main Building ကြီးရှေ့ ကျောက်တိုင်လုံးကြီးများအား အဖိုပြု၍လည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် စာတ်ပုံရိုက်ကြပါသည်။

ထိုမှ ရေနီမြောင်းတံတားသို့သွား၍ အမှတ်တရ ရိုက်ကြပါသည်။ ရေနီမြောင်းတံတားပေါ်သည် ညနေစောင်းချိန်တွင် ကျောင်းသားများ ထိုင်လေ့ရှိသော တံတားဖြစ်ပါသည်။ ကျွန်တော့်အထင် မန္တလေးတက္ကသိုလ်အဆောင်နေ ကျောင်းသားများသည် ညနေစောင်း၌ ထမင်းစားပြီးချိန်တွင် ရေနီမြောင်းတံတားပေါ်သို့ လာရောက်၍ ဟိုမှဖိုပြတ်သွားပြတ်လာလုပ်ကြသော အဆောင်သူကလေးများအား မျက်စိအစာကျွေးကြခြင်း ဖြစ်ပါသည်။ တချို့အဆောင်ကျောင်းသူများက အကြောင်းကိစ္စရှိ၍ လမ်းပေါ်ထွက်ကြရခြင်းဖြစ်ပြီး အချို့အဆောင်သူများကတော့ အညောင်းပြေလမ်းလျှောက်ရင်း ကြည့်ချင်သူများအကြည့်ခံရန် လမ်းပေါ်ထွက်ကြခြင်းဟု ကျွန်တော် ထင်ပါသည်။ မည်သို့ဆိုစေ ရေနီမြောင်းတံတားကတော့ ကြည့်ချင်သူ၊ အကြည့်ခံချင်သူတို့အတွက် မလွဲမသွေဖြတ်ကြရသောနေရာ ဖြစ်သည်။

ကျွန်တော်တို့သည် ရေနီမြောင်းတံတားတွင် အမှတ်တရစာတ်ပုံရိုက်ပြီးသောအခါ မန္တလေးတက္ကသိုလ်အင်မုဒ်ဦးကြီးကို နောက်ခံထားပြီး စာတ်ပုံရိုက်ကြပါသည်။ မုဒ်ဦးရှေ့တွင်တော့ ကျွန်တော်တို့ Idea တစ်မျိုးဖြင့် ရိုက်ကြပါသည်။ Idea မှာ တစ်ယောက်ချင်း ကိုယ်ကြိုက်သည့်အိုက်တင်ဖြင့် မုဒ်ဦးကို နောက်ခံထားကာ ကျွန်သူငယ်ချင်းများက စာတ်ပုံအရိုက်ခံမည့်လူ၏နောက်တွင် ကြိုက်သည့်

အိုက်တင်ပေးကာ အရိုက်ခံကြရမှုမြစ်သည်။ ဤသို့ဖြင့် မှန်ဦးရေတွင် သူငယ်ချင်းအုပ်စု တစ်စုလုံး ရွှမ်ထွေးပျော်ရွှင်စွာ အိုက်တင်တွေလုပ်ရင်း စာတံပုံရိုက်ကြရာ ညနေ(၃)နာရီ ခန့်တွင် အဆောင်သို့ ပြန်ရောက်ပါသည်။

အဆောင်သို့ရောက်သောအခါ ကိုလေးမြူက ဂီတာအသေးတစ်လုံးကို ယူလာပြီး စကြည့်စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးအား အခန်းရှေ့ကော်ရစ်ဒါသို့ ထုတ်လာပြီး ဂီတာတီးပါသည်။ အားလုံး ပေါ့ပေါ့ပါးပါးပင်ဖြစ်ပါသည်။ အဆောင်နေ အဝတ်အစားဖြင့် ကော်ရစ်ဒါတွင် လူစုမိပြန်သည်။ တစ်နေကုန်ကျောင်း၏ နေရာ အနံ့အပြားတွင် လှည့်လည်ခဲ့ရှာတော်ပုံရိုက်ခဲ့ကြရာ အတော်ပင်မောပန်းကာ ခွေးပြန် နေပြန်ရာ အဆောင်ရောက်သောအခါ ဇွပ်ကွယ်မှဉ်ဘောင်ဘီတိုမှဉ် မြင်ကွန်ကြသည်။ အဆောင်တွင် မကွန်သေးသော ဖလင်လိပ်အား ဆက်၍ ရိုက်ကြသည်။ မကွာ Welcome တွင် Drum တီးသော အကြွက ဒွန်ဆက်ရင်းမှဉ် ရေနွေးတစ်ခွက်အား Drum လုပ်တီးသည်။ ကိုလေးမြူက ဂီတာတီးသည်။ စာတံပုံရိုက်သူက ရိုက်သည်။ အလွန်မျော်ရောကောင်းသောနေ့တစ်နေ့ ဖြစ်ပါသည်။

ထိုနောက် ကွန်တော်က သူငယ်ချင်းတွေ တစုတစည်းတည်း ရှိတုန်း အမှတ်တရ စာတိုပေစကလေးရေးပေးရန် သူငယ်ချင်းများအား စာအုပ်မှဉ် ဘောလ်ပင် အားထိုးပေးရာ ကိုလေးမြူကလည်း ရေးပေးခဲ့ပါသည်။

ကွန်တော့်စာအုပ်တွင် ကိုလေးမြူရေးပေးသော Auto အား အမှတ်တရ ဖော်ပြရလျှင်-



ကွန်တော်က သူငယ်ချင်းအောင်မြင့်မော်၏စာအုပ်တွင် . . .

သူငယ်ချင်း

မြင်ဦးလွင်မှာ ပန်းတွေ ရောင်စုံပွင့်ရင်

သူငယ်ချင်းတွေကို သတိရပါ။

ဟု ရေးပေးလိုက်ရာ မြင်ဦးလွင်သား အောင်မြင့်မော်(မော်ကြီး)က . . .

ဟေ့ကောင်ကြီးရ . . . မြင်ဦးလွင်မှာက အမြဲတမ်းပန်းတွေပွင့်နေတာကွဟု ပြောပါသည်။ ကွန်တော်က ဘာမှ မပြောရဖြီ လုပ်ီးက "အေး . . အမြဲတမ်းသတိရပါ လို့ပြောတာကွ" ဟု အဓိပ္ပာယ်ဝင်ဖွင့်ပါသည်။

မော်ကြီးက "ဆိတ်ကြီးကတော့ ကဗျာဆန်နေပြန်ပါပြီကွာ" ဟု ပြောသည်ကို အမှတ်ရနေမိပါသည်။

■ ■ ■

မန္တလေးတက္ကသိုလ်တွင် နေခဲ့စဉ်ကာလအတွင်း ကွန်တော့်တွင် သူငယ်ချင်း များစွာ ရှိခဲ့ပါသည်။ ထိုစဉ်က ကွန်တော်တို့သည် ကဗျာရေးကြသည်၊ ဂီတာတီးကြ သည်၊ စကားပြေရေးကြသည်။

ကွန်တော်နှင့် သန်းခိုင်က ရွှေဘိုကောလိပ်ကတည်းက စာအုပ်ကလေး တစ်အုပ် ဒီဇိုင်းထွင်ချပ်ကာ ထိုစာအုပ်ထဲတွင် ကဗျာကလေးတွေရေးပြီး သူငယ် ချင်းများအား ပေးဖတ်ခဲ့ကြသည်။ ကွန်တော်တို့သည် စာရေးဆရာ၊ ကဗျာဆရာ မင်းလုတို့အုပ်စုရေးသည့် ရွှေနှလုံးသားကိုဖတ်ပြီး စိတ်ကူးယဉ်လွန်ကဲ ရိုက်ကြသည်။ ကဗျာတွေရေးသည်။ ထို့နောက် စာအုပ်လှလှကလေးချပ်ကာ ကဗျာတွေ စုရေး ကြသည်။ နီးစပ်ရာသူငယ်ချင်းတွေကို ပေးဖတ်ကြပြန်သည်။ ဤသို့ဖြင့် ကွန်တော် တို့သည် ကျောင်းထဲတွင် ရန်သူမရှိ၊ မိတ်ဆွေချည်းသာ ဖြစ်ခဲ့သည်။

အပေါင်းအသင်းများခြင်း။ လူချစ်လူခင်ပေါခြင်းသည် ကျောင်းသားဘဝ တွင် လတ်တလော ထူးထူးထွေထွေတော့ အကျိုးမရှိပါ။ ရည်စားစာ မရေးတတ် သော သူငယ်ချင်းများအား ရည်စားစာရေးပေးရတာပင် အဖတ်တင်သေးသည်။

ကွန်တော့်တွင် မိတ်ဆွေ ဘယ်လောက်ရှိသည်၊ သူငယ်ချင်းဘယ်လောက် များသည်ကို ရေတွက်မထားသဖြင့် စာရင်းအတိအကျ မမှတ်သားထားသော်လည်း ကွန်တော်၏ Auto စာအုပ်မှာတော့ နေရာလပ်မရှိအောင် ဖြစ်ခဲ့ရပါသည်။

ကိုယ်ကိုယ်တိုင်သာ ရည်စားထားရန် ထူးထူးခြားခြား အချိန်မပေးခဲ့သော်လည်း ခင်မင်သူ သူငယ်ချင်းများအား ရည်စားစာရေးပေးခဲ့ရသော အကြိမ်မနည်းပါ။ မန္တလေးတက္ကသိုလ်တွင် ရည်စားစာ ရေးပေးခဲ့သမျှထဲတွင် ဝမ်းတွင်းမှ ကိုမောင်ဝင်း နှင့်ပတ်သက်သောအကြောင်းကို ကွန်တော် အမှတ်ရနေပါသည်။

ကျွန်တော်တို့သည် စာပေးပွဲပြေပြီးသောအခါ ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိအောင် တွေဝေခဲ့ကြပါသည်။ ယခုတစ်ကြိမ် တက္ကသိုလ်အား ခွဲခွာခြင်းသည် နောက်ဆုံးအကြိမ် ခွဲခွာခြင်းဖြစ်သည်။ နောက်တစ်ကြိမ် ပြန်လာပါက ကျွန်တော်တို့သည် တက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ် ပြန်လာကြရတော့မည် မဟုတ်ပေ။ တက္ကသိုလ်မှ ဘွဲ့ရပြီးသောလူတစ်ယောက် တက္ကသိုလ်နှင့် အသက်ဝင်စွာ ပတ်သက်သော တက္ကသိုလ်ကျောင်းသားအဖြစ် တည်ရှိတော့မည် မဟုတ်ပေ။ စာပေးပွဲကျ၍ ပြန်လာရပါကလည်း ကိုယ်နှင့်နှစ်ရည်လများ သံယောဇဉ်ဖြစ်ခဲ့သော သူငယ်ချင်းအများစုမှာ စာပေးပွဲအောင်သွားပြီဖြစ်သဖြင့် သူငယ်ချင်းအများစု မရှိတော့သော တက္ကသိုလ်နယ်မြေသည် ပျော်စရာကောင်းတော့မည် မဟုတ်ပေ။ တက္ကသိုလ်ကျောင်းသားတစ်ယောက်၏ ပျော်ရွှင်ကြည်နူးဖွယ်ဘဝသည် တက္ကသိုလ်တွင် ကျောင်းသားအဖြစ် တရားဝင်ရှိနေသော ကာလသာလျှင်ဖြစ်ကြောင်း ကျွန်တော်တို့အားလုံး ကြိုတင်နားလည်သဘောပေါက်ကြပါသည်။

တက္ကသိုလ်နယ်မြေတွင် ကျွန်တော်တို့ ပျော်ရွှင်ကြရခြင်း၊ စိတ်ချမ်းမြေ့ရခြင်းမှာ ကိုယ်နှင့်သဘောသဘာဝခြင်းတူညီသော၊ စိတ်ဓာတ်ခြင်း နီးစပ်သော သူငယ်ချင်းများနှင့်နှစ်ရည်လများ စားအတူ၊ သွားအတူရှိခဲ့ကြပြီး တစ်ဦးအားနည်းချက် တစ်ဦး ခွင့်လွှတ်သည်းခံကာ၊ တစ်ဦးဖြစ်ချင်သည်ကိုတစ်ဦး ပြည့်စွက်ဆောင်ရွက်ပေးပြီး နားလည်မှုဖြင့် တည်ဆောက်ခဲ့သော သံယောဇဉ်အစေးအမျှင်များ၏ တွယ်ငြိမှုပင် ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့သည် လာမည့်ရက်ပိုင်းကာလအတွင်းမှာပင် ခွဲခွာသွားကြရတော့မည်။ ခွဲခွာခြင်းသည် တချို့အတွက် တဒင်္ဂဖြစ်ကောင်းဖြစ်ပြီး တချို့အတွက် ထာဝရဖြစ်ကောင်းဖြစ်နိုင်သည်။ ပြန်ဆုံတွေ့နိုင်မည့် သူငယ်ချင်းတွေရှိသလို ပြန်မဆုံတွေ့နိုင်မည့် သူငယ်ချင်းများလည်း ရှိပါသည်။ ကျောင်းပြီး၍ ဘွဲ့ရလျှင် ကိုယ်ဘာဆက်လုပ်မည်ကို အကြမ်းဖျင်းအားဖြင့် စိတ်ကူးထားပြီး သူများသောဖြစ်ကြ၍ ကိုယ့်ခံအနာဂတ်ကိုလည်း စိတ်ကူဖြင့် အကောင်အထည်ဖော်ပြီးသူများ ဖြစ်ကြသည်။ တက္ကသိုလ်တွင် ၄-နှစ်ကြာ ပညာသင်ပြီးမှိန်အထိ ကိုယ်ဘာဆက်လုပ်ရမည်ကို ကြိုတင်မစဉ်းစားရသေးသော လူတစ်ယောက် အတွက် သူ့အနာဂတ်သည် မည်သို့ရှိမည်ကို စဉ်းစားကြည့်ဖြင့် သိနိုင်ပါသည်။

ကျွန်တော်၏ အနာဂတ်မှာလည်း ဗိတမ္မာသည် နိုင်ငံဝန်ထမ်းမျိုးရိုး ဖြစ်သည့် အလျောက် ကျွန်တော်သည်လည်း မိဘနှင့်လျောက်ပတ်မည့် အစိုးရဌာနတစ်ခုတွင် သင့်တော်သော အလုပ်တစ်ခုအား ဝင်ရောက်လုပ်ကိုင်ရန်သာဖြစ်သည်။ တိုသို့ အလုပ်တစ်ဖက်လုပ်ရင်းဖြင့် မိမိဝါသနာပါသော ကဗျာရေးခြင်း၊ စာရေးခြင်း စသည့် အနုပညာလုပ်ငန်းများအား အားလပ်ချိန်များတွင် လုပ်ဆောင်သွားရန် ဖြစ်သည်။

ကိုလေးမြူကတော့ ရှင်းသည်။ တေးရိတနှင့်နီးစပ်သော အလုပ်တစ်ခုအား အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်မည်။ ပြီးမှ ဝါသနာပါရာ သီချင်းဆိုခြင်းအား ရှေ့တစ်လုပ်းတိုး ဆောင်ရွက်မည်ဖြစ်သည်။ ကိုလေးမြူအနေဖြင့် ထိုဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန် အခွင့်အရေးအပြည့် ရှိပါသည်။ သူသည် ဂီတာကိုလည်း အတိုင်းအတာတစ်ခုအထိ ကျွမ်းကျင်စွာတီးခတ်နိုင်ပြီး သီချင်းဆိုခြင်းကိုလည်း Professional သီဆိုနိုင်ပြီဖြစ်သည်။ ဂန်ကြီးမြားစန်းလင်းသာ ကိုလေးမြူဘက်မှာရှိပါက ကိုလေးမြူအဆို တော်ဖြစ်မလာနိုင်စရာအကြောင်း မရှိပါ။

ဤသို့ဖြင့် ကိုလေးမြူက လွှမ်းစစ်ပစ္စည်းဆိုင်နှင့်တွဲလျက် တေးသံသွင်းဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်ရန် သဘောတူညီချက်တစ်ခုရပါသည်။ ထိုဆိုင်သည် ဂုဒုနှင့် ဂဂ လမ်းကြားရှိ ၂၉ လမ်းပေါ်မှ ဆိုင်တစ်ဆိုင်ဖြစ်ပြီး ကျောင်းနေဘက်သူငယ်ချင်းတစ်ဦး၏ အစ်ကိုဆိုင်ဖြစ်သည်။ ဆိုင်ရှင်က ကိုလေးမြူကို တစ်လ ၁၅၀၀/ပေးမည်ဖြစ်ပြီး နေ့လည်စာ ထမင်းတစ်နပ်ကျွေးမည် ဖြစ်သည်။ ကျွန်တော်သည် ကိုလေးမြူ၏ အလုပ်ကိစ္စနှင့်ပတ်သက်၍ ဝမ်းသာမိသည်။ ကိုလေးမြူသည် တောင်ကြီးတွင် ကြာကြာမနေချင်သူ ဖြစ်သည်။ ကိုလေးမြူက "ဆိတ်ကြီး မင်းက တောင်ကြီး အကြောင်း ဘာမှ ဂယန္တာသိတာ မဟုတ်ဘူး ငါက တောင်ကြီးသားပါ၊ တောင်ကြီးနဲ့ ပတ်သက်ပြီး ငါအသိဆုံးပါ၊ တောင်ကြီးမှာနေလို့ ငါ့အတွက် ဘာမှထူးလာမှာ မဟုတ်ဘူး အမှန်က ရန်ကုန်မှာ နေရမှာ၊ လောလောဆယ် ရန်ကုန်မှာ မနေနိုင်သေးသရွေ့ မန္တလေးလောက်တော့နေနိုင်မှ ငါလုပ်ချင်တာနဲ့ အံဝင်ခွင်ကျဖြစ်မှာ၊ မင်းကသာ စာရေးဆရာလုပ်ပယ့်ကောင်ဗို့ တောင်ကြီးရဲ့ ရာသီဥတုတွေ၊ ပန်းတွေ၊ တောင်တန်းတွေကို စိတ်ကူးယဉ်နေတာပါ၊ ငါ့ခံလက်တွေ့ဘဝက တောင်ကြီးမှာ မရှိဘူး"ဟု ပြောမှုးသည်ကို မှတ်မိနေပါသည်။

အဆောင်တွင် ကျွန်တော်တို့ Roll မှ စာပေးပွဲပြီး၍ အစောဆုံးအိပ်ပြန်သူမှာ အကြွေ၏အခန်းဖော်ဖြစ်ပါသည်။ သူသည် အဆောင်တွင်နေခဲ့သည့် တစ်လျှောက်လုံး လူအေးဖြစ်ပါသည်။ သူများစကားပြောလွန် နားထောင်လေ့ရှိပြီး ဘာမျှဝင်ပြောခြင်းမရှိ။ ကျွန်တော်တို့ Roll တွင် သူများသီချင်းဆိုချိန်လည်း ဝင်မပါ။ ဂီတာတီးလျှင်လည်း မလိုက်၊ သူနှင့်မေးတော့ အပြင်ဆောင်မှ သူငယ်ချင်းတစ်ယောက်နှင့်သာ သွားလာလေ့ရှိပြီး Canteen ထိုင်ခြင်း လက်ဖက်ရည်ဆိုင်သွားခြင်းတို့အား မြင်တွေ့ရခဲပါသည်။ ထိုသူသည် မျက်ရည်လည်ရွဲဖြင့် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံနှုတ်ဆက်နေပါသည်။ ကျွန်တော်တို့ အခန်းသို့ရောက်လာပြီး . . . "ကိုဆိတ် ကျွန်တော်တို့လွှာ ဘက်ရောက်ရင် ဝင်မြန်အောင်ဝင်ပါဗျာ၊ ကျွန်တော်က တောသားဆိုတော့ အဆောင်မှာ

"အဆောင်မှာ နေခွင့်ရှိတဲ့နောက်ဆုံးနေ့အထိ နေမယ်ဗျာ၊ အဲဒီနေ့ကြရင် ပြန်ကြတာပေါ့"

ကွန်တော်သည် ၁၉၉၁-ခုနှစ် ဇူလိုင်လ ၂၂-ရက်နေ့ နေ့စွဲဖြင့် ရေးထားသော ပန်းချီမ ဒိဂ်ယာရီအား ပြန်လည်ဖတ်ရှုဖြစ်ခဲ့ပါသည်။ ထိုနေ့သည် ကွန်တော်တို့ နှစ်၏ ကျောင်းသားဘဝပြေရသည့် နောက်ဆုံးစာမေးပွဲနေ့ဖြစ်သည်။ Minor Subject ဖြစ်၍ စိတ်ထဲတွင်လည်း ပေါ့ပါးနေသော နေ့ဖြစ်ပါသည်။ ထိုရက်ပိုင်းများက ကွန်တော်ရေးထားသော ဒိုင်ယာရီမှ ကူးယူဖော်ပြလိုက်ပါသည်။

၁၉၉၁-ခုနှစ်၊ ဇူလိုင် ၂၂ တနင်္လာနေ့၊ ၁၃၅၃၊ ဒုတိယဝါဆိုလဆန်း ၁၁-ရက်။

မနက် ၅-နာရီထ။ Physics ကြည့်။ နေ့လယ် ၁၂း၂၀ အချိန် အဆောင်မှထွက်။ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်။ ညနေ ၃း၀၀ နာရီ စာမေးပွဲပြီး အကယ်ဒမီဆောင်ရှေ့ ကိုလေးဖြူ ကိုဝင်းထွဋ်နဲ့ချိန်းထား စာမေးပွဲပြီးတဲ့ အထိမ်းအမှတ် အဖြစ် ၇၃-လမ်းပေါ်ရှိ နမ့်ဆန်စားသောက်ဆိုင်တွင် အရက်အနည်းငယ်သောက်။ ကိုယ်ခံအားကျနေသည့်အတွက် များများမသောက်နိုင်ပီ မူးလာသည်။ အရက်ဆိုင်မှ အပြန် ပိုရွာဆူသဖြင့် ပိုးရေစက်များအတွင်း လွှင့်ပါစွာ ဖြတ်သန်းခဲ့ရသည်။ အဆောင်တွင် ရေချိုး ထမင်းစားပြီး လက်ဖက်ရည်ဆိုင်ထိုင်၊ ည သစ္စာရှေ့ ချမ်းမြေရိပ်မွန်တွင် ကိုလေးဖြူနှင့်အပွဲ့ ဂီတာတီးရာ လိုက်ပါအားပေး ကစဉ်ကလျာညး မူးယစ်ရီဝေ။

"သူတို့ရဲ့ ငွေယမ်းနေတဲ့လက်များက ငါတို့ရဲ့မျက်ရည်များကို သယ်ယူနေ"

ကွန်တော့်၏ ဒိုင်ယာယီအရေးအသားမှာ ရိုးရှင်းပါသည်။

နောက်ဆုံးအကြောင်းသာ ကဗျာလိုလို၊ ဝမ်းနည်းစာတမ်းလိုလို၊ ခံစားချက်မှတ်စုလိုလို ဖြစ်နေသည်။ အဆောင်သူများ၏ လက်ပြန်တွန်ဆက်သည့် ပုံရိပ်အား ခံစားရေးသားထားခြင်းဖြစ်သည်။

■ ■ ■

၁၉၉၁-ခုနှစ်၊ ဇူလိုင် ၂၂-၂၃ အကြိ၊ လဆန်း ၁၂-ရက်။

အိပ်မပစ်ရက်တဲ့ညဟာ ငါ့အိပ်ခြင်းကို သယ်ဆောင် လို့ သီချင်းတွေကလည်း အခန်းရှေ့မှာ ညည်းတွားလို့ အနက်ဆုံးညရဲ့ "ဥသ" ကို ထိတွေ့ ကိုလေးဖြူ ကိုမြင့်ဌေးနဲ့ သီတာအေးကို ဖွင့်လို့ လက်ဖက်ရည်သောက်တယ်။ အကြွေ မော်ကြီး ကိုမြင့်ဌေး ကိုစိုးသိဏ်းနဲ့ မဟာမုနိရှင် ဘုရားဝတ်ပြုအပြန် "သီတာအေး"မှာ လက်ဖက်ရည်ထပ်သောက်။ ၅၉-မှာ ခဏအိပ်၊ ထမင်းလည်းမစား ဖြစ်ဘူး ခြင်ပဲမွဲများရဲ့ ဖိစီးမှုနဲ့လေးလံလို့ မန်ကျည်းပျော်ရည်သောက်။ "သီတာအေး"မှာ အဖတ်နည်းနည်းစား အဓိပတိလမ်းပေါ်က ကျောင်းပိတ်ချိန်နေ့ရက်များအပေါ် ကြွေကွဲ

နေတဲ့တစ်လျှောက်လုံး စကားမပြောတတ်လို့ မပြောတာပါ၊ ကွန်တော် ခင်များတို့ကို ခင်ပါတယ်၊ ကွန်တော့်ကို တစ်မျိုး မထင်ပါနဲ့" ကွန်တော် ဘာပြောလို့ ပြောရမှန်း မသိပါ၊ သူ တကယ် ဝမ်းနည်းနေပါသည်။ ဒီအဆောင်နေသူငယ်ချင်းတွေနဲ့ နောက်ထပ် ဘယ်လောက်ကြာရင် ပြန်တွေ့ရမယ်ဆိုတဲ့ တိကျတဲ့အပြေက သူဘဝမှာ မရှိနိုင်တော့ဘူးဆိုတာ သူလည်း သဘောပေါက်ပေလိမ့်မည်။ သူသည် ရိုးဖြောင့်အေးဆေးသော တောရွာကလေးတစ်ရွာမှ တက္ကသိုလ်ပညာလာသင်သူဖြစ်သော် လည်း အနာဂတ်ကို ဆင်ခြင်နိုင်သော တက္ကသိုလ်တွဲ့ရပညာတတ်တစ်ယောက် ဖြစ်ပေတော့မည်။

ကွန်တော်သည် သူ၏ ဝိသေသိကြိုးနှင့်ပြောနေသော စကားလုံးများအား မည်သို့မှစ်သိမ့်ရမည်ကို စဉ်းစားမရအောင် ဖြစ်နေခဲ့သည်။

သူက ကွန်တော်နှင့် စကားပြောနေရာမှ ခုတင်ပေါ်တွင် လဲနေသော ကိုလေးဖြူအား သွား၍ နှုတ်ဆက်ပါသည်။

"အဆောင်မှာနေစဉ်ကာလအတွင်း ကွန်တော်များတာရှိရင် ခွင့်လွှတ်ပါ"

"ဟာ ·· ·မရှိပါဘူး ခင်များက လူအေးပဲ၊ ကွန်တော်တို့ကသာ တောင်းပန်ရမှာ၊ ကွန်တော်ဆို အဆောင်မှာ ဘယ်သူမှ ဂရုမစိုက်တဲ့ တစ်ခါတစ်ရံ စိတ်ရှိလက်ရှိ ဂီတာတီးပြီး သီချင်းဆိုခဲ့ပူးတာ ခဏခဏပဲ၊ ဘေးခန်းတွေ စကျက် ပျက်ကြမှာပဲ"

"ကိစ္စ မရှိပါဘူးဗျာ၊ ကွန်တော်တို့ရွာဘက်ရောက်ရင် ဝင်ဖြစ်အောင်ဝင်ဗျာ၊ ကွန်တော်ပြန်ပြီ"ဟု ပြောကာ နှပ်ချေးတရှပ်ရှပ်ဖြင့် အခန်းထဲမှ ထွက်သွားပါသည်။

ကိုလေးဖြူက "အပူသည်ပဲကွ၊ အကြွေ့ Partner ဖို့လား"ဟု မေးပါသည်။

"ဟုတ်တယ်"

"ဘယ် ရွာက:လဲ"

"စဉ်ကူဘောက်ကလို့ သိတာပဲ"

"အေးကွာ၊ စိတ်ထဲမှာ တစ်မျိုးပဲ"ဟု ကိုလေးဖြူက ပြောပါသည်။

"ဒါနဲ့ မင်းဘယ်နေ့ ပြန်မလဲ"

"ကွန်တော်က နီးနီးလေးပဲ၊ မနွေလေးနဲ့ပြင်းမှု လွန်ရောက္ခံရော ကား ၂-နာရီလောက်စီးရင် အိမ်ပြန်ရောက်တယ်၊ ကွန်တော့်စိတ်ထဲမှာ ပြန်ချိန်တန်ပြီလို့ ယုံကြည်တဲ့အချိန် ပြန်မယ်ဗျာ"

"အေး··· ကောင်းတယ်၊ ငါလည်း မင်းလိုပဲ၊ စိတ်ထဲမှာ ကျေနပ်တဲ့ အချိန် ကြမှပြန်မယ်"

လွှင့်ပို့ရန်၊ အိမ်ပြန်ရန် ပြင်ဆင်တဲ့အနေနဲ့ ပစ္စည်းတွေကို သိမ်းဆည်းထုပ်ပိုးထားလိုက်တယ်။

"အိမ်ပြန်ရန်ပြင် × × × သက်သက်လွှဲညာ × × × သိပ်ခက်တဲ့ ဝိဂိုး" ဆိုတဲ့ စာသားကို စိတ်ခံစားမှုအားလုံးထဲပစ်သွင်းပြီး အော်ဟစ်သီဆိုမိတယ်။

မိုးရေတွေဟာ ကောင်းကင်ကို အရောင်သုတ်ပြီး လာခဲ့တယ်။ လွှမ်းမြည်အေး လမ်းပေါ်မှာ ပျော်ရွှင်ပြုံးထူးစွာ မိုးရေခို့ခဲ့တယ်။ ထမင်းစား အနားယူ ကိုဝင်းထွဋ်နဲ့ နှစ်ယောက်တည်း အဖော်ကွဲနေ၊ စိတ်ကို သံပတ်တင်းပို ဆိုက်ကားတစ်စီး စီးပြီး ကွင်းပြင်သေရည်ဆိုင်၊ အမှောင်၊ သီတာအေး ကျောင်းထဲ မော်ကြီးနဲ့လျှောက်သွား ပင်ပန်းမွမ်းမံနယ်နေတဲ့ ကျွဲဝင်ညာများထဲမှာ ငါပဲကျအသွား မှလောင်ခြင်းတွေကို နှတ်ယူ အပြီး ညကို အခန်းနံပါတ် ၇၃-ထဲ ပင့်ထည့်ထားလိုက်တယ်။

ဟောဒီ ဒိုင်ယာရီထဲက စကားပြေအရေးအသားမှာ ဘဝဟာ နေ့စဉ်ရောမရှိလို့ ဒိုင်ယာရီထဲက စကားပြေအပေါ်မှာပင်နေရတဲ့ အခြိန်ကာလနဲ့ စိတ်ခံစားမှုလို့ ပြောနိုင်ပါတယ်။ ဒီမှာ "သီတာအေး" ဆိုတာ ရွေမှာ ပြောခဲ့ပြီးပါပြီ။ လက်ဖက်ရည်ဆိုင်ပါ။ အမှောင်ဆိုတာကတော့ ကျောင်းဝိတ်ပြီးဖြစ်တဲ့အတွက် သမီးရည်စားတွေ(အတွဲတွေ) အလွမ်းပြေတက်ကရာ ညအမှောင်ဆီ ကျွန်တော်တို့ တိုးဝင်ချောင်းမြောင်းခဲ့တာကို အတိုကောက်ရေးထားတာပါ။ အဲဒီညက အခန်းနံပါတ် ၇၃-မှာ အိပ်ပါတယ်၊ စိတ်ပေါက်ပေါက်နဲ့ ပွဲထားတဲ့အရေးအသားပါ။

■ ■ ■

၁၉၉၁-ခုနှစ်၊ ဇူလိုင် ၂၄-ရက်၊ ဗုဒ္ဓဟူး လဆန်း ၁၃-ရက်။

အဆောင်မှာ ရေချိုး နားနေ ပစ္စည်းတွေပြင်း ကင်နှတ်းမှာ ပြီးရည်စား အကြွေး အပ်တီး ကိုလေးမြို့ ကိုလှိုးတို့နှင့် ဖြစ်သည်။ ညနေ ကိုဝင်းထွဋ်အား ဘူတာကြီးသို့ လိုက်ပို့သည်။ မော်ကြီးနှင့်အတူ ဘူတာစင်္ကြံအတွင်း ဝင်ခွင့်တောင်းပြီး ကိုဝင်းထွဋ်ပစ္စည်းတွေ ရထားပေါ်တင်ပေးခဲ့သည်။ နွေးထွေးစွာ နှုတ်ဆက် လက်ပြပြန်ခဲ့ကြသည်။ ညပိုင်း မန္တလေးမြို့ထဲမှ သူငယ်ချင်းများ ပြင်ဦးလွင်မှ သူငယ်ချင်းများ လူစုံတက်စုံ အဆောင်မှာ စုံပြန်သည်။ ညသန်းခေါင်ကျော် တစ်မှာရီ အခန်း ၇၃-မှာ အိပ်သည်။

အခန်း ၇၃-သည် ကျွန်တော့်အခန်း ပဟုတ်။ နိုင်ငံတကာဆက်ဆံရေး (IR) major မှ ကိုဝင်းအောင် အခန်းဖြစ်သည်။ ကိုဝင်းအောင်သည် IRမှ ဖြစ်ပြီး ရတနာဘဏ္ဍိုယ်ပြမှ Main ထဲသို့ ရောက်လာသူ ဖြစ်သည်။ သူ၏ အခန်းဖော်မှာ ရပည်သင်းမှ ကိုဝင်းသိန်းဖြစ်သည်။ သူတို့နှစ်ဦးသည် လူအေးများဖြစ်သည်။ စာကြိုးစားသူများဖြစ်သည်။ ကိုဝင်းအောင်က လွှတ်ပွဲဖြစ်၍ လွှတ်ပွဲယ်သား ဖြစ်သော

ကျွန်တော့်အပေါ် သံယောဇဉ်ရှိပုံရသည်။ ကိုဝင်းသိန်းက ကဗျာဝါသနာပါပြီး သီချင်း ကလေး ဘာကလေး ရေးသူဖြစ်သည်။ ဂီတာလည်းတီးသည်။ ကိုဝင်းသိန်းနှင့် ကျွန်တော်က စိတ်ပါသည့်နေ့များတွင် ကဗျာအကြောင်း၊ စာအကြောင်းအား ညသန်း ခေါင်ကျော်သည်အထိ စကားကောင်းလေ့ရှိသည်။ အခန်း ၇၃-မှ ကိုဝိုးဝင်းအောင်ရော၊ ကိုဝင်းသိန်းပါ I.R (Hon) ဂုဏ်ထူးတန်းကျောင်းသားများ ဖြစ်သည်။ သူတို့နှင့် ကျွန်တော်သည် ရတနာပုံဆောင်ကတည်းက ခင်မင်ခဲ့ကြသူများဖြစ်ပြီး ကျွန်တော့်အပေါ် အနဲ့အတာခံသူများဖြစ်၍ ကျွန်တော်တို့ အခန်းများတွင် အပြင်မှ လာရောက်လည်ပတ်သော ကျောင်းသားများနှင့် အခြားညည်းသည်များဖြင့် ပြည့်ကျပ်နေပါက ကျွန်တော့်အနေဖြင့်အခြားအခန်းတစ်ခန်းသို့ လွှဲပြောင်းအိပ်လေ့ရှိခဲ့ပါသည်။ ထိုသို့ အိပ်ရာသည့်အခါတိုင်း အခန်းနံပါတ် ၇၃-သို့သာ ဦးတည်ခဲ့ရတတ်ပါသည်။

ယခုလည်း ကျွန်တော်သည် အခန်း ၇၃-မှ အိပ်ရာထပြီး အခန်း ၅၉-သို့ ဆင်းခဲ့ပါသည်။ အခန်း ၅၉-တွင် ကိုလေးမြို့တစ်ယောက်သာ ကျွန်ခဲ့ပါသည်။ ကျွန် သူငယ်ချင်းများ အသီးသီးပြန်သွားကြပြီဖြစ်ပါသည်။ သူငယ်ချင်းတွေ ဘယ်သူမှ မရှိတော့သော အဆောင်ရှိ တိတ်ဆိတ်နေသော အခန်းများကြားတွင် ကျွန်တော်တို့ အခန်းတစ်ခန်းသာ ချောက်ချောက်ချောက်ဆောက်ဖြင့် ကျွန်ခဲ့ပါသည်။

Hall Tutor အဆောင်နည်းပြ ဆရာဦးမောင်မောင်စိန်က "ဘယ်တော့ ပြန်ကြမလဲ" ဟု ကျွန်တော်တို့နှစ်ယောက်အား အခန်းပေါက်ဝလာရပ်ရင်း မေးသည်။ ကျွန်တော်က "ကိုလေးမြို့က ဒီနေ့ မနက်ပြန်ပါမယ်၊ ကျွန်တော်က နေ့လယ်ပြန်ပါမယ်" ဟု ဆရာနောက်ဆံတင်းနေမှာစိုးသဖြင့် ဖြေရသည်။

၂၅-၇-၁၉၉၁ နေ့တွင် အဆောင်ကျောင်းသားများ အဆောင်မှ နောက်ဆုံး ထွက်ခွာရန် အဆောင်မှူးမှ အမိန့်ကြော်ငြာစာအား Notice Board တွင် ကြော်ငြာ ပြီး ဖြစ်သဖြင့် ကျွန်တော်တို့မှာ အဆောင်မှ မဖြစ်မနေထွက်ရမည့်နေ့သို့ ရောက်နေ ပြီ ဖြစ်ပါသည်။

ကျွန်တော်သည် အခန်း(၂၁) သို့သွားကာ ပဆစ်ကျောင်းသား ကိုဝိုးတင့်ထံ မှ စက်တီးတုံးခဲ့ပါသည်။ ကိုဝိုးတင့်၏ စက်တီးမှာ ယောက်ျားစီးစက်တီးဖြစ်ပြီး ကယ်ရီ ယာပါသည်။

ကိုလေးမြို့သည် လွှန်ခဲ့သောရက်များကပင် သူပစ္စည်း အချို့တစ်ဝက်အား သံသော်တာအတွင်းထည့်ကာ သူအလုပ်လုပ်မည့်ဆိုရိုရာ မြို့ထဲမှ အခန်းသို့ ပေးပို့ ထားခဲ့ပြီးဖြစ်သည်။ ယခု တောင်ကြီးသို့ ပြန်ယူမည့်ပစ္စည်းများနှင့် အကြီ အဝတ်အစား များအား ပိန်အိတ်တစ်လုံးနှင့်ဝှေထည့်ကာ ထုပ်ပိုးပြီး ဖြစ်ပါသည်။ ထိုပိန်အိတ်အား စက်တီးကယ်ရီယာတွင်တင်ကာ မြတ်မကျေစေရန် ကြိုးဖြင့် ဝှေနှောင်ပြီး အဆောင်တွင်းမှ တွန်းထွက်ခဲ့ပါသည်။

ကျွန်တော်က စက်ဘီးကို "ကျွန်တော်နင်းမည်"ဟု ပြောသော်လည်း ကိုလေးမြူက သူနင်းမည်ဟု ပြောသဖြင့် စက်ဘီးလက်ကိုင်ကို ကိုလေးမြူအား ပေးလိုက်ပါသည်။

ကိုလေးမြူက စက်ဘီးကိုနင်းပြီး ကျွန်တော်က စက်ဘီးရှေ့ဘားတန်းတွင် ထိုင်သည်။ ကိုလေးမြူ၏ အထွေထွေပစ္စည်းများ ထုပ်ပိုးလာသော ပိန်အိတ်က စက်ဘီးကယ်ရီယာပေါ်တွင် ပြီးသက်ဖွာပါလာသည်။ ကိုလေးမြူက စက်ဘီးကို လျှောက်သွားသော်လည်း အလုပ်လုပ်ဖို့ သေချာပြောထားပြီးပြီ မင်းရော ဘာလုပ်မယ်စိတ်ကူးလဲ"

"လောလောဆယ်တော့ ခေါ်စဲ့အလုပ် လျှောက်မယ်၊ ဝင်မြွေမယ် စိတ်ကူးတာပဲ၊ မောင်ငဲလည်း ဖြေမယ်ပြောတာပဲ"

"အေးဟုတ်တယ်၊ မောင်ငဲက Master လည်း ဆက်တက်မယ် ပြောတာပဲ"

"အဓိးရအလုပ်တစ်ခုခုတော့ လုပ်ရမှာပဲ၊ ကျွန်တော့်မှာ သီးခြား Professional မရှိဘူး" စကားပြောနေစဉ် ကိုလေးမြူစီးရမည့်ကား ရောက်လာသဖြင့် ပိန်အိတ်အား အဓိးပေါ်ရှိ ဝက်မြီအတွင်းတင်ကာ ကားစပယ်ယာက ကြိုးဖြင့် ခွဉ် နောင်ပါသည်။ ပြီးသောအခါ ကားထွက်သွားပါသည်။ ကိုလေးမြူက-

"သွားဦး ဆိတ်ကြီး အောင်စာရင်းထွက်မှ ပြန်ဆုံမယ်"ဟု မောင်းထွက်သွားသော ကားပေါ်မှ အော်ပြောပါသည်။ ကျွန်တော်က ကိုလေးမြူ ကျွန်တော့်ကို မြင်၊ မမြင် မသိသော်လည်း လက်ပြကျွန်ရစ်ပါသည်။

လွမ်းစရာတော့ ကောင်းပါသည်။ ကျွန်တော်သည် ဖိနပ်မပါ ခြေမလာဖြင့် ယောက်ျားစီးစက်ဘီးအား ခပ်လေးလေး မှန်မှန်နင်းရင်း အဆောင်သို့ ပြန်လာပါသည်။

ကျွန်တော်သည် ကိုလေးမြူနှင့် ရှေ့ပြည်အေးဆောင်၊ အခန်း ၅၉-တွင် အတူနေကြသော်လည်း မောင်ငဲ(အငဲ)နှင့်ကြတော့ ပြောသလောက် မခင်မင်ပါ။ ထိုစဉ်က မောင်ငဲသည် Qualify ဖြစ်ကာ မဟာသိပ္ပံအရည်အချင်းစစ်တန်း (Qualify I) တက်နေသည်။ နေတော့ ၇၃-လမ်းဘေးမှ အဆောင်တစ်ဆောင်မှာ နေသည်။ မောင်ငဲအဆောင်သို့ ကိုလေးမြူနှင့် တစ်ခေါက်နှစ်ခေါက် လိုက်သွားဖူးသည်။ ကိုလေးမြူက စိတ်ဆက်ပေးသဖြင့် မေးထူးခေါ်ပြောလောက် ရင်းနှီးသည်။

မောင်ငဲသည် ကိုလေးမြူနှင့် မတူသော အချက်တွေရှိသည်။ ကိုလေးမြူက ဖြစ်သလို ဝတ်စားဆင်ယင်တတ်သော်လည်း မောင်ငဲသည် သပ်ရပ်သန့်ရှင်းစွာ နေတတ်သူဖြစ်သည်။ မောင်ငဲနှင့် ကျောင်းပတ်ဝန်းကျင်တွင် တွေ့ဖူးသမျှ အကြိမ်တိုင်း ဖရိုဖရဲဝတ်စားဆင်ယင်ထားသည်ကို မတွေ့ခြင်းပင်။ ကိုလေးမြူက မောင်ငဲနှင့်မတူ ကျွန်တော့်အမြင်ပြောရလျှင် ကိုလေးမြူသည် အရာရာတိုင်းတွင် စီစဉ်ကြောင်း၊ ဘဝကို ပေးသည့် အခြေအနေကို ထူးထူးထွေထွေမှမမံခြင်းမရှိတဲ့ အရိုအတိုင်း အမာခံနေထိုင်

စားပွဲတွင်ထိုင်ရင်း ပြောစရာစကား ကုန်ဆုံးနေသော ကိုယ့်အပြစ်အပွာကိုများကို နှစ်ဦးသား ဖွင့်ဟဝန်ခံမိကြပါသည်။

သီတာအေးသည်ပင်လျှင် လက်ဖက်ရည်သောက်သူကဲ့ပါးသဖြင့် အလုပ်ပါးလွန်းရိုပါသည်။ သီတာအေးမိသားစုသည် စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်ရင်း လက်ဖက်ရည်သောက်သူကသောက်၊ အိုကြာကွေစားသူစား မနက်စာအတွက် ဟင်းသီးဟင်းရွက် သင်းသူကသင်နှင့် အေးဆေးငြိမ်သက်လျက် ရှိပါသည်။ ကွန်တော်တို့ကသာ ဝိုင်၏ ကုန်ဆုံးသွားသော ကျောင်းသားဘဝအား နမြောစွာတုန်လှုပ်ခံစားနေသော်လည်း သူတို့သည် ကျောင်းပတ်ဝန်းကျင်တွင် နေထိုင်ခဲ့သည့် ကာလရည်လျားခဲ့သည့်အလျောက် ကျောင်းဝိတ်ရက်များအပေါ် ခံစားချက်များအေးစက်ခဲ့ပြီ ထင်ပါသည်။

သီတာအေးတွင် လက်ဖက်ရည်သောက်ပြီး ရေဝိုးသွိုးပြန်မည့် ကိုကိုးတင်ကို ကားလက်မှတ်ဖြတ်ရန် လိုက်ပို့သည်။ ကိုကိုးတင်သည် အဆောင်တွင် ရေနှိုးပြီးသည်နှင့် ဆိုက်ကားဆွဲးကာ အေးစက်မာကျော့ဖွယ်ပင် ကျောင်းဝရဝဏ်ကို စွန့်ခွာနှုတ်ဆက်သွားပါသည်။

ကွန်တော်က "ကိုကိုးတင့် လိုက်ပို့ရအုံးလား" ဟု မေးပါသေးသည်။ ကိုကိုးတင့်က "မင်းလည်း နေ့လယ်ပြန်မှာပဲ လိုက်ပို့မနေပါနဲ့၊ တော်နေ အချိန်ကျမှ်နေအုံးမယ်" ဟု ပြောပါသည်။ ကွန်တော်သည် ကိုကိုးတင်၏ ကျောင်းသေတ္တာနှင့် စာအုပ်ခြင်းထောင်းအား ဆိုက်ကားပေါ်တင်ပေးပြီး လက်ပြမိပါသည်။ "ကဲ- ကိုကိုးတင့်သွားရင်း လာရင်း လမ်းကြုံရင် မြင်းမှကို ဝင်ဖျာ" ကွန်တော်က ကွန်တော်နေသော မြင်းမြည်းသည် မုဆွာ-မန္တလေး ကားလမ်းပေါ်တွင်ကိုပြီး ရေဝိုးမှ မန္တလေးဆိုသွားပါက လမ်းကြုံမိသဖြင့် မှာခြင်း ဖြစ်ပါသည်။

ကိုကိုးတင့်ကို အဆောင်ရှေ့၌ ဆိုက်ကားပေါ်သို့ လိုက်ပို့ပေးပြီး ကွန်တော်သည် အခန်းထဲ ခုတင်ပေါ်တွင် တစ်ဦးတည်း ချောက်ချားစွာ နားနေမိပါသည်။

ချစ်ခင်မျော်လှုပ်စွာနေထိုင်ခဲ့သော ကျောင်းတော်ကြီးမှ နောက်ထပ် နှစ်ရှိပိုင်းဆိုလျှင် ခွဲခွာရတော့မည်။ ကွန်တော်တို့သည် နေရာဒေသအသီးသီးမှ လာခဲ့ကြ သည်။ မတူကွဲပြားသော မိသားစုအသီးသီးမှ ပေါက်ဖွားလာသော လူငယ်လူရွယ်များဖြစ်ကြသည်။ ကွန်တော်တို့တွင် စရိုက်အသီးသီးရှိကြသည်။ ကဗျာ စာပေဝါသနာပါသူ၊ ဂီတဝါသနာပါသူ၊ ကျောင်းစာအား တစိုက်မတ်မတ် ကြိုးစားသူ၊ ပရဟိတလုပ်ငန်းများကို ဝါသနာပါသူ၊ အခြားသောစရိုက်မျိုးစုံရှိသော လူငယ်အများအပြား လာရောက်စုဝေးရာနေရာ ဖြစ်သည်။

စရိုက်တူသူများ စုဖွဲ့ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ ကိုယ့်ဝါသနာ၊ ကိုယ့် အစုအဖွဲ့နှင့်ကိုယ်ပင် ဖြစ်သည်။ ဝါသနာမတူသဖြင့် တစ်ယောက်နှင့်တစ်ယောက်၊

သူဖြစ်သည်။ ကိုလေးဖြူသည် ဟော်ဝဲထက်စာလျှင် ဟာသဖြစ်သည်။ ကွန်တော့်အထင် ကိုလေးဖြူသည် ဟော်ဝဲထက်မှ မဟုတ် အခြားသော ဂီတအနုပညာသမားများထက် အမြင်ရှိသည်ဟု ထင်မိသည်။ သူသည် ဤခံဂီတအပေါ်တွင် ခိုင်မာစွဲမြဲစွာ ယုံကြည်ဟန်ကျောသလို ဖိုင်ငံရေး စီးပွားရေး လူမှုရေးကိစ္စများအပေါ်တွင်လည်း ယုံကြည်စွဲမြဲမှုရှိသူဖြစ်သည်။ အကင်းပါးသူ ဖြစ်သည်။

ကွန်တော်သိသလောက် ကိုလေးဖြူရခဲ့သော ချစ်သူအိမ်ထောင်ဖက်၏ ပုံပမ်းသဏ္ဌာန်သည် ယုံကြည်ချက်တစ်ခုဖြင့် ရယူခဲ့သည်ဟု ထင်မြင်ဝရာရှိပြီး ဟော်ဝဲရဲ့သော ချစ်သူမှာ စိတ်ကူးယဉ်ဝရာ ချောမောလှပသူ ဖြစ်ပါသည်။ ကွန်တော်တို့သိသော ဟော်ဝဲ၏ချစ်သူ မသီတာမှာ ဘုဂဒု-ခုနှစ် ပတ်ဝန်းကျင်မှာပင် ရတနာဘုရှိမုယ်မြေတွင် ချောမောလှပမှုကြောင့် ကျောင်းပတ်ဝန်းကျင်တစ်ခွင် လူသိများသူဖြစ်သည်။ ဟော်ဝဲသည်လည်း ဆံပင်ရှည်ရှည် အရပ်မြင့်မြင့် အသားအရည်ကောင်းမွန်သော ခန္ဓာကိုယ် အချိုးအစားပြည့်၍ ဆွဲဆောင်မှုရှိသော မသီတာမျက်ဝန်းများ၏ ညှို့ချက်မှ ရုန်းမထွက် နိုင်ဖြစ်ခဲ့ပုံ ရပါသည်။

ကွန်တော်သည် ကိုလေးဖြူကို လိုက်ပို့၍ အပြန်လမ်းတစ်လျှောက် စက်ဘီးနင်းရင်း သူတို့ညီအစ်ကိုနှစ်ယောက်နှင့်ပတ်သက်သော ချစ်သူရည်းစားများအကြောင်းကို စဉ်းစားလာမိပါသည်။

■ ■ ■

ကွန်တော်သည် အဆောင်ရောက်သောအခါ ယောင်ချာချာ ဖြစ်နေမိပါသည်။ အခန်း ၂၁-ရှိ ကိုကိုးတင့်ထံ စက်ဘီးသွားပေးရင်း လက်ဖက်ရည်ဆိုင်သွားရန် အဖော် ညှိပါသည်။ ကိုကိုးတင့်သည် အိပ်ရာလိပ်ကို သိမ်းဆည်းနေပါသည်။ ပြီးရင် သွားမယ် ဟု ပြောပါသည်။

ကွန်တော်တို့သည် အခါတိုင်း ကျောင်းသူကျောင်းသားများဖြင့် ပျားပန်းခပ်မျှ စည်ကားလျက်ရှိသော ရွှေမန်းလမ်းပေါ်တွင် ကျောင်းသူကျောင်းသားများ စာပေးပွဲပြီး၍ အိပ်ပြန်သွားကြသဖြင့် ခြောက်သွေ့တိတ်ဆိတ်မှုကို ရင်ဆိုင်ခံစားရင်း စက်ဘီးကို မြည်ညည်းစွာစီး၍ အဓိပတိလမ်းမှ ထွက်ခဲ့ကြပါသည်။ အခါတိုင်း ကျောင်းသူကျောင်းသားများ၏ စက်ဘီးများဖြင့် စည်ကားနေသော ဂုဒု-လမ်းမသည်ပင်လျှင် ခြောက်သွေ့တိတ်ဆိတ်မှုကို ခံစားရပါသည်။ဂုဒု-လမ်းမသည်သာ မဟုတ်ပါ။ ဂုဒုလမ်းမ ဘေးရှိ လက်ဖက်ရည်ဆိုင်များ ခေါက်ဆွဲဆိုင်များ ကွမ်းယာဆိုင်များသည်ပင်လျှင် ကျောင်းသူကျောင်းသားများ၏ အရိပ်အယောင်များ ကင်းမဲ့ခဲ့ပြီဖြစ်သည်။ ကွန်တော်တို့သည် သီတာအေးလက်ဖက်ရည်ဆိုင်မှာပင် ထိုင်ဖြစ်ခဲ့ကြပါသည်။ လမ်းမနှင့်အနီးဆုံး

တစ်ဖွဲ့နှင့်တစ်ဖွဲ့ မနာလိုဝန်တို မဖြစ်၊ ဝါသနာတူ၍ အနေအထားမတူလည်း မညီမညွတ်မဖြစ်၊ နားလည်မှုဖြင့် ယဉ်ကျေးစွာပွဲတည်နေသော ပတ်ဝန်းကျင်တွင် တက္ကသိုလ်ပညာရပ်တစ်ခုကိုသာမက အခြားသောအရာများကိုလည်း ဆင်ခြင်တုံတရားအားတည်ဆောက်နိုင်သော နေရာသည် တက္ကသိုလ်ပရဝုဏ်ပင် ဖြစ်ပေလိမ့်မည်။

ကျွန်တော့်သူငယ်ချင်း မြစ်သား(မျိုးနိုင်)ရေးခဲ့သော စာသားကလေးကို သတိရသည်။ သူသည် လူရွတ်လူနောက် ဖြစ်သည်။ အပြုတမ်းပျော်ရွှင်စွာ နေတတ်သူဖြစ်သည်။ မျိုးနိုင်သည် မြစ်သားမျိုးနန်း၊ ကသည်းကုန်းရွာမှဖြစ်သော်လည်း သူ့ကို ကျွန်တော်တို့က အလွယ်တကူ "မြစ်သား"ဆိုသည့် နာမည်ပြောင်ကို ပေးထားခဲ့ပါသည်။

သူက ကျွန်တော့် Auto စာအုပ်တွင်

ကိုဆိတ်ရေ . . .

ကျွန်တော်တို့ရတနာပုံမှာရော၊ ရွှေပြည်အေးမာပါ တစ်ရေအိုးတည်း သောက်၊ တစ်အိမ်သာတည်း တက်ပြီး တက္ကသိုလ်ကျောင်းသားဘဝကို ဖြတ်သန်းခဲ့ကြတယ်၊ တက္ကသိုလ်က ထွက်လို့ ဘဝလမ်းကြောင်းပေါ်မှာလည်း အဆောင်မှာ အတူနေခဲ့ကြတဲ့ စိတ်ဓာတ်မျိုးနဲ့ဆက်ပြီး ရပ်တည်သွားကြမယ်ဆိုတာ ယုံပါ . . . တဲ့။

သူငယ်ချင်းမျိုးနိုင်ရဲ့ စာသားက ဟာသဖောက်ထားသည်ဟု ထင်ရပေမယ့် လေးနက်သော အဓိပ္ပာယ်များလည်း ပါဝင်သည်ကို တွေ့ရပါသည်။ စစ်မှန်သော ကောင်းလုံးများသည် တန်ဖိုးရှိသည်ချည်းသာ ဖြစ်သည်။

တက္ကသိုလ်သည် ကျွန်တော်တို့ကို ရေတွက်မရနိုင်သော သင်ခန်းစာများ ပေးခဲ့ပါသည်။ ကျွန်တော်တို့ ယူတတ်ခဲ့သာလိုသည်။

ကျွန်တော်သည် တက္ကသိုလ်သက်တမ်းရှည်ခဲ့သော ကျောင်းသားတစ်ဦး အနေဖြင့် ဖြတ်သန်းခဲ့ရသောကာလအတွင်းမှ အတွေ့အကြုံများကို စိတ်ပဲ့လွှင့်စွာ တွေးတောရင်း အခန်းတွင်းမှ ခုတင်ပေါ်တွင် လဲလျောင်းနေမိသည်။ ကျွန်တော်သည် အခန်းတွင်းမှ နံရံများကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိပြန်သည်။ မျက်မှာကြက်ကို ကြည့်မိတော့ မျက်မှာကြက်က ကျွန်တော့်ဆီ နိမ့်ဆင်းပြီးကျ လာသလို ထင်မိသည်။ လေးမက်လေးတန် နံရံတွေကို ကြည့်မိတော့ နံရံတွေက ကျွန်တော့်ဆီ လေးမက်လေးတန် ပြေးဝင်သလို ခံစားရပြန်သည်။ ကျွန်တော့် စိတ်အစဉ်သည် မွန်းကျပ်တုန်လှုပ်စွာ ခံစားနေမိပြန်သည်။

အိပ်ရာနှင့် အနီးဆုံးကပ်လျက် နံရံအားမျက်မှာမူကာ ခန္ဓာကိုယ်အား တစောင်းအနေအထား လဲလျောင်းမိပြန်တော့ နံရံပေါ်မှစာကြောင်းများကို ဖတ်ရပြန်သည်။

"ငါဘဝဟာ အောက်ခြေကလာခဲ့တာ၊ သူများတွေ ခြေတစ်လှမ်း နှစ်လှမ်းရင်၊ ငါက လေး ငါး ဆယ်လှမ်း လှမ်းရမယ်"

"အိမ်ကိုလွမ်းတယ်၊ ရွာက သူ့ကို သတိရတယ်"

"ဒီနှစ်စာမေးပွဲကို Qualify ဖြစ်အောင် ကြိုးစားမယ်"

"ငါ့ကိုငါ အမုန်းဆုံးပဲ" အစရှိသဖြင့် အခန်းနံရံပေါ်တွင် ရေးလူမျှား သူတို့ ထင်သလို ရေးထားသော စာသားများက ကျွန်တော့်အား တစ်စုံတစ်ရာ တိုက်တွန်းသလို ခံစားရသည်။ ကျွန်တော်က အင်္ဂါအိတ်ထဲမှ ဘောလ်ပင်နှိအား အဖုံးဖွင့်ကာ နံရံပေါ်တွင် ရေးလိုက်မိသည်။

"၁၉၉၁-ခုနှစ် ပညာသင်နှစ်၊ ရွှေပြည်အေး ၅၉-မှာ ကိုလေးဖြူနှင့် ကျွန်တော် အတူနေထိုင် ဖြတ်သန်းခဲ့တယ်"

အောင်နေထွန်း

ကျွန်တော်သည် ရေးချင်တာရေးလိုက်ရသဖြင့် လေးလံဖိစီးနေသော စိတ်တို့ အနည်းငယ်ပေါ့ပါးသွားသလို ထင်မိသည်။

ထိုနှောက် ဗိုက်ဆာလာသဖြင့် အောင်မင်္ဂလာဆောင်အရောက်သို့ ရွှေသွားသော ရတနာပုံကင်တင်းနှမှ "ဖိုးဌေး"ဆိုင်သို့သွားကာ မနက်စာစားပါသည်။ ကျွန်တော်သည် ရတနာပုံဆောင်မှာနေကတည်းက ရတနာပုံကင်တင်းနှမှ ဖိုးဌေးဆိုင်တွင် စွဲမြဲမြဲစားသုံးခဲ့ပါသည်။ ကျွန်တော်စားသည့် အစားအစာများလည်း ဆန်ပြား(သို့မဟုတ်) ပြီရည်ပင်ဖြစ်သည်။ ဖိုးဌေးဆိုင်မှာ ဗီဇိုချောင်တွင် ချက်ပြုတ်သူ၊ စားပွဲထိုးသူကအစ ပိုင်ရှင်ကိုဖိုးဌေးအဆုံး ကျွန်တော်တို့နှင့် ရင်းနှီးပြီး သံယောဇဉ်ပင်ဖြစ်လောက်ပြီပေသည်။ သူတို့သည် ကျွန်တော့်သူငယ်ချင်းများခေါ်သလိုပင် ကျွန်တော့်အား "ကိုဆိတ်"ဟု ခေါ်လေ့ရှိပါသည်။

ဆိုင်က စားပွဲတွင် ထိုင်လိုက်သည်နှင့် ကိုဖိုးဌေးက "ကိုဆိတ် ဘယ်တော့ ပြန်မှာလဲ"ဟု မေးပါသည်။ ကျွန်တော်က "ဒီနွေပြန်မှာ၊ အဆောင်ကလည်း ဒီနေ့အထိပဲ လက်ခံမှာ၊ နယ်ဝေး ပြန်ရမယ့်လူတွေ၊ လေယာဉ်လက်မှတ်၊ သင်္ဘောလက်မှတ် အဆင်မပြေသေးတဲ့ ကျောင်းသားတွေပဲကျန်ခဲ့မှာ"ဟု ပြောရင်း "ဆန်ပြားဆစ်ပွဲ လုပ်ပါအုံး"ဟု ကျွန်တော်စားမည့်အစားအသောက်အား မှာလိုက်ပါသည်။

ဖိုးဌေးတို့မိသားစုသည် မန္တလေးတက္ကသိုလ် ရတနာပုံကင်တင်းတွင် နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ သူတို့သည် ကနဦးကအထမ်းခြင်း မြီးရှည်ရောင်းသူများ ဖြစ်သည်။ သူတို့ခင်ဗျာတိုမှာ ပုံရွာနယ်မှဖြစ်ပြီး သူတို့ရွာမှာ ဖိုးညှင်းသမှုဒ္ဓေသွားသည့် လမ်းဘေးတွင်ရှိသည်။ သူတို့သည် ဆိုင်းထမ်းခြင်း မြီးရှည်ရောင်းရာမှ ၁၉၇၀-ပြည့်နှစ်များတွင် ဆိုင်ခန်းဝှားကာ စားစရောရောင်းချခဲ့ခြင်းဖြစ်သည်။

ကွန်တော်တို့သည် ညလယ်ကောင်တွင် အရိုးကိုက်ရင်း ထမင်းကြော်စားကြသည်။ ဖိုးဌေးမိသားစုဝင်များနှင့် လေပေါ်ကြသည်။ ရောက်တတ်ရာရာတွေ လျှောက်ပြောကြသည်။ ကွန်တော်တို့အဖွဲ့ထဲမှ ထမံသီသားသန်းခိုင်သည် ထိုကဲ့သို့ရောက်တတ်ရာရာပြောရာတွင် အလွန်ပင် ထိသမှာပြီး ကွမ်းကျွေးသူ ဖြစ်သည်။ ကွန်တော်က ကိုဖိုးဌေးနှင့် စကားစပ်မိသဖြင့် "ကိုဖိုးဌေးတို့ဆိုင်မှာ ဟိုတုန်းက အဆိုတော်စိုင်းထီးဆိုင်တို့ ထိုင်ဖူးလား"ဟုမေးမိရာ ကိုဖိုးဌေးက စိုင်းထီးဆိုင်လည်း ထိုင်ဖူးတယ်၊ ပရဲ့စ်တသော်လည်း ထိုင်ဖူးတယ်၊ သူက "အရပ်မြင့်မြင့် အချစ်ဆုံး"ဆိုတဲ့ သီချင်းဆွေထုတ်ဖူးတယ်။ ဆိုင်မှာတောင် လက်ဆောင်ပေးထားတာရှိတယ်။ "မမရဲ့ဝတ္ထုတို"တို့ "ငွန်ပန်းခွေစလူ"တို့ဆိုတဲ့ အိုက်တူးလည်း ဒီဆိုင်မှာမူးပြီး ရှုးခေါက်ဆွဲစားတာ ခေါက်ဆွဲဖိုးပေးရာမပါလို့ မူးပြီး သွားကတားကြီး ဆိုင်မှာထားခဲ့တာ အခုထိ မှတ်မိသေးတယ်။

ဘိုထီးအကြောင်း အမှတ်ရစရာရှိရင် ပြောပါအုံးဟု သန်းခိုင်က Follow လိုက်သည်။ ကိုဖိုးဌေးက လက်ညှိုးဖြင့် ခေါင်ပိုးတစ်နေရာအား ထိုးပြရင်း "ဟိုထုတ်တန်မှာ မြေမြှုပ်ခဲ့ရထားတာ တွေ့လား ရက်စွဲနဲ့ ပိုက်ဆံ ၁၀/-အဲဒါ ဘိုထီးပေးရမယ့် ခေါက်ဆွဲဖိုးပဲ"

"ဟုတ်ရဲ့လား ကိုဖိုးဌေးရာ၊ တော်နေ ဘိုထီးသိလို့ စိတ်မကောင်း ဖြစ်နေပါအုံးမယ်"

"တကယ်ပြောတာပါ၊ အဲဒါ ဘိုထီးတို့အဖွဲ့ထဲကတစ်ယောက် ကိုယ်တိုင်ရေးသွားတာ၊ ၁၉၇၀-ကျော်က ငွေ ၁၀-ရဲ့တန်ဖိုးဟာ မနည်းဘူး ခေါက်ဆွဲကြော်တစ်ပွဲမှ ၁-ကျပ်လောက်ပဲ ရှိတာ၊ ကွန်တော်တို့ဆိုင်မှာ ဟိုရှင်လရေး ရင်းနှီးသွားလို့ကတော့ ငွေရေးကြေးရေး အဓိက မထားပါဘူး တက္ကသိုလ်နယ်မြေမှာ စီးပွားရှာတယ်ဆိုတာ ငွေရေးကြေးရေး အဓိကထားလို့ မရဘူး ကျောင်းသားကလည်း အဲဒီလို ဆိုင်မျိုးကို မကြိုက်ဘူး ကျောင်းသားအချို့က ဆိုင်တွေနဲ့ ရင်းရင်းနှီးနှီးနေချင်တယ်၊ ဘယ်လို သဘောသဘာဝလည်းတော့ မသိဘူး ဆိုင်အပေါ်ကနေ ရင်းနှီးမှုကို အခွင့်ကောင်းယူလို့ လို့လည်း မဟုတ်ဘူး" "သူတို့ရဲ့ပေါင်းသင်းဆက်ဆံရေးကျယ်ပြန့်မှုကို ဂုဏ်ယူချင်လို့ နေမှာပေါ့"ဟု ကွန်တော်က အပြေထုတ်ပေးလိုက်ပါသည်။

ကွန်တော်သည် ရွှေဘိုကောလိပ်တွင် အတူပေါင်းသင်းခဲ့သော သူငယ်ချင်းများဖြင့် မန္တလေးတက္ကသိုလ်၊ ရတနာပုံကင်တင်းမှ ကိုဖိုးဌေး(ဖိုးဌေး)ဆိုင်တွင် စတည်း ချစားသောက်ခဲ့သော ညပေါင်းများစွာကို အမှတ်ရနေမိပါသည်။ မန္တလေးတက္ကသိုလ် ရောက်မှ ခင်မင်ရသော ကိုလေးခြေတို့အုပ်စုနှင့် ဖိုးဌေးဆိုင်ထိုင်သော အခါများတွင်တော့ ထိုကဲ့သို့ အရိုးဖောင်းချိတောင်းချသောက်ခြင်း ထမင်းကြော်အား ဇလုံတစ်ခုထဲထည့်၍

ကွန်တော်တို့သည် မန္တလေးတက္ကသိုလ်တွင် ကျောင်းသားဘဝအစတွင် ဝိတ် ဆွေအပေါင်းအသင်းမရှိခဲ့သေးဘဲ ရက်မှလွဲ ကြာမြင့်ခဲ့သောအခါ သောက်နေကျ လက်ဖက်ရည်ဆိုင်မှ ပိုင်ရှင်အစ်ကိုကြီးဖြင့်သော်လည်းကောင်း၊ ညဘက်တွင် ဗိုက်ဆာ၍စားလေ့ရှိသော ရတနာပုံကင်တင်းမှ ဖိုးဌေးဆိုင်မိသားစု နှင့်သော်လည်းကောင်း ရေနှီမြောင်းတံတားအနီးဘဲပင်အောက်မှာ ဆိုဗီယာကွမ်းယာဆိုင် ညီအစ်မများနှင့်သော်လည်းကောင်း အထူးပင်ရင်းနှီးခဲ့ပါသည်။

တက္ကသိုလ်ဝန်းကျင်တွင် ရင်းနှီးရသော ဝိတ်ဆွေများသည် တစ်ခါတစ်ရံ လွှမ်တစ်ပြက်ကြရသော လူပုရေးအခက်အခဲများအား အကူအညီပေးလေ့ ရှိပါသည်။ သူတို့သည် တက္ကသိုလ်ဝန်းကျင်တွင် နှစ်ပေါင်းများစွာ နေထိုင်ကြပြီး ဒုက္ခသုခများမြင်ရာ တက္ကသိုလ်ကျောင်းသားများ၏ ဖြစ်ပေါ်တတ်သော အခက်အခဲများအပေါ်လည်း နားလည်နိုင်စွမ်းရှိကြသူများ ဖြစ်ပါသည်။

တစ်ခါတစ်ရံ အရေးပေါ်ပိုက်ဆံလိုသည့်အခါ စီးနေကျစက်ဘီးကလေးကို ကွမ်းယာဆိုင်တွင်အပ်ကာ ကွန်တော်တို့ လေး-ငါး-ဆယ်ရက်ခန့် လမ်းလျှောက်ကြပါသည်။ လကုန်ရက်များတွင် ပိုက်ဆံပြတ်၍ ညလယ်စာဝယ်စားရန် မတတ်နိုင်ပါက ထမင်းစားဖိုပ်သာတွင် ထမင်းစားရင်း ရေနွေးသောက်သည့် ရေနွေး ခွက်ဖြင့် စားပွဲထိုးမှူးမသိအောင် ထမင်းယူကြပါသည်။ ထိုယူလာသည့် ထမင်းကို ဖိုးဌေးဆိုင်တွင် ကြော်ခ ၅/-ပေးကာ ထမင်းကြော်စားကြပါသည်။ ကွန်တော်တို့ ထမင်းကြော်စားခြင်းမှာ ည ၁၀-နာရီကျော်ပတ်ဝန်းကျင်ဖြစ်၍ ဆိုင်တွင် လူရှင်းပြီ ဖြစ်သည်။ တစ်နေကုန် ပြုတ်ခဲ့သော ဟင်းချိုအိုးကြီးထဲမှ နူးအိနေသော အရိုးပေါင်းစုံကို ပန်းကန်လုံးကြီးထဲတွင် ထိုးထိုးထောင်းထောင်းထည့်ကာ စားပွဲဝိုင်းအလယ်တွင် ချပေးလေ့ရှိပါသည်။ ကွန်တော်တို့သည် ထမင်းကြော်ကို တစ်ယောက်တစ်ပန်းကန် မထည့်စေတော့ဘဲ ထမင်းဇလုံကြီးထဲတွင် ထည့်စေပြီး ငွန်းဘစ်ယောက်တစ်ချောင်းခြင် စားကြပါသည်။ ကွန်တော်တို့ထမင်းမှာ မတ်ခွက်ကြီးဖြင့် တစ်လုံးပြစ်သော်လည်း ထမင်းမှာ သိပ်၍ထည့်ထားသောကြောင့် သည်းကောင်း ထမင်းကြော်သည့်အခါ ကြေးပဲ ပဲပင်ပေါက်၊ ပန်းပွင့် အစရှိသော သီးနှံစုံကို ထပ်မံရောထည့်သောကြောင့် လည်းကောင်း ကြော်ပြီးသောအခါ လူသုံးလေးယောက်တော့ အဆာပြေ အသာလေး စားနိုင်ပါသည်။ အလကားပေးသော အရိုးပြုတ်မှာလည်း ငရုတ်အချဉ်ရည်ဖြင့်တို့၍ စားပါက အလွန်ပင် အရသာရှိပါသည်။ ထမင်းကြော်ခ ၅/-ဖြင့် သီးနှံ ထမင်းကြော်ကို ကြော်ရိုးကိုက်ရင်း စားရသည်မှာ နတ်လုတနှင့်ပင် မလဲနိုင်ခဲ့ပါ။

အိမ်ပြန်ကြပုံရသည်။ သူတို့သည် မြင်ဦးလွင်တွင် လည်ပတ်ပျော်ပြူးခဲ့သည့် အကြောင်းအရာများကို ပြန်လည်တမ်းတ ပြောဆိုရင်းလိုက်ပါလာကြပါသည်။

ကျွန်တော်သည် ကားလက်မှတ်ကြိုတင်ဝယ်ယူထားခြင်း မရှိသဖြင့် နေရာ ကောင်းကောင်းမွန်မွန်မရဘဲ ယာဉ်မောင်းနောက်ကျောဘက် လွတ်နေသောနေရာတွင် ခွေးခြေကလေးတစ်လုံးချပေးသဖြင့် နေရာတကျ ထိုင်လိုက်ခဲ့ရပါသည်။ ကျွန်တော့်ဘေးတွင်တော့ တချို့ကျောင်းသူကလေးများသည် ကျွန်တော်ကဲ့သို့ ထိုင်စရာပင်မပါဘဲ မတ်တတ်ရပ်၍ လိုက်ပါခဲ့ကြပါသည်။ သူတို့သည်ထိုင်သည့် သူကထိုင်၊ ရပ်သည့်သူကရပ်ဖြင့် စကားတွေ ဖောင်နေအောင် ပြောလာကြပါသည်။ သူတို့သည် သူတို့၏ ကျောင်းဆားဘဝ အမှတ်အသားဖြစ်သည့် ကျောင်းသွားသောအခါလွယ်သည့် ကျောင်းလွယ်အိတ်ကို မချွတ်စတမ်း လွယ်ထားကြပါသည်။ ဤသည်ပင် မိမိတို့၏ ကျောင်းဆားဘဝကို မြတ်နိုးသော ဖော်ပြချက်ပုံပန်းသဏ္ဌာန်တစ်ခု ဖြစ်ပါလိမ့်မည်။ ကျွန်တော်သည်လည်း ကျောင်းလွယ်အိတ်လွယ်ထားသည့်အတွက် သူတို့အပြင်တွင် ကျောင်းသားမှန်းအလွယ်တကူ သိမြင်နိုင်ပါလိမ့်မည်။

သူတို့က သူတို့အချင်းချင်းပြောသလိုနှင့် ကျွန်တော့်အား "ရိ" ကြပါသည်။

"လမ်းခွဲခဲ့ပြီ ထင်တယ်"

"တစ်လမ်းလုံး မရှင်ဘူး"

"စာမေးပွဲပြီးတာလည်း ခု-ရက် ရှိပြီနော်"

"နေကောင်းသွားမှာပါကွာ" အစရှိသဖြင့် ကျွန်တော့်ဘေးမှ မတ်တတ်ရပ်လိုက်ပါလာသော ကောင်မလေးနှင့် ထိုင်ခုံတွင်ထိုင်နေသော အုပ်စုထဲမှ တစ်ယောက်က အတိုင်းအဖောက်ညီညီ ကျွန်တော့်အား စောင်းမြောင်း၍ "စ"ကြခြင်းဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် စိတ်ဆိုးစရာပင်လည်း မမြင်စိတ်လည်း မဆိုးပါ။ ဒါသည်ပင် ကျောင်းသားဘဝ၏သဘာဝဖြစ်သည်။ ကျောင်းသူကျောင်းသားဟူသည် သွေးမတော် သားမစပ်သော ညီအစ်ကို မောင်နမများ ဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး သည်းခံရမည်။ ဖေးမရိုင်းပင်းကူညီရမည်၊ စောင့်ရှောက်ရမည်ဟု ကျွန်တော်ယုံကြည်သည်။ မိဘရင်ခွင်မှ ခွဲခွာကာ တက္ကသိုလ်ပညာလာရောက်သင်ကြားကြသော မိဝေးဖဝေး ရင်သွေးအချင်းချင်း ဒီလိုစိတ်ချိုးမထားလျှင် မိမိတို့အပေါ်မည်သူက အနီးကပ် ရှိနေမည်နည်း။

ကျွန်တော်က သူတို့ ဘယ်လိုစစ ဘာမှ မတုန့်ပြန်ပါ။ ကျေနပ်စွာ ခေါင်းငုံ့ခဲ့ပါသည်။ သူတို့ ပြောသမျှသည်လည်း ကျွန်တော်၏ လက်ရှိအဖြစ်အပျက်နှင့် ကိုက်ညီနေသည်ပဲ။

ကျွန်တော် ဆင်းရဲမည့်နေရာမှာ မုံရွာ၊ မန္တလေးကားလမ်းပေါ်ရှိ မြင်းမူပြိုဖြစ်ပါသည်။ မြင်းမူရောက်တော့ ကျွန်တော်ဆင်းပါသည်။ သူတို့အထဲမှ ကောင်မလေးတစ်ယောက်၊ နှစ်ယောက်ပါးစပ်မှ "တာ့တာ"ဟု နှုတ်ဆက်သဖြင့် ကျွန်တော်က လက်ပြန်ပြရပါသည်။ သူတို့အထဲမှ အတော်များများ လက်ပြန်ပြကြပါသည်။ ကျန်သောဆရာသည်များက ကျွန်တော်တို့၏ အပြုအမူများအား စိတ်ဝင်တစားကြည့်နေကြပါသည်။

ပတ်သက်ခဲ့သည့် ကျောင်းသားဘဝတစ်လျှောက်လုံးအား သိမ်းထုပ်သယ်ပိုးကာ ကျွန်တော် မိဘအိမ် ပြန်ရောက်ခဲ့ပါပြီ။

■ ■ ■

ကျွန်တော်သည် မိဘအိမ်တွင် ဘာအလုပ်မှ လုပ်စရာမရှိဘဲ မဂ္ဂဇင်းဖတ်လိုက်၊ စာကြည့်တိုက်များသို့သွားကာ စာအုပ်များရှာဖွေဖတ်ရမ်းဖတ်ရှုလိုက်ဖြင့် အချိန်ကုန်လျက် ရှိပါသည်။ ကျွန်တော့်ကောင်မလေးကလည်း ကျောင်းစာဖြင့် မအားလပ်နိုင်အောင် ဖြစ်နေပါသည်။

ဖြေဆိုခဲ့သော စတုတ္ထနှစ်စာမေးပွဲကတော့ ရာနှုန်းပြည့်နီးပါး အောင်မြင်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိပါသည်။ မမြင်ရသော ကံကြမ္မာက နိပ်စက်လျှင်တော့ မပြောနိုင်ပါ။ ကျွန်တော်သည် စာအုပ်ဖတ်ခြင်းအပြင် ဂီတာတီးခြင်း၊ စာပေရေးသားခြင်းတို့ကိုပါ အပြင်းအထန် လုပ်ကိုင်နေမိပါသည်။ တစ်ခါတစ်ရံ သူငယ်ချင်းတွေကို သတိရသဖြင့် ပေးစာများ ရေးပါသည်။ ရမည်သင်းမှ ကိုဝင်းထွဋ်ထံသို့လည်းကောင်း၊ လာရိုးမှ အကြူးထံသို့လည်းကောင်း၊ တောင်ကြီးမှ ကိုလေးဖြူထံသို့လည်း စာရေးပို့ခဲ့ပါသည်။ စာရေးပို့ရခြင်းမှာ ထူးခြားသောအကြောင်းရင်းမရှိဘဲ အလုပ်မရှိ အလုပ်ရှာခြင်းသာဖြစ်သည်။ သို့သော်ကိုလေးဖြူထံမှ စာနှစ်စောင် ပြန်ရခဲ့ပါသည်။ ဝင်းထွဋ်ကလည်း စာပြန်ရေးခဲ့ပါသည်။

သူတို့ထံမှ လက်ခံရရှိသောပြန်စာများအားသိမ်းဆည်းထားခဲ့သော်လည်း ယခုအခါ ကာလကြာမြင့်ပြီဖြစ်၍ ဖော်ပြနိုင်ခြင်း မရှိတော့ပါ။ ကိုလေးဖြူရေးသားသော စာတစ်စောင်သာ မထင်မှတ်တဲ့ တွေ့ရှိရသဖြင့် အမှတ်တရ ဖော်ပြလိုက်ပါသည်။

ဟိုင်း!
ဆိတ်ကြီး!

ရင်ခုန်သံ နှုန်ပြန်သွားပလားလို့ ...!
ဘယ်လိုလည်း ဘော်ဒါ
အဆင်မှာ ပြေ ဘဲလား။
စားကောင်းတိုင်းစားရင် ဝမ်း ချောင် တတ်တယ်။
အစားကောင်းတွေရင် သူငယ်ချင်းကို အမှတ်ရပါ။
အဲဒီတော့ ...
ငါတို့ကို သတိရသောအားဖြင့် ချွေချွေတာတာစားပါ တက်ကြီး။
အဲဒီလိုဘဲ နံပါတ်စဉ်နဲ့ မှာလိုက်ပါရစေကွာ။
အကြွေဆီလဲ စားရလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီ တရုတ်က
ငါရေတာရောတတ်ပြီးတော့ ပေါက်မှပေါက်ပါမှလား... မသိဘူးကွာ။
သူ ရင်ခုန်တာ မြင်နေရတယ်နော်။
မင်း ရင်ခုန်တာလည်း အနဲအကျွဲတော့ မြင်ရပါတယ်။
ငါ့ကိုယ်ငါတော့ မသိဘူး (ရှင်းရှင်းကြီး မြစ်နေတာဘဲလား)
ဆိတ်ကြီး...!
ခစာ...ခစာ..ခေါင်းကြွို့ ခေါင်းတာပါကွ။
ငါက ပါးစပ်က မခေါ်ရတော့ စာထဲကဘဲ ခေါ်ရတာလေ။ မင်းတို့သိ
တစ်ခါတစ်ခေါက်တော့ ရောက်အောင်လာဦးမယ်။
မင်းရဲ့ father, mother ကို စိတ်ဝင်စားတယ်။
မြင်းမူမြို့လေးကို စိတ်ဝင်းစားတယ်။ (ညီမလေး လုံဆ ပေါ်)
(ကြွေမြေထားရသေးတာ ငါ့လွမ်းဆဲမဲ့ဟာ)
မင်းအတွေးတွေက လျှပ်စီးကြောင်း current ထက် မြန်လွန်းလို့။
တစ်ခါတစ်ခါ မင်းက ဂိတ်ဆုံးရဲ့ဟိုဘက်ထိ ကျွံကျွံဝင်သွားလို့
ပြန်ပြန်ဆွဲထုတ်ခဲ့ရတာတွေလေ။ ငါ ကောင်းကောင်းမှတ်မိပါတယ်။
ကဲ...ကဲ...စမယ်။
ကျေကျေနပ်နပ် ပေးဆပ်ရတာမျှားလွန်းရင် မကောင်းဘူး။
ဒါကိုတော့ ခံသီးတဲ့အတွေ့ ရှိသူတိုင်းတော့
နားလည်တတ်လိမ့်မယ်လို့ ထင်တယ်။

တစ်ခါတစ်ခါ သူကရော (ကိုယ့်လိုမျိုး)
ကျွေကျွေနပ်နပ် ပေးဆပ်ချင်ပေမယ့်။
အဲဒါကို ငါတို့ ပေ့ပေ့နေတာ မှားတယ်လေ။
ဟုတ်လား...၊ မဟုတ်ဘူးလား...။
ကိုယ်ပေးဆဲအခါ သူက မယူချင်သလို ဖြစ်နေရင်
ငါင်ငါင်သွားရတဲ့အခွံမျိုးမှာ သူကို အားမရဘူး ဖြစ်တယ်။
အဲတာ မှားတယ်။ (လုံးဆဲ)
သူကလည်း ကိုယ့်လိုဘဲ တစ်ချိန်ထဲမှာ ပေးဆပ်ချင်နေကျတယ်လေ။
အဲဒါကို မယူတတ်ခဲ့ကြလို့...အရှင်းပြောရရင် (မချစ်တတ်ခဲ့လို့)
အခါးတွေ တွေ့ရတယ်။
အမှုးတွေ ရတယ်။
အရွဲ့ ဖြစ်ရတယ်။
သူ့အပြစ် မဟုတ်ဘူး သူငယ်ချင်း...။
ကိုယ့်အပြစ်တွေ အများကြီး ပါတယ်။
ချစ်တယ်ဆိုတာနဲ့ ချစ်တတ်တယ်ဆိုတာ အပုံကြီးကွာတယ်။
အဲတော့...
မင်း ချစ်တတ်သလားလို့ ပေးချင်တယ်။

ဒါပါဘဲ
လက်တစ်လုံးခြားမှာ ဖျာသွားမှုဆဲ့
(၉၁)

တောင်ကြီးကို စာမပြန်နဲ့
လက္ခန်ရင် မန္တလေးမှာဘဲ ရှိမယ်။
29 (83-84 ကြား)
"လွင်" ပလိတ်ပြား လွှမ်စစ်ပစ္စည်းဆိုင်
အောင်စာရင်းဆွက်တဲ့ အဘိန်တော့ ဆုံချင်သေးတယ်ကွာ...။

စာပါ အကြောင်းအရာမှာ ဆက်စပ်မှုယ်ယုက်မှု မရှိသူများဖတ်ပါက အဓိပ္ပာယ် ဖော်ရန်ခက်မည်ဖြစ်သဖြင့် အပြွက်မျှ ဖွင့်ဆိုရေးသားပါမည်။

ကျွန်တော်နှင့် ကိုလေးပြုသည် ရွှေပြည်အေး ၅၉-တွင် နေထိုင်ကျောင်းတက် စဉ် ကျောင်းခြံမှူးများ မတူသဖြင့် တစ်ခါတစ်ရံ ကိုလေးပြုက အဆောင်မှာ ရှိနေတတ်ပြီး ကျွန်တော်က ကျောင်းခန်းအတွင်းရောက်နေတတ်ပါသည်။ တစ်ခါတစ်ရံ ကျွန်တော်က အဆောင်တွင်ရှိနေတတ်ပြီး ကိုလေးပြုက စာသင်ခန်းတွင် ရှိနေတတ်ပါသည်။ ထိုအခါမျိုးတွင် ကျွန်တော်တို့သည် အဆောင်သို့ အဝင်အထွက်အခြိုက်လွဲခဲ့ကြတတ်ပြီး လူချင်း မတွေ့ခြင်းသောအခါမျိုးတွင် ပြောလိုသောစကားများကို စာရွက်ပေါ်တွင် စာရေးကာ အခန်းတံခါးဝရှိ သော့တွင်ချိတ်၍ လည်းကောင်း၊ အခန်းဆဲရှိ စားပွဲပေါ်တွင် တစ်ခုခုဖြင့် ဖိ၍လည်းကောင်းထားကာ သတင်းဖလှယ်ကြပါသည်။ ဤသို့ စာရေးတိုင်း ကိုလေးပြုသည် ကျွန်တော့် Nick Name ဖြစ်သော "ဆိတ်ကြီး"ဟူသော နာမည်ပြောင်ကို ခေါ်လေ့ ရှိပါသည်။

ကျွန်တော်သည် တစ်ခါတစ်ခါ မြို့ရိုအမေ့အိမ်သို့ပြန်ကာ စားစရာများ ယူတတ် ပါသည်။ အမေ့အိမ်တွင် အမေ မအားပါက ရက်ရည်စားစရာများအား ကျွန်တော်ကိုယ် တိုင် ကြော်လှော်၍ ဘူးများဖြင့်ထည့်ကာ ယူလာလေ့ရှိပါသည်။ အများအပြားကြော် ရသည်ဖြစ်ရာ အိုးတန်စားစရာများတော့ မဟုတ်ပါ။ အိုးတန်များ မဟုတ်သော်လည်း တက္ကသိုလ်ကျောင်းသားဘဝတွင် အားလုံးမီးပါးစာ၍ အရသာရှိသည်ချည်းဖြစ်ပါသည်။ ထိုကဲ့သို့အိမ်ပြန်သည့်အခါတိုင်း ထမင်းဖြင့် စားရန် ဟင်းမည်သမျှက ရာသီစာဖြစ်သော ဖရဲသီးများ၊ သီးမွှေးဂုက်ပျော်သီးများလည်း ဧဒေပေါသဖြင့် မိုင်သလောက် သယ်ယူတတ် ရာ သူငယ်ချင်းများက "ကိုဆိတ်ရာ အစားတစ်လုတ်အတွက်နဲ့ အပင်ပန်းခံစမ်းပါနဲ့"ဟု ပြောသူ ရှိသလို၊ "ကိုဆိတ်က သူကိုယ်တိုင် အစားမက်သလို၊ တခြားလူကိုလည်း ကျွေးချင်စိတ်အပြည့်ရှိလို့ ဒီလိုအလေးခံပြီး သယ်လာတာ၊ ကိုဆိတ်ရဲ့စေတနာကို ဂုဏ်ပြုသောအားဖြင့် စားကြတာပေါ့"ဟုဆိုကာ ဖရဲသီး ၂-လုံး၊ ၃-လုံးမှာ အဆောင်တွင် ရှိနေသူများ စားခွင့်ကြုံရသူများ ဝိုင်းဝန်း၍ ပျော်ရွှင်စွာ စားကြသည်မှာ အမှတ်ရစရာ တစ်ခုပမာ ဖြစ်နေခဲ့ပါသည်။ ကိုလေးပြုသည် အစားအသောက်နှင့်ပတ်သက်၍ ကျွန်တော့်လောက် စိတ်ဆဲ အလေးအနက်မရှိလှ၊ ရှိလျှင် စားမည်၊ မရှိလျှင် မစားဘဲ နေမည်ဟူသော သဘောလောက်သာရှိသည်။ သူရေးသောစာအရတော့ ကျွန်တော့်အား အစားအသောက်နှင့်ပတ်သက်၍ အထူးပင် သတိရနေပုံရသည်။

ကိုလေးပြုအတွက် ယခုတစ်ကြိမ် ကျောင်းမပြန်သွားခြင်းသည် တခြားကျောင်း သားများကဲ့သို့ မျော်မှန်းချက်များ ဆုံးဖြတ်ချက်များ ပါကောင်းပါသွားနိုင်ပါသည်။

တက္ကသိုလ်မှ ဘွဲ့တစ်ခုရပြီဖြစ်သော လူငယ်တစ်ယောက်အတွက် ဘဝလမ်းကြောင်းတွင် သူ ဘာဆက်လုပ်ရမည်ကို စဉ်းစားခဲ့ပုံရပါသည်။

သူရေးသည့်စာတွင် သူချစ်သူ မန္တလေးနှင့်ပတ်သက်သော အရိပ်အမြွက်များကို တွေ့ရသည်။ ကျွန်တော့်အထင် ကိုလေးပြွန်းသည် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ အသိတရားတစ်ခုအား ရရှိသွားပြီး တွေ့ရှိသွားပြီဖြစ်ကြောင်း စာပါအကြောင်းအရာများကိုဖတ်ပြီး ထိုးထွင်းသိမြင်နိုင်ပါသည်။ ကိုလေးပြွန်၏ပေးစာအား ကျွန်တော် သည်မျှသာ အဓိပ္ပာယ်ဖွင့်လိုပါသည်။

ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး အပြင်ခြင်း သိပ်မကွာပါ။ ဘာစကားဆိုလျှင် ဘာကိုရည်ရွယ်ကြောင်း အဓိပ္ပာယ်သိကြပါသည်။ ပါးစပ်မှ ဖွင့်ဟ မပြောကြတာပဲရှိသည်။

ကိုလေးပြွန်သည် ကျွန်တော်တို့နှစ်ဦးစလုံး၏ သူငယ်ချင်း တရုတ်အမျိုးသားအကြွေကိုတော့ ကျွန်တော့်လောက် ခံစားမှုပြန်ဆန်လိမ့်မည်ဟု ယုံကြည်ပုံ မရခဲ့ပါ။ အကြွေသည် သီချင်းများကို တိတ်ဆိတ်အေးစက်စွာ ဝါဒနာပါခဲ့သည်။ instrument နှင့်ပတ်သက်၍ Drum ဝါဒနာပါသူ ဖြစ်သည်။ သူသည် ထမင်းစားခန်းမ ပြန်လာသည့်အခါတိုင်း ငွန်း ခက်ရင်းအား Drum Stick လုပ်ကာ လေထဲတွင် တီးခတ်ကာ အခန်းသို့ ပြန်တတ်သည်ကို မှတ်မိနေပါသည်။ သူသည် ဗိန်းကလေးများအကြောင်း ပြောလေ့မရှိ၊ စိတ်လည်း မဝင်စား။ သဘာဝ ပင်ကိုယ်အားဖြင့် စကားနည်းသူ ဖြစ်သည်။ ရည်စားကိစ္စဆိုလျှင် သူနှင့်ဘာမှ မပတ်သက်သလို၊ သူသည် ဂုဏ်ထူးတန်းကျောင်းသားပီပီ စာကြိုးစားသည်။ လက်ဖက်ရည်ဆိုင်ထိုင်မည်။ ဒီနှစ်ခုကလွဲပြီး ကျန်တာ သူ့အတွက် Minor Case များသာ ဖြစ်သည်။ သည်အတွက် ကိုလေးပြွန်သည် သူ့ပေးစာတွင် ချစ်ခြင်းနှင့်ပတ်သက်၍ အကြောင်းအရာများအား အကြွေ နားလည်မည်မဟုတ်။ အကြွေသည် အချစ်နှင့်ပတ်သက်၍ ဝေးသူတစ်ယောက်အဖြစ် ရေးသားခြင်းဖြစ်ပေမည်။

■ ■ ■

၁၉၉၁-ခုနှစ် အောင်စာရင်းမထွက်မီမှာပင် ကျွန်တော့်အဖေသည် တာဝန်ဖြင့် စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးသို့ ပြောင်းရွှေ့ရပါသည်။ ကျွန်တော်တို့ တစ်မိသားစုလုံး မြင်းမူမြို့ကလေးမှ မိုင် ၂၀-ဝန်းကျင်ဝေးသော ရွာသစ်ကြီးရွာကလေးသို့ ၁၉၉၁ခုနှစ်၊ အောက်တိုဘာလ ၁၅-ရက် နေ့တွင် ပြောင်းရွှေ့ခဲ့ကြပါသည်။

ကျွန်တော်သည် ကျောင်းပိတ်ရက်များတွင် အလွန်ပင် အထီးကျန်ဆန်စွာ အချိန်များကို ဖြတ်သန်းနေရပါသည်။ ရွာသစ်ကြီးရွာကလေးတွင် သီချင်း နားထောင်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ ဂီတာတီးလိုက်၊ စာရေးလိုက်ဖြင့် အောင်စာရင်း

ထွက်မည့်အချိန်ကို စောင့်စားနေပါသည်။ ပျင်းရိလွန်းသည့် ညနေများတွင် ကျွန်တော်သည် ရွာသစ်ကြီးရွာမှအထွက် ရွာသစ်ကြီးချည်မျှင်နှင့် အထည်စက်ရုံဘက်သို့ အပျင်းပြေ စက်ဘီးစီးပါသည်။ ထိုလမ်းကလေးသည် ကတ္တရာလမ်းဖြစ်ပြီး လမ်းဘေးဝဲယာတွင် ကုက္ကိုပင်အုံကြီးများဖြင့် အလွန်ပင်သာသာယာယာ ရှိလှပါသည်။ တစ်ခါတစ်ရံတော့ ရောဝတီမြစ်ရိုး၏ ရွာကလေးများသို့ အဖော်ကောင်းပါက စက်လှေစီးရင်း ရွှင်ပျေးငေးမောရင်း ဖိတ်ခေါ်မည်သူရှိပါက ညအိပ်ညနေ သွားရောက်လည်ပတ်ပါသည်။

များသောအားဖြင့် လသာသော ညဘက်ဆိုလျှင် ကျွန်တော်သည် အိမ်ရှေ့ကွင်းပြင်တွင် ဟက်လက်ကုလားထိုင်တစ်လုံးကို ချကာ လရောင်အောက်က ကုက္ကိုပင်ကြီးများအား ငေးမောရင်း အိမ်ရှေ့နှင်းဆီပြမှ နှင်းဆီပန်းရနံ့ လိုင်လိုင်များ၏ အနံ့ကို ရှုရှိုက်ကာ စိတ်ပျံလွှင့်လျက်ရှိနေတတ်ခဲ့ပါသည်။ တချို့ညများတွင် ဦးတည်ချက်မရှိသောစိတ်များဖြင့် ဦးတည်ချက်မရှိသော ကဗျာများကို ရေးနေဖြစ်ခဲ့သည်။ ပတ်ဝန်းကျင်တွင် မြင်တွေ့ရသော သဘာဝအလှများကို ကဗျာအဖြစ်ရေးပွဲပြီး ကိုလေးပြွန်ထံ ဘာရယ်မဟုတ်တဲ့ အပျင်းပြေပေးပို့ဖြစ်ခဲ့သည်။

အပုန်အတိုင်းပြောရလျှင် မန္တလေးတက္ကသိုလ်တွင်နေခဲ့စဉ်ကာလတစ်လျှောက်လုံး ကျွန်တော်ရေးဖြစ်ခဲ့သည့် ကဗျာများ၊ ဝတ္ထုတိုများကို ဒိုင်ခံဖတ်ပေးခဲ့သူမှာ ကိုလေးပြွန်တစ်ယောက်သာ အဟာခံဖြစ်ခဲ့သည်။ ကျွန်တော်ကလည်း ရေးဖြစ်သမျှ စာမူများကို ကိုလေးပြွန်အား ပေး၍ ဖတ်စေခဲ့ပါသည်။

ထိုကဲ့သို့ ကျောင်းပိတ်ရက်များအပေါ် ပျင်းရိပြီးငွေ့နေစဉ်မှာပင် စတုတ္ထနှစ်အောင်စာရင်းထွက်ခဲ့ပြီး ကျွန်တော်တို့သူငယ်ချင်းတစ်စု စာမေးပွဲအောင်ကြပါသည်။ ကျွန်တော်က စာမေးပွဲကို ဂုဏ်ပြုံအောင်မြင်ပြီး ကိုလေးပြွန်က Qualify ဖြင့် အောင်မြင်ပါသည်။ ထိုအချိန်တွင် ကိုလေးပြွန်က မန္တလေး ၂၉-လမ်းရှိ လျှပ်စစ်ပစ္စည်းနှင့် တိပ်ခွေဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်လျက်ရှိပြီး ကျွန်တော်က ရွာသစ်ကြီးမှာပင် ဒီဇင်ဘာလတွင်ပြေးမည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဝန်ထမ်းစာမေးပွဲ ဝင်ရောက်ဖြေဆိုရန် ကြိုးစားလေ့လာလျက် ရှိပါသည်။

စာမေးပွဲအောင်စာရင်းထွက်ရန်ဖြင့် မန္တလေးသို့ပြန်သွားရန် အခွင့်အရေး မရရှိနိုင်ဘဲ ဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် အောင်စာရင်းထွက်ပြီဆိုချင်း ယာယီတွဲလက်မှတ်၊ ယာယီအမှတ်စာရင်း စသည်တို့ကို ကျောင်းသားရေးရာမှ ထုတ်ပေးလေ့ မရှိသဖြင့် ဖြစ်ပါသည်။ မန္တလေးသို့သွားရန်မှာ အိမ်ကို ပိုက်ဆံတောင်းရဦးမည် မဟုတ်ပါလား။ အိမ်ကလည်း ကိုးကြောင်းခိုင်လုံမှုမရှိဘဲ မန္တလေးသို့သွားရန် ပိုက်ဆံပေးမည် မဟုတ်ပါ။ ကျွန်တော်ကလည်း ပိုက်ဆံတောင်းရန် လိပ်ပြာလုံလိမ့်မည် မဟုတ်ပါ။

လက်ဖက်ရည်ဆိုင်များတွင် ထိုင်ကာ သူငယ်ချင်းများနှင့် လေပေါ်ခြင်းခြွင်း အချိန်များကို ကုန်ဆုံးစေပါသည်။

တချို့ညများ အထူးသဖြင့် ကိုလေးဖြူ အလုပ်များရက်ဖြစ်သော တနင်္ဂနွေလို ညများတွင် ဂီတာဝိုင်းနဲ့ကာ အဆောင်များရှေ့တွင် တီးခတ်ကြပါသည်။ သို့သော် နောက်ရက်များတွင် ဂီတာတီးရန် အချိန်ကန့်သတ်ချက်များ ရှိခဲ့ပါသည်။ ကိုလေးဖြူ အနေဖြင့်လည်း ညဘက်ဂီတာတီးပါက နံနက်စောစော အိပ်ရာထနိုင်ခြင်း မရှိခြင်းပင် ဖြစ်ပါသည်။ အိပ်ရာထနိုင်ခြင်းမရှိပါက ပြီးဆဲသို့ အလုပ်သွားလုပ်ရန် အခက်အခဲရှိပါသည်။ နောက်ကျနိုင်ပါသည်။ အလုပ်ရှင်နှင့်ပြဿနာဖြစ်နိုင်ပါသည်။ ကျောင်းသားဘဝကတော့ ပြဿနာမရှိပါ။ သောကြာ၊ စနေလိုညမျိုးတွင် ဂီတာကို ကြိုက်သလောက်တီး၊ နောက်တစ်နေ့ ကြိုက်သလောက် အိပ်နိုင်ပါသည်။

ဂီတာမတီးဖြစ်သော်လည်း ကိုလေးဖြူသည် နေ့ခင်းတွင် ၂၉-လမ်းမှာ အလုပ်လုပ်ပြီး ညနေဘက်တွင် အဆောင်သို့ပြန်လာကာ သူငယ်ချင်းများနှင့် အတူရှိနေခဲ့ပါသည်။ စိတ်ဆန္ဒရှိသည့်တချိန်ချက်များတွင် နံနက် ၄-နာရီထကာ ဘုရားကြီးသို့သွားကြပါသည်။ ဘုရားကြီးတွင် မနက်စောစော ဘုရားစတင်ပြုရခြင်းသည် စိတ်ထဲတွင် ရွှင်နေသောအရာများ အလိုအလျောက် ရှင်းပြီးသား ဖြစ်တတ်ပါသည်။

ကိုလေးဖြူက နေ့ခင်းနေ့လယ် ဆိုင်သို့ အလုပ်သွားနေသောအခါ ကျွန်တော့် အနေဖြင့် အဖော်မရှိသလို ဖြစ်နေပါသည်။ ကျွန်သူငယ်ချင်းအများစုမှာ ဂုဏ်ထူးတန်း သမားများဖြစ်ပြီး နောက်ဆုံးနှစ်ဂုဏ်ထူးတန်းဖြစ်သဖြင့် ကျောင်းစာအား ယခင်နှစ်များထက် တစိုက်မတ်မတ်ကြိုးစားလာ ရှိကြပါသည်။ သို့ဖြင့် ကျွန်တော့်မှာ တချိန်သော နေ့လယ်ခင်းများတွင် အဖော်မရှိနိုင်ဘဲ ဖြစ်နေရပါသည်။ တစ်ခါတစ်ရံတော့ မရန်းမြဆိပ်ကမ်းတွင်နေသော ကိုစိပ်းဆစ်သည် စတုတ္ထနှစ်အား ထပ်မံပြေးဆိုရန်ရှိသဖြင့် ကျောင်းထဲသို့ အတန်းလာတက်လေ့ရှိသဖြင့် ကျွန်တော်တို့အဆောင်ဘက်သို့လှည့်၍ ဝင်လေ့ရှိပါသည်။ ထိုအခါမျိုးတွင်တော့ ကျွန်တော်တို့သည် စာအကြောင်း ပေအကြောင်း မနှားတမ်းပြောကြ ရေးထားသော ကဗျာများတစ်လှည့်စီ ဖတ်ကြ မောတဲ့အခါကြတော့ လက်ဖက်ရည်ဆိုင်သွား၍ လက်ဖက်ရည်သောက်ကြပါသည်။

တစ်ရက်ကတော့ ဘယ်ရိုက်တယ်လို ကောင်းပိသွားသည်မသိပါ။ မင်းကွန်သို့ ဘုရားဖူးသွားရန် ကြံစည်ကြပါသည်။ ကိုစိပ်းဆစ်သည် မင်းကွန်းအထက်ရှိ အိုင်နိုင်ငံသား ဖြစ်သည်။ ကိုစိပ်းဆစ်က သွားချင်လှချေ သူလိုက်ခဲ့မည်ဆို၍ ကိုစိပ်းဆစ်၊ ဝိုမြတ်၊ ကိုဝိုဒင်း၊ အကြွေနှင့် ကျွန်တော်တို့ မရန်းမြဆိပ်ကမ်းတွင် ဂက်တီးများထား ခဲ့ပြီး မင်းကွန်းသို့ ဝင်လေ့ဝီးကာ တပျော်တပါး သွားကြပါသည်။ ကျွန်တော်တို့သည် မင်းကွန်းသာသနာ့ နယ်မြေတွင် မင်းကွန်းဆရာတော်ဘုရားကြီး၏ ဝိုဝိတ်ကုန်းမြေရှိ

သို့ဖြင့် ယာယီဘဲလက်မှတ်၊ ယာယီအမှတ် စာရင်းထုတ်ပေးသည်ဟု သတင်းကြား မှသာ မန္တလေးသို့ သွားခြင်းခဲ့ပါသည်။

မန္တလေးသို့ရောက်သောအခါကြမှ ဟယ်ရိလင်း၏ သီချင်းအယ်လ်တမ် ထွက်နေ ပြီဖြစ်ကြောင်း သိရပါသည်။ ကျွန်တော်သည် ဂီတနှင့်ပတ်သက်၍ ပညာရှင်အဆင့် မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ စွဲနှစ်ခွာ ချစ်မြတ်နိုးခဲ့သောစိတ်ဖြင့် သူငယ်ချင်း "ယ ကြီး"၏ သီချင်းအယ်လ်တမ်ကို နားထောင်ဖြစ်ခဲ့ပါသည်။ Recording ကဲ့ လိုအပ်တာလား Player ကဲ့ လိုအပ်တာလား ဘာက လိုအပ်တာလည်းတော့ မသိ။ ကက်ဆက်က ထွက်လာသည့် ဟယ်ရိလင်း၏ သီချင်းများကိုနားထောင်ရသည်မှာ ဟယ်ရိလင်းကိုယ်တိုင် အပြင်မှာ ဗလာစာတ်ဆိုတာလောက်ပင် နားထောင်၍ မကောင်း ခဲ့ပါ။ ဒီအကြောင်းနှင့်ပတ်သက်၍ ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့ပါ။ ရေမွှာ ပြောခဲ့သလိုပင် ကိုယ်ကလည်း ပညာရှင်မဟုတ်တော့ စိတ်ထဲမှာပင် ထားခဲ့ပါသည်။

■ ■ ■

မန္တလေးသို့ စာပေးပွဲအောင်ကြောင်းထောက်ခံချက်နှင့် အမှတ်စာရင်းရယူရန် သွားရောက်ခဲ့သောနေ့မှာ ၁၉၉၁-ခုနှစ်၊ မိုဃ်ဘာ ၁၄-ဂုက်၊ ကြာသပတေးနေ့ဖြစ်သည်။ မန္တလေးသို့ရောက်သောအခါ ပါလာသော ခရီးဆောင်အိတ်အား ရွှေပြည်အေးဆောင် အခန်း-၅၆ အကြွေအခန်းတွင်အပ်ကာ ညအိပ်လွှင့် လူလွတ်သည့်အခန်း အဆင်ပြေ သည့်အခန်းတွင် အိပ်ပါသည်။ အဆောင်တွင် ထမင်းစားရန် အဆင်ပြေသည့်အခါ အဆောင်မှာပဲ ထမင်းစားပါသည်။

မန္တလေးကွင် ယခုအခေါက်ရောက်ရသည်မှာ ကျောင်းတက်ရမည့် တာဝန် မရှိတော့သဖြင့် ကျောင်းတတ်ခန်းကွင်းတွင် နေထိုင်ရသည်မှာ အဓိပ္ပာယ်မဲ့သလိုဖြစ်နေ သည်။ ကျောင်းနှင့်တရားစင်ပတ်သက်မှုယ်ယုက်စရာဟူ၍ ဘွဲ့ယူရန် ကိစ္စသာ ရှိတော့ သည်။ ဘွဲ့ရွင်းသတင်းအခမ်းအနားများလည်း နောက်နှစ် ရန်နဝိန် ဖေဖော်ဝါရီလောက်မှ ကျင်းပမည်ဖြစ်၍ ကာလအားဖြင့် အဝေးကြီးရှိသေးသည်ဟု ပြောနိုင်ပါသည်။

ကျွန်တော်သည် အဆောင်က သူငယ်ချင်းအခန်းတွင် သီချင်းများထောင်ခြင်း။ ဂီတာတီးခြင်း။ တစ်ခါတစ်ရံမြို့ထဲရှိ ဥဇ္ဈာရလွင်ပြင်စာအုပ်ဆိုင်သို့သွားကာ စာအုပ် ဝယ်ခြင်း။ မိမိပြေဆိုမည့် အထူးစုံစမ်းစစ်ဆေးရေး စာပေးပွဲအတွက် လိုအပ်သည် များ ပြင်ဆင်ခြင်း။ ဘာအလုပ်မှ လုပ်ချင်ကိုင်ချင်စိတ်မရှိသောအခါ စိတ်တူ ကိုယ်တူ သူငယ်ချင်းများနှင့် ပင်ပမအဆောင်ရှေ့ရှိ လေကားထစ်များပေါ်တွင် အပျင်းပြေကြခြင်း။ စကြည့်တိုက်မှင်ချိန်များတွင် စကြည့်တိုက်ပြင်သော ဂုဇ္ဈာရန်းမပေါ်သွား၍ စာဖတ် ခြင်း။ သီတာအေးလက်ဖက်ရည်ဆိုင်၊ ရွှေနိုင် လက်ဖက် ရည်ဆိုင်၊ ရွှေစည်တော်

ခုံစမ်းစဉ်ကာလအတွင်း ကိုလေးဖြူရော၊ ကွန်တော်ပါ ရွှေပြည်အေးဆောင်တွင် ဂုဏ်ထူးတန်း နောက်ဆုံးနှစ်တက်ရောက်နေသော သူငယ်ချင်းများအခန်းတွင် အဆင်ပြေသလို နေထိုင်ခဲ့ကြပါသည်။ အဆောင်နည်းဖြစ် Hall Tutor ကလည်း ကျောင်းသားဟောင်းများဖြစ်သော ကွန်တော်တို့အား မျက်မှာတန်းမိပြီး သဲယောင်ငြင်လည်းဖြစ်နေသဖြင့် အဆောင်တွင် ညဘက်လာအိပ်ခြင်းအပေါ် လျစ်လျူရှုထားခဲ့ပါသည်။

ထိုစဉ်က ကွန်တော်တို့ အဆင်ပြေသလိုအိပ်ခဲ့သော ရွှေပြည်အေးဆောင်မှ အခန်းများမှာ အခန်းနံပါတ် ၅၆၊ ၈၁၊ ၁၃၅၊ ၅၇၊ ၇၃ တို့ဖြစ်ပြီး အခန်းနံပါတ် ၅၆-မှာ အကြွေအခန်းမှန်းမှတ်မိပြီး ကျန်အခန်းနံပါတ်များ၏ ပိုင်ရှင်များမှာ မည်သူမည်ဝါဖြစ်ကြောင်း ယခု ပြန်စဉ်းစားသောအခါ မမှတ်မိတော့ပါ။

ကွန်တော်သည် တစ်ရက်ကနှစ်ရက် သူများအခန်းတွင် အိပ်ရသည်ကို အားနာသဖြင့် အပြင်ဆောင်တွေးမည့်အကြောင်း ကိုလေးဖြူအား တိုင်ပင်ရာ-

"ငါလည်း မင်းရှိနေလို့ ကျောင်းထဲမှာ ညဘက် တကူးတက လာအိပ်တာ၊ ပြီးထဲကဆိုင်မှာအိပ်လည်း ငါ့အတွက် မဆန်းဘူး။ တစ်လနှစ်လခဲ့တော့ မတူးပါနဲ့ကွာ၊ မင်းအပြင်ဆောင်မှာ တူးနေလိုက်ရင် ငါလည်း ကျောင်းထဲ လာမြဲတော့မှာ မဟုတ်ဘူး နေစမ်းပါအုံး မင်းအလုပ်စာမေးပွဲက ဘယ်တော့လဲ"ဟု မေးပါသည်။

"အခု လာမယ့် ဒီဇင်ဘာလကုန်ပိုင်းမှာ ဖြေရမှာ"

"အခုပဲ နိုဝင်ဘာကုန်ပြီကွာ၊ တူးမနေနဲ့၊ ဖြစ်သလိုနေ၊ အခုရော မင်းကို ဘယ်အခန်းက ဘာပြောလို့လဲ၊ ငါတို့က အဆောင်မှာ အိပ်တာကလွဲပြီး ဘယ်သူ့ကို ဘာအတွက်နဲ့မှ ဒုက္ခပေးတာမှ မဟုတ်တဲ့"

သို့ဖြင့် ကွန်တော်သည် အဆောင် မတူးဖြစ်တော့တဲ့ သူငယ်ချင်းများ အခန်းတွင် ညဘက်တွင် လွတ်နေသော ခုတင်များ၌ "စတည်း"ချဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ကျောင်းပတ်ဝန်းကျင်တွင် အလုပ်မရှိ၊ အကိုင်မရှိဖြင့် ကျောင်းသည်နေရသည့်အပေါ် ကွန်တော်သည် ပြီးငွေ့လာသည့်အတွက် မိတ္ထီးလာလမ်းထွက်ဘေရှိ မြေကွက်လွတ်များတွင် ကန်ထရိုက်တိုက်များ ဆောက်လုပ်နေသော ကဗျာဆရာချမ်းမင်းအိပ်ထဲ့လည်းကောင်း ရောဝတီမြစ်ကမ်းဘေး မရမ်းခြံဆိပ်ကမ်းတွင် နေထိုင်သော ကဗျာဆရာမောင်စိမ်းသစ်ထဲ့လည်းကောင်း ပျင်းရိသည့်အခါ သွားရောက်လည်ပတ်ပါသည်။

တစ်ခါကတော့ ကိုစိမ်းသစ်က "ကိုပေါ်ဦးသစ် ရောဝတီမြစ်ရိုးလျှောက် သွားမလို့ ဝေးဝေးလံလံ မဟုတ်ဘူး တစ်ညအိပ်လောက်ပဲ အိမ်က ခိုးတားလေး လုပ်ရင်း သွားမလို့ အပျင်းပြေလိုက်ခဲ့ပါလား"ဟု ခေါ်သဖြင့် မရမ်းခြံဆိပ်ကမ်းမှ ကိုစိမ်းသစ်ဝိုင်

မြေမှာဒကျောင်းတိုက်အား အသေးစိတ်လေ့လာခြင်း၊ ပုထိုးတော်ကြီးအား ကြည်ညိုမှု တော်ခြင်း၊ မင်းကွန်းခေါင်းလောင်းကြီးအား သွားရောက်လေ့လာခြင်း မြေသိန်းတန်စေတီ တော်အား သွားရောက်ဂုဏ်ပြုခြင်းများ ပြုကြပါသည်။ ကွန်တော်တို့သည် မန္တလေး တက္ကသိုလ်တွင်သာ နေခဲ့ကြသည်။ မင်းကွန်းသာသနာ့နယ်မြေသို့ မရောက်ခဲ့ကြ ပေ။ ကွန်တော်တို့သည် ပတ်ဝန်းကျင်တွင် လက်လှမ်းမီသမျှလေ့လာပြီး ကိုစိမ်းသစ် ၏မိတ်ဆွေ ပန်းချီဆရာကိုစု၏ မင်းကွန်းပန်းချီပြခန်းတွင် ပန်းချီကားများ ကြည့်ကြပါ သည်။ ကွန်တော်တို့သည် ကိုစု၏တရုတ်ဓနုဥစ္စာနည်းဖြင့် ရေးဆွဲထားသော ပန်းချီကားများ အား အထူးအဆန်းသဖွယ် ကြည့်ရှုကြပါသည်။ ကိုစုက သူ၏ပန်းချီပြခန်းတွင် လက် ဖက်ရည်ဝိုင်းကလေးလုပ်၍ ဧည့်ခံပါသည်။ အလွန်ပင် ကြည်နူးစရာကောင်းပါသည်။ ရောက်တတ်ရာရာများ ပြောကြပါသည်။ ကွန်တော်တို့သည် ပန်းချီနှင့်ပတ်သက်၍ ထူးထူးခြားခြား နားလည်တတ်ကျွမ်းကြသူများ မဟုတ်ပါ။ ဆီဆေး၊ ရေဆေးနှင့် ဝါဒသောတရား အနည်းငယ်သာ သိပါသည်။ လေးနက်သော သီအိုရီတွေ မသိပါ။ ကိုစုရေးနေသော စုတ်ချက်ကလေးများမှာ အလွန်ပင်သေသပ်ပါသည်။ သူသည် ဝါးပေတံကလေးများပေါ်တွင် ရေသားနေခြင်းဖြစ်ပါသည်။ စုတ်ချက်တစ်ချက်တည်းဖြင့် တစ်စုံတစ်ရာကို ပြီးပြောက်အောင် ရေသားခြင်းဖြစ်ပါသည်။ ဝါးရွက်ကလေးဆိုလည်း တစ်ချက်တည်းဖြင့် ပြီးအောင်ရေးပါသည်။ ပေတံကလေးတစ်ချောင်းပေါ်တွင် ဝါးပင် ကလေးနှင့် ဝါးပင်ကလေးပေါ်တွင် ငှက်ကလေးတစ်ကောင် နားနေသော ပုံကလေးအား ရေးဆွဲခဲ့ဖို့မှာ တစ်ပိန်စ်ပတ်ဝန်းကျင်ပင် မကြာတတ်ပါ။

ကွန်ဟော်တို့က ကိုစုပန်းချီရေးသည်ကို စပ်စုကြပါသည်။ ကိုစုသည် လူအေး တစ်ယောက်ဖြစ်ပြီး စကားပြောရာတွင် တိုးတိတ်ညင်သာလွန်းသူ ဖြစ်သည်။ ကိုစုနှင့် ခင်မင်ပြီးဖြစ်သော မောင်စိမ်းသစ်က ကိုစုအကြောင်း ရှင်းပြပါသည်။ ကိုစုသည် မဟာယာနဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ သူ၏ ဓိဘများမှာ မဟာယာနဗုဒ္ဓဘာသာ ဘုန်းတော်ကြီးနှင့် သီလရှင်များဖြစ်သည်။ ကိုစုသည် ယခု တရုတ်ပန်းချီရေးနည်းအား ဓိဘများဆီမှ အနီးကပ်သင်ကြား တတ်မြောက်ထားခြင်း ဖြစ်ပြီး အိမ်ထောင်ပြုခြင်းမရှိတဲ့ ပန်းချီရေးခြင်းဖြင့် ဘဝကို ရှင်သန်နေထိုင်လျက်ရှိသည်။ ကိုစုအကြောင်း အကျဉ်းချုပ်မှာ ဒါပဲ ဖြစ်သည်။

ကွန်တော်တို့သည် မင်းကွန်းသာသနာ့နယ်မြေသို့ သွားရောက်လည်ပတ်ရခြင်း အပေါ် ကျေနပ်နှစ်သိမ့်မှုအပြည့်ဖြင့် မန္တလေးသို့ မော်တော်ကလေးစီး၍ ရောဝတီမြစ် ကမ်းဝဲယာမှ ရွာငယ်များကိုငေးမောရင်း ပြန်လာခဲ့ကြပါသည်။

ကွန်တော်သည် မန္တလေးတွင် အလုပ်စာမေးပွဲဖြေရန် စောင့်ရင်းနေထိုင်ရှိ ကျောင်းပတ်ဝန်းကျင်တွင် အဆောင်တွေးရန် ခုံစမ်းခဲ့ပါသေးသည်။ ထိုသို့ အဆောင်

ဆီစက်ဝင်းရဲ့ ဦးလီ၏အိမ်သည် အတန်ပင်ကျယ်ဝန်းပါသည်။ ဦးလီ၏အိမ်တွင် ဦးလီနှင့်သူ၏ညီဖြစ်သူသာ နေကြသည်။ ညီဖြစ်သူသည် သူသူငယ်ချင်း အားကစားသမားများနှင့် အပေါ်ထပ်တွင်နေပြီး ဦးလီက သူသူငယ်ချင်းများဖြစ်သော ကို လေးပြု၊ ဝေချစ်ကို၊ ကွန်တော်တို့နှင့် အတူနေပါသည်။

ဦးလီ၏ဝိဘများမှာ ဗထူအေးကစားဝင်းရှိ ဝန်ထမ်းအိမ်ရာတွင် နေသည်ဟု သိရပါသည်။ ဦးလီ၏အိမ်ခန်းတွင် ပြန့်ခုတင်ကြီးတစ်လုံးရှိပြီး အိပ်ခန်းပတ်လည် နံရံတွင် နံရံကပ်စာအုပ်ဝင်များလုပ်ထားပြီး စာအုပ်ဝင်များပေါ်တွင် သူကြိုက်သော စာအုပ်များကို စနစ်တကျ ဝယ်ယူစုဆောင်းထားရှိပါသည်။

ကွန်တော်သည် စာရေးရန်၊ ကဗျာရေးရန် တာဝန်ယေသော လူငယ်တစ်ယောက် ဖြစ်ပြီး ကြွရင်ကြွသလို လူစည်စည်ရှိပါက စကား ပေစကားပြောတတ်သူ ဖြစ်သော်လည်း ဦးလီလောက် စာဖတ်ခဲ့ခြင်း၊ စာအုပ်များဝိုင်ဆိုင်ခြင်း မရှိခဲ့ကြောင်း စိတ်ထဲမကြိတ်၍ ဝန်ခံနေဖြစ်ခဲ့ပါသည်။

လီနှင့်ဦး၏အိပ်ခန်းထဲတွင် စကြည့်စားပွဲတစ်လုံးရှိပြီး စကြည့်စားပွဲတွင် အံဆွဲများပါပါသည်။ ဦးလီအိပ်တွင် ကိုလေးပြုနှင့် ကိုဝေချစ်ကိုက ဦးလီ၏ ကက်ဆက်ပြင့် သီချင်းများထောင်ရန် ဟန်ပြင်ကြပါသည်။ ကိုလေးပြုက ဦးလီ၏ စကြည့်စားပွဲမှ အံဆွဲအား ဆွဲထုတ်လိုက်ရာ အံဆွဲနှင့်အပြည့် သီချင်း Tape များကို တွေ့ရပါသည်။ အံဆွဲမှာ ဘယ်၊ ညာ နှစ်ဖက်ရှိရာ အံဆွဲနှစ်ဖက်စလုံး Tape များအား စပ်စုရာ ထိုစဉ်က ခေတ်စားနေသော TRACY CHAPMAN? BONFIRE? BAD ENGILISH? SKID ROW? SAHARA? DIO? JET? WHITE SNAKE? IRON MAIDEN? VAN HALEN? WHITE LION? CINDRELLA? GUN'N' ROSE? JOE STRAIRNI? JON VON JOVI? DIRE STRIAT? AEROSMITH? SCORPION? EAGLE? QUEEN? RAINBOW? DEEP PURPLE BRYAN ADAM ... ကွန်တော် မဟတ်မိနိုင်အောင် များများလွန်းပါသည်။ ဦးလီ၏ ပုံစံပြင့် ဒီသီချင်းတွေနားထောင်လိမ့်မည်ဟု ယူဆစရာ အကြောင်းမရှိပါ။ ဦးလီသည် ဆံပင်တိုတို (Rocker ရုပ် မပေါက်ပါ။ ထိုစဉ်က Rocker များသည် ဆံပင်ရှည်ထားကြသည်။ ယခုလည်း ဆံရှည်ထားသူ ထားကြပါသေးသည်။) ပုဆိုးသာ ဝတ်လေ့များပါသည်။ ဂျော်သမားများ ဝတ်စားဆင်ယင် လေ့ရှိသော Jean ဘောင်းဘီ၊ တီရှပ်ဝတ်တာမျိုး သိပ်မတွေ့ရပါ။ သူသည် ပုံပမ်းသဏ္ဌာန်သမား မဟုတ်၊ အနုစိတ်သရုပ်သမားဖြစ်လိမ့်မည်ဟု ကွန်တော် မြင်စိပါသည်။

ကိုလေးပြုသည် ကက်ဆက်အား တစ်ချောက်ချောက် တစ်ချက်ချက်ဖြင့် ဖွင့်လိုက်၊ နားထောင်လိုက်၊ ပိတ်လိုက်၊ နောက်တစ်ချပ်ဖွင့်လိုက်၊ ဝေချစ်ကိုအား စကားပြောလိုက်ဖြင့် ရှိနေပါသည်။ ကွန်တော်က အိပ်ခန်းနံရံရှိ စာအုပ်ဝင်ဘက်

စက်လှေကလေးဖြင့် မန္တလေးအထက်ရှိ ရွာကလေးများဖြစ်သော နန်းတော်ကွန်း ရွှေလောင်း ရွာသာအေး သုံးဆယ်ပေး စသော ရွာကလေးများသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။

ကွန်တော်သည် ကျွေးသည်ထမင်းစား တိုက်သည့် အရက်သောက်၍ လရောင်အောက်ရှိ နှင်းတောထဲတွင် တစ်ရွာမှတစ်ရွာ ကူးလူးခဲ့ရသည်ကို အမှတ်ရနေမိပါသည်။ ထိုညက ရွာသာအေးရွာ ပြောက်ဘက်ထိပ်ရှိ အိမ်ရှင် ဦးစက်၏ သစ်ကြီးဝါးကြီးဖြင့် ဆောက်ထားသော အိမ်ကြီးရခိုင်ပေါ်တွင် အိပ်ခဲ့ရသည်။

ကွန်တော်သည် မန္တလေးသို့လာရခြင်း ရည်ရွယ်ချက်မှာ လုပ်ငန်းခွင်စာမေးပွဲ ဖြေရန်ဖြစ်သော်လည်း စာမေးပွဲအတွက် စာမကြည့်ဖြစ်ဘဲ စိတ်လေလွင့်သူတစ်ယောက်လိုဖြစ်နေကြောင်း ကိုယ့်ကိုယ်ကို ပြန်မြင်စိပါသည်။ ဟိုသွားဒီသွား ခြေထောက်ကများဖြင့် အိပ်ကပေးလိုက်သော ပိုက်ဆံမှာလည်း ကုန်ခါနီးပြီ ဖြစ်ပါသည်။

ကွန်တော်သည် အိပ်ကပေးလိုက်သော ပိုက်ဆံကို အလုပ်စာမေးပွဲဖြေရန် အတွက် အသုံးပြုသည်ကတော်တော် ဝါသနာပါရာ စာအုပ်ဝယ်ဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း မန္တလေးတက္ကသိုလ်ကျောင်းဝင်း၏ အရှေ့ဘက်ခြမ်းတွင် ဖွင့်လှစ်ထားသော ဗိတ်ဆွေကြီးထမင်းဆိုင်သို့ ထမင်းသွားစားလိုက်ဖြင့် သုံးပြုန်းကျွန်းလျက် ရှိပါသည်။ ကွန်တော်သည် အလုပ်ကိစ္စကို မေ့မေ့လျော့လျော့ဖြင့် သူငယ်ချင်းကဗျာဆရာများနှင့်တွေ့လျှင် လက်ဖက်ရည်ဆိုင်ထိုင်ကာ ကဗျာအကြောင်း တမေ့တမော ပြောပါသည်။

ဒီဇင်ဘာ လဆန်းပထမပတ်ထဲတွင် ကိုဝေချစ်ကို(သော်ဒီဝေ)ရောက်လာသည်။ မှတ်မှတ်ရရ ဒီဇင်ဘာ ၅-ရက်နေ့ဖြစ်သည်။ ကိုလေးပြုနှင့် သော်ဒီဝေ ဘယ်မှာ ဆုံလာသည် မသိ။ သီတာအေးလက်ဖက်ရည်ဆိုင်သို့ ရောက်လာသည်။ ညကျတော့ ကွန်တော်ရော ကိုလေးပြုပါ ရွှေပြည်အေးတွင် မအိပ်ဖြစ်၊ သော်ဒီဝေနှင့်အတူ ကိုလေးပြု၏သူငယ်ချင်း လီနှင့်ဦးအိမ် လိုက်အိပ်ကြသည်။

လီနှင့်ဦးသည် မန္တလေးမြို့ခံဖြစ်သည်။ သူ့အဖေသည် ဗထူအေးကစားကွင်းမှ ဝန်ထမ်းဖြစ်ပြီး သူ့အိမ်မှာ ဗထူကွင်း၏အနောက်ဘက်ရှိ ဆီစက်ဝင်းအတွင်းမှာ ရှိသည်။ မန္တလေးရှိ လမ်းများနှင့်ပြောလျှင် 72 x 73 နှင့် 29 x 30 ကြားလောက်တွင် ရှိမည်ထင်သည်။ ကွန်တော်တို့သည် လီနှင့်ဦးအား ဦးလီဟုပင် အတိုကောက် အဖျားဆွတ်ကာ ခေါ်ကြပါသည်။

ဦးလီသည် ပင်ကိုအားဖြင့် စကားနည်းပြီး သူစိတ်ဝင်စားသော၊ သူ အားသန်သော အကြောင်းအရာကိုသာ ပြောလေ့ရှိသည်။ ဦးလီသည် အထူးသဖြင့် စာဖတ် ဝါသနာပါပြီး ရုပ်ရှင်ကြည့်ခြင်း။ သီချင်းနားထောင်ခြင်းကိုလည်း ဝါသနာ ပါပါသည်။

မရေရာသော ခွဲခွာခြင်းအပေါ် တုန်လှုပ်မိသော်လည်း ခံစားချက်အား ပြင်ပသို့ မထွက်စေဘဲ နှုတ်ဆက်လမ်းခွဲနိုင်ခဲ့ပါသည်။

အိမ်အပြန်ကားစီးရင်း ကျွန်တော် ဘာကြောင့် တုန်လှုပ်နေရတာလဲ။ သူငယ်ချင်းတွေနဲ့ ခွဲခွာရတာ တုန်လှုပ်စရာလား···ဟု ကိုယ့်ကိုယ်ကို မေးမိပါသည်။ တကယ်တမ်းတော့ သူငယ်ချင်းတွေနဲ့ ခွဲခွာရတာကို တုန်လှုပ်တာ မဟုတ်ဘဲ ကိုယ့်ရဲ့ မရေရာတဲ့ အနာဂတ်ရေးရေးကိုသာတွေးပြီး တုန်လှုပ်နေတာလို့ ကောက်ချက်ချမိခဲ့ပါသည်။

■ ■ ■

ကျွန်တော်သည် ရွာသစ်ကြီးအိမ်တွင် လိပ်တွန့်နေအောင် ပျင်းရိလှက် ရှိပါသည်။ သတင်းစာမှ ခေါ်သမျှ အလုပ်မှန်သမျှကို လျှောက်လွှာတင်ပါသည်။ ကျွန်တော်သည် ရန်ကုန်သို့ဆင်းကာ အလုပ်စာမေးပွဲဖြေဆိုရန်သာ တာစူနေပါတော့သည်။

၁၉၉၂-ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြိုလွှာနှင့် အိုးအိမ်ပွဲပြိုရေးဦးစီးအရာရှိ ရာထူးစာမေးပွဲဖြေရန် ရန်ကုန်သို့ ဆင်းခဲ့ပါသည်။ ရန်ကုန်တွင် အလုပ်စာမေးပွဲဖြေရန် ၃၇-လမ်းတွင် ကျောင်တက်ပါသည်။ တစ်ဖက်ကလည်း ရေးထားသော စာမူများအား မိမိအရဲတိမ်ညွှတ်သော မဂ္ဂဇင်းများသို့ ကိုယ်တိုင်သွားရောက်၍ ပေးပို့ပါသည်။ ကျောင်ပြီး၍ နေ့ခင်းနေ့လယ်အားလပ်ချိန်များတွင် ကိုဝေချစ်ကို အလုပ်လုပ်ရာ အမှတ်-၅၅၊ မဟာဗန္ဓုလလမ်းမြေလမ်း ဘားကောင်ဆယ် အဆောက်အအုံရှိ AV Media သို့ သွားရောက်လည်ပတ်ကာ ရောက်တတ်ရာရာ စကားပြောခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း။ AV Media ၏ AV Media ခန်းတွင် အလုပ်လုပ်ပုံများအား ထိုင်ကြည့်ခြင်းဖြင့် အချိန်များအား ကုန်လွန်စေခဲ့ပါသည်။

ဒီကြားထဲတွင် "ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး"မှ ခေါ်ယူသော အလုပ်မှန်သမျှ လျှောက်လွှာတင်ပြီး စာမေးပွဲအသီးသီးအား ဖြေဆိုခဲ့ပါသည်။

တချို့ရက်များတွင် ၃၃-လမ်းသို့သွားကာ အသိ ကဗျာဆရာများ စာရေးဆရာများဖြင့် လေထန်ကုန်းလက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ ရောက်တတ်ရာရာများ စကားပြောကြပါသည်။ တစ်ခါတစ်ရံတော့ လက်ဖက်ရည်ဖိုးမြတ်တတ်ရာ သူငယ်ချင်းမျိုးဆွေသန်း လွှဲလမ်း(ယခု ဆိပ်ကမ်းသာလမ်း) သို့ စာသင်သွားရာက ပြန်ရောက်လာမှ လက်ဖက်ရည်ဖိုးရှင်းရလေ့ရှိသည်ကို အမှတ်ရမိပါသည်။

ကျွန်တော်သည် ဖိုက်ဆာသောအခါ ဟန်မဆောင်နိုင်ဘဲ လက်ဖက်ရည်တစ်ခွက်နှင့် ဘဲသားပုန့်တစ်ခုအား ရဲရဲတင်းတင်းပင် စားလိုက်မိပြီးမှ "သူငယ်ချင်းများ မလာရင်" ဆိုသော သံသယဝင်ခဲ့ရသည့်ရက်များလည်း ရှိခဲ့ပါသည်။

သူငယ်ချင်းသည် တိုစဉ်က ဘာသာရေးဟင်းတစ်ခေတ်တွင် ဒီဝိုင်းအယ်ဒီတာအဖြစ် လုပ်ကိုင်လျက်ရှိပြီး တစ်ဖက်မှလည်း ဆိပ်ကမ်းသာလမ်းရှိ အလွတ်စာသင်ခန်းတွင် အချိန်ပိုင်း စာသင်ပေးသော ကျောင်းဆရာဖြစ်ရာ ကျွန်တော်တို့ထက်စာလျှင် ဝင်ငွေရှိသော လူငယ်တစ်ယောက် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော့်စာပေမိတ်ဆွေများမှာ ကဗျာဆရာ ငြိမ်းသစ်၊ အောင်ဘည့်၊ စောဒေဝါ၊ သန်းဌေးမောင်၊ ခိုင်အေးတို့ဖြစ်ပါသည်။ ယခု ငြိမ်းသစ်သည် ဘီးလင်းနယ်တွင် ပန်ဆိုက်တောင်သူအဖြစ် လည်းကောင်း၊ စောဒေဝါသည် ဟသ်တာနယ်ရှိ သွန္ဒာသို့ပြန်ကာ စပါးစိုက်တောင်သူအဖြစ် လည်းကောင်း၊ ခိုင်အေးသည် နိုင်ငံခြားသတင်းသားအဖြစ်လည်းကောင်း၊ အသီးသီး ပျံကြဲသွားကြပါသည်။ အောင်ဘည့်နှင့် သန်းဌေးမောင်သာ စာပေနှင့်ပတ်သက်သော အလုပ်အသီးသီးအား ဆက်လက်လုပ်ကိုင်လျက် ရှိပါသည်။

ကျွန်တော်သည် အလုပ်စာမေးပွဲများတွင် အောင်သည်လည်း ရှိ၊ ကျသည်လည်း ရှိခဲ့ပါသည်။

တစ်ခေါက်တွင် အလုပ်စာမေးပွဲရေးဖြေအောင်သဖြင့် လူတွေ့အင်တာဗျူးဖြေရမည်ဖြစ်ရာ အဝတ်အစားအတွက် ဒုက္ခရောက်လျက် ရှိပါသည်။ စတစ်ကော်လံရှပ်အင်္ကျီပြန့်နှင့်တိုက်ပုံအဖြူတို့ ဖြစ်ပါသည်။ သို့ဖြင့် မိမိနှင့်ရင်းနှီးသော ပန်းချီဆရာ ကိုဝေချစ်ကိုထံ သွားရောက်အကူအညီတောင်းရာ ကိုဝေချစ်ကိုက-

"ကိုယ့်မှာ တိုက်ပုံတော့ မရှိဘူး၊ စတစ်ကော်လံရှပ်လက်ရှည်တော့ ရှိတယ်၊ ဒါပေမဲ့ စတစ်ကော်လံရှပ်လက်ရှည်ကလည်း Forein shirt ဗျ၊ ရိုးရာပုံစံ အစစ်တော့ မဟုတ်ဘူး"ဟု ဆိုပါသည်။ ကျွန်တော်က "ရတယ်ဗျာ၊ တိုက်ပုံအောက်ကဝတ်မှာပဲ၊ ဘယ်သူမှ ရိုးရာပုံစံဟုတ်၊ မဟုတ် မစစ်ပါဘူး"ဟုဆိုကာ ကိုဝေချစ်ကို၏ စတစ်ကော်လံပါသည့် ရှပ်လက်ရှည်အင်္ကျီအား တုံးခဲ့ပါသည်။

တိုက်ပုံအင်္ကျီကိုတော့ ခြောက်မိုင်ခွဲတွင်နေသော ကျောင်းနေဘက်သူငယ်ချင်း ဝက်လက်ပြီးသား သန်းဇော်ထံမှ ခေတ္တတုံးခဲ့ပါသည်။(ကျွန်တော်သည် ထိုတုံးရပ်ခ၏ သောအဝတ်အစားများအားဝတ်စားဆင်ယင်ကာလူတွေ့အင်တာဗျူးအားဖြေဆိုအောင်မြင်ပြီး ယခုလက်ရှိ ရာထူးတာဝန်ကို ထမ်းဆောင်လျက်ရှိခြင်း ဖြစ်ပါသည်။)

ကျွန်တော်သည် ၄-လတာကာလအတွင်း စာမေးပွဲပေါင်း ၇-ခုခန့်ဖြေဆိုပြီးသောအခါ ရန်ကုန်အား အနည်းငယ် ငြီးငွေ့လာပါသည်။ ရန်ကုန်တွင် နေရသည်မှာ ပိုက်ဆံပြတ်လပ်သည်က တစ်ကြောင်း၊ ဝိဘာဒိပ် မဟုတ်သဖြင့် ကျွဲးကျပ်သလို ခံစားရသည်က တစ်ကြောင်း၊ တစ်စတစ်စ ငြီးငွေ့လာပါသည်။ နေရသည်မှာ အဖေ၏ အရင်းအိမ်ဖြစ်သော်လည်း ကျွန်တော်သည် လူမှုရေးရာတွင် အားမာတတ်သူဖြစ်ရာ

သူတို့ကျွေးသောထမင်းကို အသားလွတ်စားနေရသည်ကိုပင် လိပ်ပြာမလုံသမြှ် တတ်နိုင်သမျှ အိမ်အလုပ်များ ဝိုင်းကူလုပ်ပေးခဲ့ပါသည်။

မနက်အိပ်ရာနိုးသည်နှင့် ညကစားထားသော ထမင်းဝိုင်းမှ ပန်းကန်များဆေးရန် တံုးကင် ရေတိုးပေးခြင်း၊ ပန်းကန်ဆေးခြင်းများအား ဆောင်ရွက်ပါသည်။ ဧည့်ပြန်လာသောအခါ ဧည့်ခြင်းတောင်းအား ရှင်းလင်းခြင်း၊ မီးမွှေး၍ ထမင်းဟင်းချက်ခြင်းတို့အား ကျွမ်းကျင်စွာ ကူညီဆောင်ရွက်ခဲ့ပါသည်။

အဖေမြင့်ဦးလေးတို့ရုံးတွင်စားရန် ထမင်းခြင်းများအား အချိန်မီစေရန် ပြင်ဆင်ပေးခဲ့ပါသည်။

ကျွန်တော်သည် ဝန်ထမ်းမိဘများမှ မွေးဖွားလာသူတစ်ဦးဖြစ်သည့်အားလျော်စွာ ဝန်ထမ်းများ၏ နိစ္စဓူဝကိစ္စများအား နားလည်နိုင်ပါသည်။ သို့ဖြစ်၍ ပြောက်ဒဂုံလိုနေရာမျိုးမှ ပန်းဆိုးတန်းလမ်းရိုးရှည်သို့ သွားရောက်ရသော ဝန်ထမ်းအဖေ၏ လင်မယားအပရိယေသနကို ကိုယ်ချင်းစာစိတ်ဖြင့် အိမ်မှကိစ္စဗာဟီရများကို တတ်နိုင်သမျှ ဖြေရှင်းပေးခဲ့ပါသည်။

တစ်ဖက်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရင်း တစ်ဖက်မှလည်း ရရာအလုပ်ကိုလုပ်ရန် ရည်ရွယ်ခဲ့ပါသည်။ သို့ဖြင့် ပိဿိသွားလာဝင်ထွက်နေသော သန့်စင်နှစ်ဘာစေတိုက်မှ ပိတောက်ဖွင့်သစ် အယ်ဒီတာဆရာဟောင်စိမ်းနီ၏ အကူအညီဖြင့် ရန်ကုန်ပြီတော်ဧည်ပင်သာယာရေး ကော်မတီတွင် အလုပ်လုပ်ရန် ကြိုးစားခဲ့ပါသည်။

တစ်ရက်တွင် ကျွန်တော်နေသော ပြောက်ဒဂုံအိမ်သို့ စာနှစ်စောင် ရောဆင့် နောက်ဆင့် ရောက်လာပါသည်။ ကျွန်တော့်ချစ်သူ ကောင်မလေးထံမှ ဖြစ်ပါသည်။ ကျွန်တော့်ရည်းစားမှာ စာမေးပွဲပြီးကတည်းက မတွေ့ရသဖြင့် တွေချင်ပုံ ရပါသည်။ စာထဲတွင် မိန်းကလေးတို့မာယာဖြင့် တွေချင်သည်ကိစ္စ ရိပ်ဖမ်းသံဖမ်း ပြောထားပါသည်။ အမှန်ပြောရလျှင် ထိုအချိန်တွင် ကျွန်တော်သည်လည်း ရန်ကုန်ကို ပြီးငွေ့စပြုလာပြီဖြစ်ပါသည်။ ပါလာသည့် ပိုက်ဆံကလည်း ကုန်နေပြီဖြစ်သည်။ ကြိုက်နှစ်သက်၍ ဝယ်ယူရဆောင်းထားသော စာအုပ်ကောင်းတချို့မှင် စာအုပ်အဟောင်းတန်းသို့ ရောက်စပြုနေပြီဖြစ်သည်။ သို့ဖြင့် ကျွန်တော်က ကိုဝေချစ်ကိုထံ သွားရောက်လည်ပတ်ရင်း အညာသို့တစ်ခေါက်လောက်ပြန်ဦးမည်ဖြစ်ကြောင်း ပြောပါသည်။ ကိုဝေချစ်ကိုက ပြန်မယ်ဆိုလည်း ကိုလေးဖြူထံ ရောက်အောင်သွားပေးစေလိုကြောင်း၊ ကိုလေးဖြူထံ ရောက်ပါက Iron Cross Band ၏ Recording နှင့်ပတ်သက်၍ ယူသော ဧည့်နှုန်းများ Lynn Studio ၏ ဧည့်နှုန်းများအား ပြောပြရန် အချက်အလက်များပေး

လိုက်ပါသည်။ ထိုစဉ်တုန်းက Iron Cross Band သည် တစ်ရှူတီ ၁၇၀၀၀/- ဖြစ်ပြီး၊ Lynn Studio ကတော့ ၂၅၀၀၀/- ဟု မှတ်မိနေသည်။

ကိုဝေချစ်ကိုသည် ကိုလေးဖြူ၏ရုံးရှေ့အတွက် စိတ်အားထက်သန်လွန်းကြီးရှိသည်။ သူရေးထားသောသီချင်းတချို့အား ကျွန်တော့်ကို ထုတ်ပြပြုးသည်။

မေလ ၂၆-ရက် (၁၉၉၂) နေ့တွင် ရန်ကုန်-မန္တလေးရထားလက်မှတ် ဝယ်သည်။ မေလ ၂၇-ရက်နေ့ ညနေ ၅-နာရီရထားဖြင့် မန္တလေးသို့ သွားသည်။ နံနက် ၀၆း၄၅ နာရီအချိန် မန္တလေးဘူတာကြီးသို့ရောက်ပြီး မန္တလေးဆေးရုံကြီးတွင် သူနာပြုတာဝန်ထမ်းဆောင်နေသော အစ်မဝမ်းကွဲထဲဝင်သည်။ အစ်မဝမ်းကွဲဖြစ်သူသည် သူနာပြုဆရာမတာဝန်ထမ်းဆောင်ရင်း တစ်ဖက်မှလည်း အားလပ်ချိန်များတွင် Special Nurse လိုက်သဖြင့် ငွေကြေးအဆင်ပြေသူဖြစ်သည်။ အခါအားလျော်စွာ ကျွန်တော့်အား မုန့်ဖိုးပေးတတ်သူ ဖြစ်သည်။

ကျွန်တော်သည် အစ်မအား ဝင်တွေ့ပြီး ကျွန်တော့်အား မြင်းမူကားဂိတ်လိုက်ပို့ရန် ပြောပါသည်။ မြင်းမူကားဂိတ်သို့ အစ်မ၏စက်ဘီးဖြင့်သွားရင်း ၈၄-လမ်းရှိ ကိုထွဋ်ထွဋ်အိမ်သို့ ခဏဝင်ကာ ကိုလေးဖြူထံသွားမည့်အကြောင်း မှာစရာရှိက မှာနိုင်ကြောင်း ပြောပါသည်။ ရန်ကုန်တွင် ကိုဝေချစ်ကိုနှင့် တွေ့ဆုံနေထိုင်ကြကြောင်းကိုလည်း အကျဉ်းချုပ်ပြောပါသည်။

ကိုထွဋ်ထွဋ်သည် ယခင် ဟန်သစ်မဂ္ဂဇင်းမှ ဒီဇိုင်းဆရာဖြစ်ပြီး မန္တလေးတွင် အိမ်ထောင်ကျကာ မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။ နောက်ဆုံးနှစ် ကျောင်းသားဘဝတွင် ကိုလေးဖြူနှင့်ပတ်သက်၍ ရင်းနှီးခဲ့ရသော မန္တလေးပြိုခဲ့ မိတ်ဆွေတစ်ဦးဖြစ်သည်။ ကိုထွဋ်ထွဋ်က ဘာမှ ထူးထူးထွေထွေ မပြောပါ။ ကိုလေးဖြူအား စီးရီးတစ်ခုလုပ်ဖြစ်အောင် လုပ်စေလိုသည့်သဘောကိုသာ ပြောပါသည်။ ကျွန်တော်သည် ကိုထွဋ်ထွဋ်အိမ်တွင် ၅-မိနစ်ခန့် စကားပြောပြီးသောအခါ ခရီးဆက်ရန် မန္တလေး-မြင်းမူ မော်တော်ကားဂိတ်သို့ စက်ဘီးစီး၍ ထွက်ခဲ့ပါသည်။

■ ■ ■

မြင်းမူတွင် တစ်ညအိပ်ပြီး ကိုလေးဖြူရှိသော မုံရွာသို့ ထွက်ခဲ့ပါသည်။ ကျွန်တော်သည် မုံရွာသို့ တစ်ယောက်တည်းသွားဘဲ ကျွန်တော့် ကောင်မလေးပါ ခေါ်သွားပါသည်။

မုံရွာတွင် ကိုလေးဖြူအလုပ်လုပ်နေသော ကိုမြင့်သိန်း(ခေါ်) နာမည်ပြောင် "ပေါင်ကြီး"၏ပွဲရုံသို့ သွားပါသည်။ ပေါင်ကြီးမြင့်တွေ့သော်လည်း ကိုလေးဖြူနှင့် မတွေ့ပါ။ ထိုနေ့မနက်ပိုင်းက မုံရွာပြီတော်ခန်းမတွင် မင်္ဂလာပွဲတစ်ပွဲရှိသဖြင့် ကိုလေးဖြူက သီချင်းသွားဆိုနေသည်ဟု သိရပါသည်။ ပေါင်ကြီးက မင်္ဂလာဧည့်ခံပွဲသို့ သူလည်း

သွားမည်။ သူ့ကားနဲ့ပြင် တစ်ခါတည်းလိုက်ခဲ့ဟု ပြောသဖြင့် ကျွန်တော်တို့ နှစ်ယောက်လည်း ကိုလေးမြူရှိရာသို့ လိုက်သွားခဲ့ပါသည်။

မြို့တော်ခန်းမရှိ မင်္ဂလာဆောင်မှာ သစ်တောမန်နေဂျာ ဦးဘချစ်၏သား အငယ်ဆုံး မင်္ဂလာဆောင်ဟု သိရသည်။ ကျွန်တော်သည် သတို့သားဖြင့် မရင်းနှီးသော်လည်း သတို့သား၏အစ်မ မအေးသီတာချစ်နှင့် ရင်းနှီးခင်မင်ခဲ့ဖူးသည်။ ၁၉၈၁-လောက်က မအေးသီတာချစ်၏အဖေ ဦးဘချစ်သည် မော်လိုက်အရှေ့လား၊ မော်လိုက်အနောက်ခြမ်း မန်နေဂျာလား မသိ၊ သစ်တောမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးစဉ် မော်လိုက်အထက်တန်းကျောင်းတွင် ခင်မင်ခဲ့ကြဖူးသည်ဖြစ်ရာ ကျွန်တော်က မအေးသီတာချစ်အား ရှာဖွေနှုတ်ဆက်ရန် စဉ်းစားခဲ့ပါသည်။ သို့သော် သူတို့လည်း မင်္ဂလာပွဲတွင် အလုပ်ရှုပ်နေမည်ဖြစ်ပြီး ကျွန်တော်လည်း လူပုံလယ်ထွက်၍ လူလုံးမပြလိုသဖြင့် တိုးဝိုင်းချောင်မှာပင်ထိုင်ရင်း ကိုလေးမြူတို့ တီးခတ်သီဆိုကြသည်ကို ကြည့်နေမိပါသည်။

ထိုပွဲတွင် ကိုလေးမြူဆိုခဲ့သော သီချင်းများထဲမှ Roger walter ၏ Another brake on the wall သီချင်းကို အမှတ်ထင်ထင် ဖြစ်နေမိပါသည်။ ထိုသီချင်းသည် အရှေ့ကမနိုင် အနောက်ကမပေါင်းစည်းခြင်း အထိမ်းအမှတ်အဖြစ် ရေးဖွဲ့သီဆိုသော အမှတ်တရသမိုင်းဝင်သီချင်းတစ်ပုဒ်ဟု သိမှုးပါသည်။

ကျွန်တော်တို့သည် မင်္ဂလာပွဲပြီးသောအခါ ကိုလေးမြူနေအိမ်သို့ သွားကြပါသည်။ ကိုလေးမြူနှင့် မန္တယ်နေသောအိမ်မှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြွရုပ်အပြီဘက်ခြမ်းရှိ လမ်းပေါ်တွင် ရှိပါသည်။ ကဗျာဆရာ ကျော်အောင်သစ်၏ နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အောက်ထပ်တွင် ကိုလေးမြူတို့လင်မယားနေကြပြီး အပေါ်ထပ်တွင် ကျော်အောင်သစ်နှင့် သူ၏ဝါသနာတူသူငယ်ချင်းများ နေထိုင်ကြပါသည်။

ထိုနေ့သည် ၁၉၉၂-ခုနှစ်၊ မေလ ၃၀-ရက်နေ့ဖြစ်ပြီး နွေလယ်ပိုင်းရာသီဥတုမှာလည်း ဆိုးဆိုးရွားရွား ပူလောင်လွန်း ရှိပါသည်။ နွေလယ်စာ ထမင်းစားပြီး စကားပြောရင်း အိပ်ပျော်သွားပါသည်။ အိပ်ရာမှနိုးသောအခါ စပ်စိပ်ရာ ရောက်တတ်ရာရာစကားပြောကြပါသည်။ ရန်ကုန်မှ ကိုဝေချစ်ကိုပြောလိုက်သော Studio ကိစ္စမှာ ခဏာလောက်ပြောလိုက်သည်နှင့် ပြီးစီးပါသည်။ ကျွန်တော်က ညနေပိုင်းတွင် ပုံရွာမှ မြင်းမူသို့ ပြန်ရန် ကိုလေးမြူအားပြောရာ ကိုလေးမြူက မင်းကလည်း ချက်ချင်းကြီး တစ်ညလောက် အိပ်ပါဦးဟု ပြောပါသည်။ ကျွန်တော်သည် ကျွန်တော်၏ တွေဝေလေးလံသောစရိုက်အတိုင်း မြင်းမူသို့ ပြန်ရမည်လား၊ မပြန်ရဘူးလားဟု စဉ်းစားနေစဉ်မှာပင် နေဝင်သွားပါသည်။

ကိုလေးမြူက "မင်း ခို့တုံ့ချတုံ့ပြန်နေတာ မဟုတ်လား စဉ်းစား မနေနဲ့" ဟု ပြောသဖြင့် ကျွန်တော်လည်း ညအိပ်ရန် စိတ်နလုံးကို တုံ့တုံ့ချလိုက်ပါသည်။

မေလ ၃၀-ရက်နေ့သည် လရောင်ဖြင့် ထိန်ထိန်သာလွန်က် ရှိပါသည်။ ကျွန်တော်တို့သည် အိပ်ရေးပြေကွက်လပ်မှ ထိုင်ခုံပေါ်တွင်ထိုင်ကာ စကားများ ဆက်၍ ပြောကြပါသည်။

ကိုလေးမြူနှင့်ကျွန်တော်သည် ၁၉၉၂-ခုနှစ်၊ ဝန်နဝါရီလဆန်းတွင် ခွဲခွာခဲ့ကြခြင်းဖြစ်ပြီး ကျွန်တော်က ဗေဖော်ဝါရီဆန်းတွင် ရန်ကုန်သို့ ဆင်းခဲ့ခြင်းဖြစ်သည်။ ကိုလေးမြူက ထို ဗေဖော်ဝါရီလမှာပင် မန္တယ်နှင့် မင်္ဂလာဆောင်ခဲ့ခြင်းဖြစ်သည်။

ကိုလေးမြူက သူတို့မင်္ဂလာဆောင်စဉ် ရိုက်ကူးထားသော ဓာတ်ပုံများအား ထုတ်ပြပါသည်။ သူတို့သည် တောင်ကြီး ဗိုလ်ချုပ်လမ်းဘေးရှိ မြစပယ်ခန်းမတွင် မင်္ဂလာဆောင်ခဲ့ကြခြင်း ဖြစ်သည်။ မန္တယ်က မင်္ဂလာဆောင်တတ်ပုံများအား အမျိုးသမီးသဘာဝအရ ထုတ်ပြခြင်းဖြစ်သော်လည်း ကိုလေးမြူကတော့ "မင်္ဂလာဆောင်တာ လူပင်ပန်း စိတ်ပင်ပန်း ငွေပင်ပန်းပါတယ်ကွာ၊ ငါတော့ အားမပေးဘူး" ဟု ပြောပါသည်။

ကျွန်တော်တို့သည် တစ်နေကုန် ပူပြင်းခဲ့သော မေလနေရောင်အား ရောင်ပုန်းကာ ညဉ့်နက်သည်အထိ လေညင်းအေးအေးများကို စောင့်မျော်ခဲ့ကြပါသည်။ အညာနွေရာသီဥတုသည် နေခင်းကပူခဲ့သော နေရောင်၏အရိပ်ပြင့်ပင် ဆက်၍ ပူလောင်နေပါသေးသည်။ ညနက်ပိုင်းတွင် ချွင်းတွင်းဖြစ်ဘက်မှ တိုက်ခတ်လာသော လေပြည်ညင်းကြောင့်သာ အအေးဓာတ်ကို ရရှိပါသည်။ သို့မဟုတ်ပါက ယပ်တောင်ကိုယ်စီ တဖျပ်ဖျပ်ခတ်ကာ အပူဒဏ်ကို အနှံတုံကြရပါသည်။

ညအိပ်ရာဝင်သောအခါ ကိုလေးမြူတို့လင်မယားက ကျွန်တော်တို့နှစ်ယောက် အတွက် အိပ်ရာပြင်ပေးပါသည်။ ကျွန်တော့်စိတ် အစဉ်သည် တုန်ခါနေပါသည်။ ကျွန်တော့်ကောင်မလေးကတော့ နှနယ်သေးသောအရွယ်ဖြစ်သဖြင့် စကားတစ်လုံးမှ ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ ကျွန်တော်တို့ ပြောသမျှစကားကို တိတ်ဆိတ်စွာ နားထောင်နေပါသည်။ ညသန်းခေါင်ကျော်မှ ကျွန်တော်တို့ အိပ်ရာဝင်ကြပါသည်။

၁၉၉၂-ခုနှစ်၊ မေလ ၃၁-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သဖြင့် ကိုလေးမြူသည် ဘယ်မှ သွားစရာမရှိဘဲ အိပ်မှာပင် ရှိနေပါသည်။ အခါတိုင်းတော့ ကိုလေးမြူသည် သူငယ်ချင်းဖြစ်သော ပေါ်ကြီး၏ပွဲရုံတွင် အလုပ်ဆင်းသည်ဖြစ်ရာ မနက်ဆိုလျှင် ပွဲရုံသို့သွားကြောင်း၊ မနက်တစ်ပိုင်းသာ အလုပ်လုပ်ရပြီး နေ့လယ်ပိုင်းဆိုလျှင် အိပ်မှာပင် နေပြီး ဂီတာသင်တန်းပေးကြောင်း ပြောပါသည်။

ကိုလေးမြူသည် လက်ရှိဘဝဖြစ်တည်မှုအခြေအနေအပေါ် မချင့်မရဲ ဖြစ်နေပုံရပါသည်။ ကျွန်တော်ကတော့ ပင်ကိုဗီဇအရ အေးဆေးသူဖြစ်ရာ ထူးထူးထွေထွေ ဘာမှ မပြောဖြစ်ပါ။

နေ့လယ်ခင်းတွင် နေအပူရှိန် တပြည်းပြည်းပြင့်တက်လာရာ ကျွန်တော့် ကောင်မလေးမှာ နှာခေါင်းသွေး ရုတ်တရက်လွှဲတက်ပါသည်။ ကျွန်တော်က ဘာမှ မလုပ်တတ်ဘဲရှိရာ ကိုလေးပြူက ထုံးနှင့်လျော်ဆားအား လက်ဖဝါးအတွင်း ပွတ်နယ်ကာ ကျွန်တော့် ကောင်မလေး၏နှာခေါင်းဝသို့တေ့ကာ ရှူစေပါသည်။

နေ့လယ်စာစားပြီးသောအခါ ကိုလေးပြူနှင့်ကျွန်တော်သည် ကားဂိတ်သို့ ကား လက်မှတ်ဝယ်ရန် ထွက်ခဲ့ပါသည်။ ကိုလေးပြူက လမ်းတွင် "ဘယ်သွားမာလဲ၊ ဘယ်ပြန်မာလဲ" ဟု မေးရာ ကျွန်တော်က "မြင်းမူပြန်မည်၊ ကောင်မလေးကို သူ့ဝိဘ အိမ် ပြန်ပို့ရအုံးမည်" ဟု ပြောရာ . . .။

"မပြစ်နိုင်ဘူးထင်တယ်၊ ဆိတ်ကြီး၊ စဉ်းစဉ်းစားစားလည်း လုပ်အုံး သူများ သားသမီး၊ ညအိပ်ညဉ့်နေခေါ်လာပြီးမှ ဝိဘအိမ် အလွယ်တကူ ပြန်ပို့လို့ရမလား မင်း စဉ်းစားနိုင်ဖို့ပါ"

"လောလောဆယ်တော့ မြင်းမူ ပြန်မယ်ဗျာ၊ နောက်မှ ဝီးစင်ကြည့်ကတာပေါ့" ကျွန်တော်က ကိုလေးပြူအား အလွယ်တကူ အပြောတစ်ခုထုတ်ပေးလိုက်သော်လည်း ကျွန်တော့်ခေါင်းထဲမှာတော့ မေးခွန်းများစွာ တင်ကျန်ရစ်ပါသည်။

ထိုနေ့နေ့လယ်က နေ့လယ်ခင်းအချိန်တဲသည့်အနေဖြင့် မလိုင်လုံးကလေးများ ဝယ်စားကြရင်း ကားဂိတ်သွားရန် စောင့်ဆိုင်းနေခဲ့ပါသည်။ နေ့လယ် နှစ်နာရီခွဲ ခန့်တွင် ၃-နာရီထွက်မည့်ကားကိုစီးရန် အိမ်မှ ထွက်ခဲ့ကြပါသည်။ ကားဂိတ်သို့ ကိုလေးပြူ လိုက်ပို့ပါသည်။

■ ■ ■

၁၉၉၃-ခုနှစ်၊ ဧပြီလတွင် ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်းဒေသသို့ ရောက်ရှိနေခဲ့ပါသည်။ မန္တလေးတက္ကသိုလ်တွင် အတူနေခဲ့သော ကိုဝင်းထွဋ်က ကိုလေးပြူ၏ "ကန္တာရလမင်း" သီချင်းစီးရီးတပ်အား ကျွန်တော့်ဆီ ယူလာပါသည်။

ကျွန်တော်က တေးရေးဆရာများ၏ နာမည်ကို ဖတ်ကြည့်ရာ သော်ဒီဝေး၊ ကေအောဒီး၊ နိုင်းနိုင်း၊ သောမတ်၊ . . . ဟူ၍ ပါရာ သော်ဒီဝေကတော့ သိပြီသား၊ ကေအောဒီက ကျော်အောင်သစ်(အင်္ဂလိပ်လို) နာမည်အတိုကောက်ဖြစ်မည်၊ နိုင်းနိုင်း နှင့် သောမတ်ကတော့ ကျွန်တော်မသိ၊ တပ်ခွေကာဟာဒိုင်းမှာ မျိုးဆွေသန်းဖြစ်သည်၊ ကျွန်တော်တို့သူငယ်ချင်းပင် ဖြစ်သည်။

သီချင်းများမှာ ကော်ပီသီချင်းဖြစ်သည်၊ Van Halen ၏ Enter Sandan တို့၊ EUROPE ၏ Charokee၊ Dream on၊ John Von Jovi ၏ Mirincle တို့ပါသည်၊ သီချင်းအားလုံးကိုတော့ မသိ၊ Pith ခပ်မြင့်မြင့်ဖြင့် သီဆိုထားသည်၊ ကိုလေးပြူ၏ ပင်ကိုယ်မြင့် သီဆိုထားခြင်းဖြစ်ပြီး ထိုစဉ်က ခေတ်စားနေသော Crack

Tone မျိုးတော့ မဟုတ်၊ တချို့ Crack Tone ကို အထင်ကြီးတိမ်းညွတ်နေသော ကျွန်တော့်ပတ်ဝန်းကျင်မှ လူငယ်တချို့က သူတို့များတွင် နားဝင်စိမ်းလျှက်ရှိပုံရသည့် စကားမျိုးပြောကြသည်၊ နောက်တော့ မကြာပါ ကိုလေးပြူ၏ကန္တာရလမင်းသည် နေရာအနံ့အပြားတွင် ထွန်းလင်းတောက်ပခဲ့ပါသည်။

နောက်တစ်နှစ်လောက်ကြာတော့ ပယ်လယ်အော်သံ အယ်လ်ဘမ်ထပ်မံ ထုတ်ဝေဖြန့်ချိခဲ့သည်၊ Scorpion ၏ Please Me Tease Me တို့ ကိုထွင်ထွင်ရေးသော Heavy Rock တို့ နားထောင်ရသည်၊ House of Lord ၏ Can't find My way Home တို့ကို copy လုပ်၍ တင်ဆက်ထားသည်ကို နားထောင်ရသည်၊ နိုင်းနိုင်း၏ စုန်းမကိုလည်း ပီပီသသ တောက်တောက်ပပနားထောင်ရသည်၊ ကော်ပီသီချင်းဖြစ်သော်လည်း စာသားတွေက အကြောင်းအရာအသစ်ဟု ကျွန်တော် ထင်သည်။

၁၉၉၄-ခုနှစ်၊ မေလတွင် ကျွန်တော် ရန်ကုန်သို့ ခေတ္တခဏ ပြန်ရောက်ခဲ့ သည်၊ ကိုလေးပြူသည် ရန်ကုန်တွင် အခြေချနေထိုင်လျက် ရှိသည်၊ သူနေထိုင် သော ဖဆပလရှိ တိုက်-၂၃၊ အခန်း-၈ သို့ ကျွန်တော်ရောက်သွားသည်၊ ထိုအခန်း တွင် မန္တလေးရှိ အတူတူနေခဲ့သော ဦးလှိ(ခေါ်)လိန်ဦးကို ပြန်တွေ့ရသည်၊ အဲဒါကို တွေ့ရသည်၊ ထိုစဉ်က အဲသည် သီချင်းအယ်လ်ဘမ်လုပ်ရန် အစမျိုးနေပုံ ရသည်၊ ကျွန်တော်မမေးဖြစ်၊ နောက်တော့ ကန်တော်ကလေး အေးသိန်းတင်လမ်းတွင် စုပေါင်း နေထိုင်သော သူငယ်ချင်းများ၏အခန်းသို့ ကျွန်တော်တို့ သွားရောက်လည်ပတ်ခဲ့သည်။

ထိုအခန်းတွင် ကိုမျိုးဆွေသန်း၊ ကိုအရိုင်း(လူရွှင်တော်)၊ ကိုအောင်ကျော်ဆန်း (အိရိုက်တာ)၊ ကေအောဒီ(ကျော်အောင်သစ်)တို့ ပင်တိုင်နေကြသည်။

မျိုးဆွေသန်းသည်လည်း လေးပြူ၏ ကန္တာရလမင်းသီချင်းစီးရီး Cover ဒီဗိုင်း ဖြင့် ဒီဗိုင်းဆရာအဖြစ်သို့ ရောက်သွားသည်၊ ကေအောဒီလည်း တေးရေးဆရာ ဖြစ်သွားသည်၊ ကျွန်တော်တို့သူငယ်ချင်း ဇော်နိုင်(ခေါ်) ဝိတ်ကြီး (ခေါ်) နိုင်းနိုင် သည်လည်း တေးရေးဆရာ ဖြစ်သွားသည်၊ ဝေချစ်ကိုခေါ် သော်ဒီဝေလည်း ကော်ပီ တွေနှင့် ပန်းချီပုံသီချင်းဘက်သို့ ကူးပြောင်းခဲ့ပါသည်။

ကိုလေးပြူ၏ ကန္တာရလမင်းစီးရီးနှင့်အတူ တေးဆိုသူ ကိုလေးပြူအပါအဝင် ဒီဗိုင်းဆရာ၊ တေးရေးဆရာများပါ မြင့်မားသော အခြေအနေတစ်ရပ်သို့ ရောက်ရှိခဲ့သည် ဟု ကျွန်တော် ထင်မိသည်။

ထိုအခြေအနေကိုမြင်ရသော ကျွန်တော်က ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်မိပါသည်၊ သူငယ်ချင်းတွေကတော့ အုပ်စုလိုက် အောင်မြင်သွားကြပြီး ငါ တစ်ယောက်တည်း ချောင်ကပ်ပြီး ကျွန်ခဲ့တာဆိုသည့်စိတ်ဖြင့် တန်ဖုံး ဖြစ်နေမိပါသည်။

ငါလည်း သီချင်းရေးဆရာလောက်တော့ ဖြစ်အောင်ကြိုးစားမယ်ဟု စိတ်မှာကန့်ဝါးကာ ကိုလေးမြူအား သီချင်းစပ်သပ်ရေးလိုကြောင်း ပြောပြပါသည်။

ကိုလေးမြူက (ယခု ဝိုင်ဝိုင်းသီဆိုလျက်ရှိသော Joe Strairni ၏ Phone Call နှင့် Bad English ၏ Stranger than fiction) နှစ်ပုဒ်ကို Copy ရေးရန် Tape ပေးလိုက်ပါသည်။ ကျွန်တော်က Head Phone ဖြင့် နားထောင်ရသော Aiwa တံဆိပ် Walkman ကက်ဆက် Player တစ်လုံးဝယ်ကာ သီချင်းနှစ်ပုဒ်အား ကြိုးစားပမ်းစားကော်ပီရေးကာ ကိုလေးမြူထံ စာတိုက်မှတစ်ဆင့် ပေးပို့ခဲ့သော်လည်း တိုက်ပိုသီချင်း ၂-ပုဒ်အား ကိုလေးမြူ မသီဆိုခဲ့ပါ။

နောက်တော့ လုပ်ငန်းတာဝန်အရ ကျွန်တော်လည်း လူသူမနီးသော တောကြီးမျက်မည်းထဲသို့ လပေါင်းများစွာ ရောက်သွားလိုက် တစ်နှစ်တစ်ခါလောက် ပြိုပျော်ပြန်ရောက်လိုက်ဖြင့် နှစ်ကာလများ ကုန်ဆုံးသွားပါသည်။

တောတောင်များအတွင်း တာဝန်ထမ်းဆောင်ချိန်များတွင် တစ်ခါတစ်ရံ ကျွန်တော်သည် ကျောင်းနေစဉ်က သူငယ်ချင်းများအား အလွန်ပင် သတိရနေတတ်ပါသည်။ သို့ဖြင့် ကျွန်တော်သည် ဂီတ၏ တစ္ဆေတစ်ကောင်အမည်ရှိသော စကားပြေတစ်ပုဒ်အား အထီးကျန်ဆန်သော တောင်ကုန်းထိပ်တစ်နေရာတွင် ရေးသားခဲ့ရာ ကိုလေးမြူနှင့်ပတ်သက်သော စာပေအမှတ်အသားတစ်ခုအဖြစ် ပြန်လည်ဖော်ပြလိုက်ပါသည်။

■ ■ ■

ဂီတ၏ တစ္ဆေတစ်ကောင်

(၇)ရက်ဆက်တိုက် မိုးရွာခဲ့ပြီး နေရောင်ကြိုးကြား ပြပြင်လာရသည့် နေ့တစ်နေ့ဖြစ်သည်။ သည်နေ့ တောင်ကုန်းပေါ်ကို သူပြန်တက်လာသည့် အချိန်သည် အရင်နေ့တွေထက် နှည်းနှည်းစောနေသေးသည်။

အစက ကဗျာစာအုပ်တစ်အုပ်ကိုဖတ်မည်ဟု ရည်ရွယ်ခဲ့သော်လည်း အမှန်တကယ်ဖတ်ဖြစ်သည်မှာ အက်ဆေးအမျိုးအစားစကားပြေတစ်အုပ်ဖြစ်သည်။ ဒီနေ့ည နေတော့ ကျွန်တော်တို့ တောင်ကုန်းကလေးပေါ်မှာ ရာသီဥတုဟာ ပူပန်ကြောင့်ကြမှုမဲ့စွာ သာယာကောင်းရဲ့လို့ စိတ်ထဲမှာ ဖြစ်နေမိသည်။

အနောက်ဘက် တောင်ကုန်းထိပ်ရှိ တိမ်များကြားမှ နေရောင်ကို လှမ်းကြည့်ရင်း သူသည် "ဂီတကိုခံစားခြင်း" ဆိုသည့် ခေါင်းစဉ်ရှိသော အက်ဆေးတစ်ပုဒ်ကို ဖတ်ရှုပြီးစီးခဲ့သည်။

နေဝင်တော့မည်။ တောင်ခါးပန်းမှာ မြူတွေ ရစ်ဝိုင်းနေသည်။ တောင်ခြေတွင် မီးခိုးငွေ့တို့ တလူလူတက်နေသည်။ ဆောင်းဦးရာသီ။

ဆောင်းဦးရာသီ၏ အရောင်အဆင်းအနုံတွေရယ် မိုးရွာခဲ့သည့် ဥတုပျက်ကာလသည် သူ့စိတ်ကို လေးလေးလံလံ ဖိစီးခဲ့ပြန်သည်။ အနွေးထည်ကို ဝတ်ထားရသည်။ တောင်ကြားကို ပြတ်စီးလာသည့် အေးဆိမ့်နေသော စမ်းရေမှာ ရေမချိုနိုင်း နေရောင်ကို မမြင်ရ၊ မိုးဘိမ်း၏ ညှိုမည်းမည်းအရောင်သည် ကူးစက် နှုန်း မြန်သည့် ဗိုင်းရပ်စ်ကဲ့သို့ စိတ်ကို ကူးစက်ခဲ့သည်။ အိပ်မယုတ်သော တဲကလေးထဲမှာ တစ်နေကုန်ထိုင်ရင်း လေးလေးလံလံ စစ်တုရင်ကစားနေဖြစ်ခဲ့သည်။

သူက မနက်လင်းလာရင် တောင်ပေါ်က တောင်အောက်ကိုဆင်း လုပ်စရာရှိတာလုပ်၊ အလုပ်တွေက တစ်နာရီအတွင်းမှာပြီး ပြီးတော့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများနဲ့ မနက်အစောစာ စား စကားပြောကြ၊ သို့ဖြင့် နေ့စဉ်ရက်ဆက် ပြောခဲ့သော စကားလုံးများတွင် အကြောင်းအရာ ထပ်ခဲ့သည်များလည်း ရှိခဲ့ပြီ။

တစ်နေကုန်အောင် အချိန်ကို ထိုင်စောင့်ရခြင်းသည်လည်း ကြီးသောဒုက္ခတစ်ခုပင်၊ အမှန်ကို ပြောရလျှင် ဆောင်းရာသီ၏ ဥတုပျက်သောနေ့များကို မြတ်သန်းခဲ့ရပုံများသည် အခုလို တောင်ကုန်းတစ်ခုထိပ်တွင် အထီးကျန်စွာ နေရသောအချိန်၌ ပြန်လည်တွေးကြည့်ရန် မသင့်လျော်ပေ။ သို့သော် အတိတ်ဆိုသည်မှာ ရှိခဲ့ပြီး ဖြစ်ခဲ့ပြီး ဖြစ်သည်။ သေချာသည်၊ အရိုးစုများ အဖြစ်တရားတို့သည် သေသေချာချာ ဖြစ်ခဲ့သည်။

၁၉၈၇-ခုနှစ် ဆောင်းရာသီ၏ နေ့တစ်နေ့၊ ထိုနေ့သည်လည်း ဥတုပျက်ပြီးစ နေ့တစ်နေ့ဖြစ်သည်။ တစ်ဖက်ခန်းမှ ဂီတာသံသည် ဝိညာဉ်တစ်ခု ပူးကပ်လျက် ပေါ်ထွက်နေသည်။ ရော့ခ်ဧကေးလ်တစ်ခုကို တီးခတ်လိုက်ချိန်တွင် သူသည် တစ္ဆေမခြောက်ခဲ့ရပုံးသူတစ်ယောက် တစ္ဆေကို စိတ်ဝင်စားသလို အသံလာရာအခန်းဆီသို့ အရဲစွန့်၍ ချဉ်းကပ်လာခဲ့သည်။ ဂီတာတစ္ဆေသည် ဂျက်ဖြေရွတ်ပင် သူနှင့်မိတ်ဆွေဖြစ်သွားခဲ့သည်။

သူက "ကျွန်တော်တို့ကတော့ တော်တော် ဝေးဝေးမှာပဲ ကျန်ခဲ့ပြီ" လို့ ပြောပြီတော့ ဂီတာတစ္ဆေက "အခုပဲ အနီးဆုံးကို ကပ်လာပြီ မဟုတ်လား" "တကယ်တမ်းတော့ အားလုံးဟာ တစ်ဆက်တည်းပါ၊ ကြိုတစ်ချောင်းပေါ်မှာပဲ ရှိပါတယ်၊ အားလုံးဟာ ကြိုတစ်ချောင်းပေါ်မှာပဲ ဖွဲ့စည်းခဲ့တာပါ" ဟု ဆိုခဲ့သည်။

နောက်တော့ ကျွန်တော်တို့အားလုံးသည် ဂီတာတစ္ဆေပြောသည့်အတိုင်းပင် ကြိုတစ်ချောင်းပေါ်တွင် ဖွဲ့စည်း ပေါက်ဝင်နေခဲ့ပါသည်။

အဆောင်သည် တိတ်ဆိတ်လျက် ရှိသည်။ ခြေသံရှုပ်ရှုပ်တစ်အုပ်သည် ကော်ရစ်ဒါကွေ့မှ ဆိုက်ဝင်လာသည်။ နာရီကြည့်လိုက်တော့ ည ၁၂-နာရီ ကျော်ပြီ။ ဂစ်တာတစ္ဆေနှင့် အပေါင်းအသင်းများ။ မန္တလေးတက္ကသိုလ်၏ ည။

သူ၏အော်သံက တိတ်ဆိတ်မှောင်မည်းငြိမ်သက်နေသော ညထဲတွင် တောင်တန်းများ အထပ်ထပ်ပဲ့တင် မြည်ဟည်းသွားတော့သည်။

ဇွန်လ၊ ၁၉၉၈။

■ ■ ■

၁၉၉၄-ခုနှစ်၊ သြဂုတ်လတွင် ကျွန်တော် ရန်ကုန်သို့ရောက်လျက်ရှိသည်။ ကိုလေးပြု၏ One Man Show အစီအစဉ်ဖြင့် တိုက်ဆိုင်လျက်ရှိပါသည်။ သူတို့၏ One Man Show အား "ကမ္ဘာရေပင်လယ် လမင်းအော်သံ"ဟု အမည်ပေးထားပြီး အမျိုးသားကတော်ရုံတွင် ဖျော်ဖြေကြမည်ဖြစ်ပါသည်။ ထိုအချိန်က ကိုလေးပြုသည် သီချင်းအယ်လ်ဘမ် ၂-ချပ်ထက် ထုတ်ဝေရေးသားခဲ့ပြီးရာ၊ ထိုအယ်လ်ဘမ်နှစ်ချပ်မှသီချင်းများအား ဖျော်ဖြေမည် ဖြစ်ပါသည်။

ကိုလေးပြု၏တစ်ကိုယ်တော်တင်ဆက်ပွဲ (One Man Show)ဟု ဆိုသော်လည်း လက်မှတ်ကအစ Iron Cross တီးဝိုင်းအဖွဲ့သားများ၏ ဓာတ်ပုံနှင့်အတူ ရိုက်နှိပ်ကာ ဖန်တီးခဲ့ကြပါသည်။ ဂီတပွဲတွင် ပရိသတ်ကြားမှကြည့်နိုင်ရန် လက်မှတ်စင်ပေါ်မှ ကြည့်နိုင်ရန်လက်မှတ်၊ ၂-မျိုးစလုံး ကျွန်တော် ရရှိခဲ့ပါသည်။ ပရိသတ်အားပေးမှုကို အလွယ်တကူ မြင်နိုင်ရန်နှင့် ကိုလေးပြုနှင့်ဝိုင်းတော်သားများ တီးခတ်သီဆိုမှုအား အနီးကပ်ကြည့်ရှုနိုင်ရန် စင်ပေါ်မှပင် ကြည့်ရှုခဲ့ပါသည်။

မန္တလေးတက္ကသိုလ်တွင် ကျောင်းတက်စဉ်က မန္တလေးတောင်ခြေတွင် ကျင်းပသော လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ် Stage Show များအား ကြည့်ရှုရပြီးသည့်နောက်တွင် စတိတ်ရှိမကြည့်ဖြစ်တော့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ရာ ယခု ကိုလေးပြု၏ ကမ္ဘာရေပင်လယ်လမင်းအော်သံသည် ကျွန်တော့်အတွက် Stage Show နှင့် ပြန်လည်ထိတွေ့မိခြင်း ဖြစ်ပါသည်။

ပုံပမာဏအားဖြင့် ပရိသတ်သည် စိတ်ဓာတ်အမျိုးမျိုးဖြင့် အားပေးခဲ့ကြပါသည်။ ဓနှစ်တကျ တည်ဆောက်ထားသော အမျိုးသားဇာတ်ရုံအတွင်းတွင် ကိုလေးပြု၏ပရိသတ်ဖြင့် ပြည့်နှက်နေခဲ့သည်။ ပရိသတ်အများစုမှာ ကိုလေးပြုနှင့် Iron Cross Music Band ၏ အနုပညာတင်ဆက်မှုအား ပြုစင်သန့်ရှင်းစွာ အားပေးရန်လာရောက်ခဲ့ကြသလို အချို့အနည်းစုသော ပရိသတ်မှာ မလိုလားအပ်သော ရန်လိုသည့်စိတ်များအား ဖော်ပြခဲ့ကြသည်ကို တွေ့ရပါသည်။

မည်သို့ဆိုစေ ကိုလေးပြု၏ ဖျော်ဖြေတင်ဆက်မှုသည် လွန်စွာပင် အားရကျေနပ်ဖွယ် ဖြစ်ခဲ့ပါသည်။ ပရိသတ်အများစုမှာ ကိုလေးပြု၏ သီချင်းအများစုကို ကိုလေးပြုနှင့်အတူ လိုက်ပါ၍ သံပြိုင်သီဆိုနိုင်ခဲ့ကြသည်။ "အလင်းရောင်"သီချင်းကို သီဆိုဖျိန်မှာတော့ ကဇာတ်ရုံရှိ မီးများအား ပိတ်ပစ်ခဲ့ပြီး သီဆိုဖျော်ဖြေခဲ့ရာ

သင်တို့က တိုက်ဆိုင်၍ မှတ်မိနေမည်ဆိုလျှင် ၁၉၉၁-ခုနှစ်၏ နောက်ဆုံးရက်သတ္တတစ်ပတ်သည် မန္တလေးမြို့၌ ဥတုပျက်ခဲ့သည်။ ဆောင်းဂေယ်ရာသီမှာ မှုန်တိုင်းမိုးရွာခဲ့သည်။ ဂီတာတစ္ဆေနှင့် ကမ္ဘာတစ်ပုဒ်သည် အရက်ပြုကလေးတစ်ခွက်စီဖြင့် နှစ်သစ်ကူးညကို ဂုဏ်ပြုနှုတ်ဆက်ရင်း ဆုမွန်ကောင်းတွေ တောင်းကြသည်။ သူတို့၏နှစ်သစ်ဦးကို ခွဲခွာခြင်းများနှင့် စတင်မှာ ဖြစ်သည်။

စာမေးပွဲက ဒီဂေယ်ရာသီမှာကတည်းက ပြီးသွားတာ ဖြစ်ပေမယ့် သူတို့က နောက်တစ်ကြိမ်ကျောင်းအဖွင့်မှာ အိမ်ကို အကြောင်းအမျိုးမျိုးပြီး ကျောင်းဝင်းအတွင်းမှာ ပူးကပ်နေကြဆဲဖြစ်သည်။ ယာယီဘွဲ့လက်မှတ်၊ အမှတ်စာရင်းစသည့် ကျောင်းနှင့်ပတ်သက်သည့် နောက်ဆက်တွဲလုပ်ငန်းများကို အကြောင်းပြုလျက်။

ဂီတာတစ္ဆေကတော့ ခိုင်မာသည်။ အစီးရဝန်ထမ်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းလိမ့်မည်မဟုတ်။ ဂီတာတီးမည်။ သီချင်းဆိုမည်။ အိပ်ပြီးသည်။ သူကတော့ ဘွဲ့လက်မှတ်ကို မိတ္တူများများကူးရင်း ကမ္ဘာတစ်စကိုသာ တီးတိုးရွတ်ဆိုနေခဲ့မိသည်။

မှုန်ဝါးအုံ့ဆိုင်းနေသော ဆောင်းမြှုန်းတွေကြားမှာ လမ်းခွဲကြသည်။ နှစ်သစ်ကူးညခေါင်းလောင်းထိုးသံများသည် အေးစက်မာကျောနေသော မန္တလေးညကို ကွဲအက်သွားစေခဲ့သည်။

■ ■ ■

ဂီတာတစ္ဆေ၏ သီချင်းသံများသည် တောင်ကုန်းထက် နှင်းမြူများကြားသို့ ပျံ့လွင့်မျောပါလာသည်။ လရောင်သည် နှင်းမြူကို ထိုးဖောက်၍ တောင်ကုန်းထက်တွင် ငြိမ်းအေးတိတ်ဆိတ်စွာ ဝပ်တွားလျက်။ တောင်ကုန်းအောက်ခြေရှိ နယ်ခြားမြို့တစ်လျှောက်မှာလည်း မြို့ပိုင်းများနှင့် ဝေးခဲ့နေသည်။ သူက ဒီလိုအချိန်တွင် အလွမ်းကမ္ဘာတစ်ပုဒ်လောက်ကိုလည်း ဖတ်ချင်စိတ် ဖြစ်မိပြန်သည်။

သူသည် စားပွဲပေါ်မှ ကမ္ဘာစာအုပ်ကို လှမ်းယူလိုက်သည်။ စားပွဲပေါ် တင်ထားသော ဖန်ခွက်သည် သူ၏လက်ဖြင့် ခလုတ်တိုက်၍ မှောက်ကျကွဲအက်သွားသည်။ တောင်ကုန်းသည် ရုတ်တရက် အမှောင်ကျလာ၏။ လမ်းမှောက်နာနှင့် အနီးတစ်ဝိုက်သည် တိမ်ညိုများ တိုးဝေ့ဖုံးလွှမ်းသွား၏။

သူက မျက်လုံးကို ကောင်းကင်မှအကြည့်လွှဲလိုက်၏။ ယာဘက်လက်သည် စားပွဲပေါ်တွင် ကျွန်ရှိနေသော ပုလင်းလွတ်ကို ကောက်ယူလိုက်မိသည်။ ပုလင်းထဲတွင် ဘာမျှမရှိတော့။ ဘာမျှမရှိတော့သော ပုလင်းကို စိုက်ကြည့်ရင်း . . . ။

"ဘဝဆိုတာ ဘာမှမရှိတော့တဲ့ ပုလင်းတစ်လုံးလို အဓိပ္ပာယ်မဲ့သလား" ဟု သူက အမှောင်ထုဆီသို့ ခြောက်ကပ်ပြာအက်သော အသံဖြင့် အော်ဟစ်မေးမြန်းလိုက်သည်။

ပရိသတ်များမှာ မီတိုင်ငယ်များ ထွန်ညှိအားပေးခဲ့ကြပါသည်။ သံပြိုင်ပိုဒ်တွင် ပရိသတ်အားလုံး၏ "အလင်းရောင်"ဟု လိုက်ပါသီဆိုသံများက ကျွန်တော့်နှလုံးသားထဲအထိ အလင်းဓာတ်များ စီးဆင်းသွားသလို ခံစားရပါသည်။

ထိုညက Iron Cross Music Band မှ ခွဲစိမ်းမောင်၏ ဂီတာလက်စွမ်းပြ တီးခတ်မှု၊ ခရမ်း၏ Drum၊ ဗညားနိုင်၏ Key board နှင့် ခင်မောင်သန်း၏ Bass Guitar Solo တီးခတ်မှုများကို ကျွန်တော့်အမြင်အရုံတွင် စွဲထင်မှတ်မိနေခဲ့ပါသည်။

Iron Cross တေးဂီတသည် ကိုလေးမြူး၏သီချင်းများကို အကောင်းဆုံး တီးခတ်နိုင်သော မြန်မာနိုင်ငံမှ တစ်ခုတည်းသော တေးဂီတဖြစ်သည်ဟု ကျွန်တော် မြင်မိသည်။ ကိုလေးမြူးသီဆိုမည့် သီချင်းများကို တီးခတ်ရန် Iron Cross တေးဂီတရိုးမြစ်မည် ဖြစ်သကဲ့သို့ Iron Cross တေးဂီတအနေဖြင့်လည်း ကိုလေးမြူး၏သီချင်းများကို တီးခတ်ခြင်းဖြင့် သူတို့၏ဂီတသမားဘဝကို ပိုမိုၭ ဂုဏ်ကျက်သရေ ထွန်းတောက်လိမ့်မည်ဟု ကျွန်တော်က ထင်မြင်ခဲ့မိပါသည်။

ထိုညက အစီအစဉ်၏ နောက်ဆုံးသီဆိုသောသီချင်းမှာ "အတောင်ပံများနှင့်" ဖြစ်ပါသည်။ ကိုလေးမြူးက သီချင်းခေါင်းစဉ်အား ထုတ်ဖော်ကြေညာခြင်း မရှိဘဲ သူ၏လက်နှစ်ဖက်အား ဘေးသို့ဆန့်တန်းကာ ငှက်တစ်ကောင်၏အတောင်ပံခတ်ဟန် သရုပ်ဆောင်ပြရာ ပရိသတ်က "အတောင်ပံများနှင့်"ဟု သံပြိုင်အော်ဟစ် အားပေးကြပါသည်။ ကိုလေးမြူးသည် မည်သည့်သီချင်းကိုမှ လျှော့ချသီဆိုခြင်း မပြုခဲ့ဟု ကျွန်တော် မြင်မိသည်။

ကိုလေးမြူးက သူသီဆိုနေသော Microphone ကို ပရိသတ်ဘက် ဦးတည်ပေးသောအခါ ပရိသတ်က သူ့သီချင်းများကို ညီညာပြေပြစ်စွာ လိုက်ပါသီဆိုကြသည်။ ကိုလေးမြူး၏အနာဂတ်အတွက် ပရိသတ်၏အားပေးမှုကို ကြည့်ရုံဖြင့် စိတ်ချလက်ချ ဖြစ်မိသည်။ လူသဘောသဘာဝအရ တစ်စုံတစ်ရာအပေါ် ကြိုက်နှစ်သက်မှုသည် ကွဲပြားကြမည်မှာ မဆန်းပြားပါ။ သို့သော် ယခု အားပေးနေသော ပရိသတ်မှာ ကောက်ရိုးမီးပရိသတ် မဟုတ်ပါ။ အနုပညာသမားအတွက် ပရိသတ်သည် အလွန်မင် အရေးကြီးပါသည်။ အထူးသဖြင့် ဂီတအနုပညာ အစစ်အမှန်အပေါ် အားပေးဖို့ လိုပါသည်။ ယခု အားပေးနေသောပရိသတ်မှာ ကိုလေးမြူး၏ပရိသတ်အစစ်ဖြစ်ပြီး ကိုလေးမြူး၏ ဂီတအနုပညာ အထူးသဖြင့် သီချင်းဆိုခြင်းအနုပညာအပေါ် တပ်မက်ခံမင်စွာ လာရောက်အားပေးကြသူများ ဖြစ်သည်။

သီချင်းပြီးဆုံးသောအခါ ကိုလေးမြူး၏ ကမ္ဘာရပ်လယ်လမင်းအော်သံ တစ်ကိုယ်တော်ဖော်မြေတင်ဆက်မှုအစီအစဉ် အောင်မြင်စွာ ပြီးဆုံးသွားပါသည်။

ဂီတဖျော်ဖြေပွဲမှ အပြန်လမ်းတစ်လျှောက်တွင် ကိုလေးမြူး၏အောင်မြင်မှု၊ Iron Cross တေးဂီတ၏အောင်မြင်မှုနှင့် တေးရေးဆရာတို့၏အောင်မြင်မှုအား စိတ်ချ ယုံကြည်စွာ ဂုဏ်ယူခဲ့မိပါသည်။ ဂီတဖျော်ဖြေပွဲ ပြီးသွားသော်လည်း ပရိသတ်၏ လေးမြူး . . . လေးမြူး . . . လေးမြူး . . . ဟု သံပြိုင်အော်ဟစ်အားပေးသော အသံများကို ယခုအချိန်အထိ ပဲ့တင်ကြားယောင်နေမိရခြင်းအပေါ် ကိုလေးမြူးနှင့် အတူ ဖြတ်သန်းရင်းနှီးခင်မင်ခဲ့ရသော သက္ကရာဇ်များအား မြန်မြောင်းသတိတရ ဖြစ်ရင်း ဂုဏ်ယူဝမ်းမြောက်နေမိပါသေးတော့သည်။

ပေါ်ဦးသစ်

26. 4. 2005. TUE (19:30)

မဉ္ဇူးမပင်အိမ်ရာ၊ ရန်ကုန်။